www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

## သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်




အချစ်

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | – | ပထမအကြိမ် ၂၀၁၆၊ နိုဝင်ဘာလ။ |
| ထုတ်ဝေသူ | – | ဦးအေးလွင် (၀၀၄၀၅) ရွှေပဒေသာစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | – | ဦးအေးလွင် (၀၀၂၄၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | – | ၁၆၀၀ ကျပ် |
| အုပ်ရေ | – | ၅၀၀ အုပ် |

၈၉၅ . ၈၃

မိုးစက်ပွင့်

သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်/ မိုးစက်ပွင့် – ရန်ကုန်၊

ရွှေပဒေသာစာပေ ၊ ၂၀၁၆ ။

၂၈၈ – စာ ၊ ၁၂ . ၃ × ၁၈ စင်တီ။

သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်

# မိုးစက်ပွင့်

# သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"တုံ . . . တုံ"

". . ."

"တုံ . . . တုံ"

ဖုန်းထဲက မြည်သံနှစ်မျိုးက အဆက်မပြတ်ပေ၊ Viber ကနေ စာပို့နေတာ ဟိုဘက်က စာဝင်လာသံက တုံ . . . တုံ၊ ဒီဘက်က ပြန်ပို့တော့ ကွိခနဲ့ ကွိခနဲနှင့် ဖုန်းထဲက ထွက်လာတဲ့အသံက မနားမနေပါ။

"တုံ . . . တုံ"

". . ."

"ကွိ"



www.burmeseclassic.com

www.burmeseclassic.com



"တုံ … တုံ"

သူမနာမည်အပြည့်အစုံက ယိမ်းနွဲ့ဟန်ပါ။ ဒီအိမ်မှာ သူမကို ခဲ အလိုလိုက်ထားကြသဖြင့် ဆိုးခွင့် နွဲ့ခွင့်အရှိဆုံးလူ။ သူမနားထဲမှာ ခြေသံကြားပြီး ကိုယ့်ဆီကို လာနေတဲ့ လူရိပ်ကို မြင်ပေမယ့် ဂရုမစိုက်သလို စာဖို့မပျက် အထိုင်မပျက်ပေ။ ပြောစရာရှိရင် ပြောလိမ့်မယ်ဆိုတဲ့ သဘောပဲပေါ့။

"ယိမ်း"

"…"

"ယိမ်းလေး"

နောက်ထပ်ခေါ်တော့မှ လှည့်မကြည့်ဘဲ မေးဆတ်၍ ထူးဟန်ပြုလေသည်။

"ထမင်းစားဖို့ ခေါ်ခိုင်းလို့ ကလေး။ ကလေးကို လူကြီးတွေ စောင့်နေကြတယ်လေ"

"ယိမ်း ဗိုက်မဆာသေးဘူး ဒေါ်ဦး။ လူကြီးတွေ စားပါစေ။ ယိမ်းကို စောင့်မနေနဲ့လို့"

"မဆာလည်း နည်းနည်းတော့ စားလိုက်ပါလား ယိမ်းရယ်၊ ယိမ်းနဲ့မှ အတူတူမစားရရင် ထမင်းမစားတတ်မှန်း ယိမ်း သိရဲ့သားနဲ့၊ ကျန်တဲ့အချိန်က အကြောင်းမဟုတ်ဘူးလေ။ အခု မမကြီးက သိပ်နေကောင်းတာ မဟုတ်ဘူးမို့လား"





ယိမ်း တွေခနဲဖြစ်သွားလေသည်။ အဲဒါက တကယ်ပဲလေ။ ကြီးကြီးက အခြားဘယ်သူပဲ မရှိရှိ ယိမ်းနဲ့အတူ ထမင်းစားရမှ ကျေနပ်သူပါ။ ယိမ်း ထမင်းမစားရင် သူလည်း မစားဘူးလေ။ အင်မတန် ဗိုက်ဆာမှသာ စားတာဆိုတော့ တစ်ခါတလေ ယိမ်းဗိုက်မဆာလည်း ကြီးကြီးထမင်းမစားမှာစိုးလို့ တစ်လုတ်နှစ်လုတ်တော့ ဝင်စားရသည်သာ။

အခု … စာပို့တာကလည်း အရှိန်ကောင်းနေတာမို့ …

"ဒါဆိုလည်း ယိမ်း လိုက်ခဲ့မယ်"

ပြောပြီး ဒေါ်ဦးနှင့် ထလိုက်လာခဲ့တော့သည်။ ဖုန်းကတော့ အင်တာနက်ဖွင့်လျက်သားပါပဲ။

"တုံ … တုံ"

"…"

"တုံ … တုံ"

"…"

"တုံ … တုံ"

စာတွေက အဆက်မပြတ်ဝင်နေပြီး ယိမ်း သွားရင်းလာရင်း ဖတ်သာဖတ်နေတာ ပြန်မပို့နိုင်သေးပေ။ ထမင်းဝိုင်းမှာ ဘယ်သူတွေ ထိုင်စောင့်နေလဲ ယိမ်း သေသေချာချာ မကြည့်ဖြစ်ပါဘူး။ ခုံတစ်လုံးမှာ ဝင်ထိုင်ပြီးတာနှင့် တစ်ဖက်ကို စာပြန်ပို့လေသည်။ ထမင်းကို



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း မစားဖြစ်သေးပါဘူး။

မင်းဘုန်းခ။ ယိမ်းကိုကြည့်ပြီး စိတ်တိုသွားရသည်။ ကိုယ်တွေကတော့ သူ့ကို စောင့်နေလိုက်ရတာ။ သူကတော့ ရောက်လာတာတောင် ဖုန်းကိုပဲ အာရုံစိုက်နေပြီး ထိုင်နေတဲ့သူတွေကို ဖုတ်လေသည့်ငပိ ရှိတယ်လို့ပင် မမှတ်တဲ့ပုံပါ။

"ကွီ"

"တုံ … တုံ"

"ယိမ်း"

"…"

"ယိမ်း"

"ရှင်"

နောက်ထပ် ခပ်ဆောင့်ဆောင့်လေသံနှင့် ခေါ်လိုက်တော့မှ ထူးပုံက လန့်ထူး ထူးလိုက်တဲ့ပုံပါ။ အနီးကပ် ဒီလောက်ခေါ်တာတောင် ဂရုမစိုက်ဘူး။ ကိုယ်တွေက ဖုန်းထဲမှာ စာပို့နေတဲ့လူလောက် အရေးမကြီးဘူးလား။

"ပေးစမ်း"

"ဟင်"

မင်းဘုန်းခ ယိမ်းလက်ထဲက ဖုန်းကို ဆတ်ခနဲ ဆွဲယူလိုက်၏။ ပြီးတော့ စာတွေကို ဖတ်ကြည့်လေလျှင် …





"ကိုကြီး … ဘာလုပ်တာလဲ။ ပြန်ပေး … ဖုန်း"

"မပေးဘူး"

"ကိုကြီး ပေးနော်"

"ငြိမ်ငြိမ်နေစမ်း"

ဖုန်းကို လိုက်လုနေတဲ့ ယိမ်းလက်ကို မင်းဘုန်းခ ဖယ်ပစ်ပြီး စာကိုသာ အမိအရဖတ်လေသည်။

"ကိုကြီးပေးပါဆို"

"…"

"ကိုကြီး"

ယိမ်းကလည်း မရမကလိုက်လုလေလျှင် …

"သား"

မိခင်က ခေါ်တာကြောင့် မင်းဘုန်းခ မိခင်ဆီသို့ အကြည့်ရောက်သွားလေသည်။

"ဖုန်းပြန်ပေးလိုက်ပါကွယ်"

"မေမေ … မေမေ မသိဘူးနော်။ ဒီကောင်မလေး"

"မေမေတို့လည်း ငယ်ရာကနေ ကြီးလာတာ သိသင့်သလောက်တော့ သိပါတယ် သားရဲ့။ မင်းမေမေက ပြန်ပေးခိုင်းနေတာ ပြန်ပေးလိုက်ပါ"

"ဟုတ်တယ် … ပြန်ပေး"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ယိမ်းက ဖုန်းကို ဆတ်ခနဲ ပြန်လှယူလေသည်။ မင်းဘုန်းခစိတ်ထဲမှာ မတင်မကျပါပဲ။ ယိမ်းကို ဖုန်းကိုင်ခွင့်ပေးလိုက်တာ သူမှားပြီလား။ သွားရင်လာရင် တစ်ခုခုဖြစ်မှာစိတ်မချလို့လေ။ အရေးကြီးရင် ဆက်သွယ်လို့ရအောင် ဒီဖုန်းကို ဝယ်ပေးထားတာ။ အခုကျတော့ ယိမ်းက မဟုတ်တဲ့ဘက်မှာပါ အသုံးချနေတော့ ရင်မောရတာကိုယ်။

"သမီး"

"ရှင် . . . ဘဘ"

"ဘဘတို့က သမီးကို ဖုန်းကိုင်ခွင့်ပေးထားတာ သမီး ဘယ်ရောက်နေတယ်၊ ဘယ်သူနဲ့ အတူရှိနေတယ်၊ ဘာဖြစ်နေတယ်၊ ဘာလုပ်နေတယ်ဆိုတာ သိချင်လို့နော်"

"ဟုတ်ကဲ့ . . . သမီးသိပါတယ် ဘဘ"

မင်းဘုန်းခ မျက်စောင်းထိုးလိုက်မိ၏။ နေပြောလိုက်ရင်တော့ သိပါတယ် . . . သိပါတယ်နဲ့ လူကြီးတွေရှေ့မှာသာ ပုတ်သင်ညိုလုပ်နေတယ်။ ကွယ်ရာကျတော့ နားထောင်တာ မဟုတ်ဘူး။ ခံမပြောနားမထောင်ဆိုတာ ဒါမျိုးကို ခေါ်တာလေ။

"အေး . . . သိတယ်ဆိုရင် ဘဘကတော့ ဖုန်းကို စည်းနဲ့ကမ်းနဲ့ပဲ သုံးစေချင်တယ်ကွယ်"

"ဟုတ်"





"ကဲပါ . . . စားခါနီး သောက်ခါနီးကို ပြောမနေပါနဲ့။ သမီး ထမင်းစား"

စားဆိုလို့ ထမင်းစားကြတော့ ယိမ်းထမင်းစားနေတာ တို့ကနန်း ဆိတ်ကနန်းနှင့်ပါ။ ကိုယ့်ပါးစပ်အရသာခံတာတောင် စိတ်မပါသလိုပါပဲ။

"ဟဲ့"

"ဟင်"

"ထမင်းစားနေတာ စိတ်မပါဘူးလား။ စိတ်က ဘယ်ရောက်နေတာလဲ"

"ကိုကြီးနော်"

"ဘာ ကိုကြီးနော်လဲ၊ ပြောလိုက်ရ မကောင်းရှိရော့မယ်၊ နင်က အဲဒီကိစ္စတွေ စိတ်ဝင်စားနေပြီပေါ့လေ . . . ဟုတ်လား"

"ဟာ . . . စိတ်မဝင်စားပါဘူး ကိုကြီးရဲ့၊ ယိမ်းက ငယ်သေးတာပဲဥစ္စာ၊ ပညာတောင် မစုံသေးဘူး"

"ကြော် . . . အဲဒါတော့ သိတယ်လား၊ တော်ပါသေးရဲ့"

ခပ်ငေါ့ငေါ့ပြောလိုက်တော့ ယိမ်းက သူ့ကို မျက်စောင်းထိုးလေသည်။ ပါးစပ်ကလည်း အသံတိတ် လှုပ်စိလှုပ်စိနဲ့ ဘာတွေပြောတယ် မသိပါဘူး။

"ပြောချင်ရင် ကျယ်ကျယ်ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမပြောဘူး"

"သားကလည်းကွယ်"

"မေမေ အသာနေစမ်းပါ၊ ဒီကောင်မလေးကို မပြောဘဲ ဒီအတိုင်းထားလို့မရဘူး။ နေစမ်းပါဦး . . . အဲဒီကောင်က နင်တို့ကျောင်းကလား"

"မဟုတ်ပါဘူး။ သူ ဘယ်သူလဲ ယိမ်း မသိဘူး။ နာမည်ကသူရအောင်တဲ့၊ ယိမ်းဖုန်းနံပါတ်ကို ဘယ်လိုရလဲမသိပါဘူး၊ ယိမ်းဘာမှပြန်မပြောလည်း သူက စာတွေပို့နေလို့ အခုနောက်ပိုင်းမှ အပျင်းပြေ ပြန်ပို့မိတာပါ၊ စာတွေ ကိုကြီး ဖတ်ကြည့်နေတာပဲ၊ ယိမ်းဘက်က အနုတ်လက္ခဏာ ပြထားတာပဲဉစ္စာ"

အဲဒါကတော့ ဟုတ်ပါသည်။ ဟိုဘက်က အချစ်တွေ၊ အလွမ်းတွေ ဖွဲ့နွဲ့နေသလောက် ယိမ်းပြန်ပို့တဲ့စာတွေက လှောင်သလိုလို၊ ရွဲ့လုံးဖွဲ့လုံးတွေပါ။ ဒါပေမဲ့ ဘယ်လိုစိတ်ချရမလဲ၊ ဒီအရွယ်တွေက စိတ်ကစားတဲ့အရွယ်။ ဟိုဘက်က,စကားလုံးတွေကို တစ်နေ့မသာယာဘူးလို့ ပြောနိုင်မလား။

"အခု အနုတ်လက္ခဏာပေမယ့် နောက် အပေါင်းလက္ခဏာဖြစ်မသွားဘူးလို့ ပြောနိုင်မလား။ ရှပ်ပါတယ် . . . နင် ဒီနေ့ကစပြီး ဖုန်း ကိုင်စရာမလိုတော့ဘူး။ အဲဒီဖုန်းကို ငါသိမ်းမယ်"

"ဟာ . . . ကိုကြီး"





ယိမ်း အဲဒီလိုကျ လက်မခံနိုင်ပေ။ ဘယ်သွားသွား အရေးအကြောင်းဆို ဒီဖုန်းလေး ရှိမှဖြစ်မှာလေ။

"ကိုကြီး . . . အဲဒီလို အနိုင်မကျင့်နဲ့နော်၊ အဲဒီလူကို ယိမ်း Block ပစ်မယ်၊ ဖုန်းသိမ်းစရာမလိုဘူး"

"ဘာထူးမှာလဲ၊ ဆင်းကတ်တစ်ကတ်မှ ထောင့်ငါးရာပဲရှိတာ။ အသစ်ဝယ်ပြီး ဟိုက ဆက်သွယ်မှာပေါ့"

"ကျွတ်"

"ကဲပါ သားရယ် . . . ဖုန်းတော့ သိမ်းမနေပါနဲ့၊ သမီးကိုပဲ ဆင်းကတ်လဲပေးလိုက်"

"ဟာ . . . မေမေကလည်း အဲဒါလည်း မဖြစ်သေးဘူး။ ဟိုကောင့်ဖုန်းနံပါတ်ကို ဒီကောင်မလေး မှတ်မိနေမှာပဲလေ။ သူက စပြီး ဆက်သွယ်လို့ ရနေတာပဲ"

ယိမ်း စိတ်တိုသွားရ၏။ မင်းဘုန်းခကို ပေစောင်းစောင်းနှင့် ကြည့်ကာ . . .

"ဒါဆိုလည်း သိမ်း . . . သိမ်း၊ ရော့ "

"ဒေါက်"

ဖုန်းကို မင်းဘုန်းခရှေ့သို့ ချပေးခဲ့ပြီး ယိမ်း ထသွားလေတော့သည်။ သွားပါစေ၊ စေတနာကို စေတနာမှန်းမသိဘူး . . . ဆွေနှင်း။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဥမ္မာက သူ့ဘဲနှင့် ချိန်းထားလို့ အဖော်လိုက်ခဲ့ပေးပါဆိုတာနှင့် ယိမ်းတို့ အင်းယားကန်သို့ ရောက်လာခဲ့ကြသည်။ စားစရာသောက်စရာတွေ မှာထားလို့ရောက်လာပြီးမှ ဥမ္မာ ရည်းစားက ရောက်လာသဖြင့် ဥမ္မာက မစားတော့ဘဲ ပိုက်ဆံရှင်း၍ ထားခဲ့လေလျှင် . . .

"နင် ဘာမှမစားတော့ဘူးလား ဥမ္မာ"

"မစားတော့ပါဘူး။ ငါ ကိုနဲ့ လိုက်သွားလိုက်တော့မယ်"

"အေး . . . သွား . . . သွား။ ဒါမျိုးကျ အစားပုပ်မ၊ ဘာမှမစားတော့ဘဲ အာဟာရသိဒ္ဓိပြည့်နေတယ်ပေါ့ ဟုတ်လား။ ဟွန်း



. . . မပြောလိုက်ချင်ဘူး"

ယိမ်းက မျက်စောင်းထိုးပြီး ပြောလိုက်လေလျှင် . . .

"အဟဲ . . . နည်းနည်းကိုယ်ချင်းစာပေးကြပါဗျာ"

"ဟုတ်တယ် . . . ယိမ်းနော် နင် ဝဋ်လည်မယ် သိလား"

"လည်ပါစေ . . . ကဲ သွားတော့"

"ဟွန်း"

ဥမ္မာက မျက်စောင်းထိုးပြီး သူ့လူလက်မောင်းကို ဆွဲခေါ်၍ ထွက်သွားလေတော့သည်။ သီရိက အရယ်သမားလေ။ သူများပြောရင် ရယ်ပဲရယ်နေတာ။ အခုကျတော့ ဥမ္မာတို့အတွဲကို လိုက်ငေးနေလေလျှင် . . .

"ဟဲ့ . . . သီရိ"

"အင် . . . ဟင်"

"ဘာလဲ . . . သူများအတွဲကိုကြည့်ပြီး နင်က အားကျနေတာလား"

"ဟာ . . . မဟုတ်ပါဘူး ယိမ်းရဲ့"

"ဒါဆို ဘာလို့လိုက်ကြည့်နေတာလဲ"

"အဟဲ . . . ကြည့်ကောင်းလို့ ကြည့်နေတာ"

"ငါ မပြောလိုက်ချင်ဘူး သိလား"

"အဟဲ"

www.burmeseclassic.com

www.burmeseclassic.com



သီရိတတ်တာ အဲဒါပဲလေ။ သူများပြောတာ နားထောင်ပြီး ရယ်စရာရှိရယ်၊ ငိုစရာရှိငိုမယ်။ စကားကတော့ အလွန်နည်းသူပါ။ သူများက ဘာပြောပြော တအင်းအင်းနှင့် ခေါင်းညိတ်ပြီး သူများက သူမကို မဟုတ်တာပြောရင် မဖြေရှင်းပဲ ငိုပဲ ငိုတတ်တာလေ။

လူအချို့က ...

အဲဒီလို အေးဆေးသူကို အနိုင်ကျင့်တတ်ကြလို့ ယိမ်းက ဝင်ဖြေရှင်းပေးရင်း သူငယ်ချင်းဖြစ်သွားကြတာပါ။ အခုတော့လည်း အချစ်ဆုံးသူငယ်ချင်းတွေပေါ့။

"သီရိ"

"ဟင်"

"နင် ကြက်ဖင်စားမလား"

"အင် ... မစားချင်ပါဘူး။ ရွံစရာကြီး နင်ပဲစား"

"အမယ် ... ဒါတော့ ပြန်ပြောတတ်တယ်၊ နင့်ကို စကား နည်းလို့ ပြောတာဟဲ့ သိလား၊ နင်က တေမိဇာတ်တော်ပဲ ကနေ။ လူတွေက ဘာမှပြန်မပြောတတ်ရင် ငါပြောရတယ်ဆိုပြီး အနိုင်ကျင့် ချင်ကြတာ"

"ငါက ဒီလိုပဲ နေတတ်တာကိုးဟ၊ အော်ကြီးဟစ်ကျယ် နဲ့လည်း ရန်မဖြစ်ချင်ပါဘူးဟာ"

"ငါပြောတာက အဲဒီလိုမဟုတ်ဘူးလေ သီရိရဲ့"





သီရိကို နားလည်အောင် ဘယ်လိုပြောရမှန်းကို မသိတော့ ပါဘူး။ ကိုယ်ဆိုလိုချင်တာက သူများပြောတိုင်း ဟုတ်တာရော၊ မဟုတ် တာရော ခေါင်းငုံ့မခံဖို့လေ။ မဟုတ်တာပြောရင် ရှင်းပြတတ်ဖို့နဲ့ ချေပနိုင်ဖို့ပါ။

"ဟိုလေ ... ဒီက"

အနားကပ်ပြီး ရှေ့မဆက် နောက်မဆက်စကားသံကြောင့် ယိမ်း မော့ကြည့်လိုက်တော့ ...

"ကျွန်တော် ဒီမှာထိုင်လို့ရမလားမသိဘူး။ ထိုက်ထိုက်က ဒီမှာ ထိုင်စောင့်လို့ ပြောလို့ပါ"

ယိမ်း မျက်ခုံးလေးနှစ်ဖက် စုကျုံ့သွားပြီး ...

"ထိုက်ထိုက်ဆိုတာက"

"ထိုက်ထိုက်ဆိုတာ ယုတို့ သူငယ်ချင်း ဥမ္မာချစ်သူကို ပြော တာပါ။ ကျွန်တော်တို့က သူ့ကို ထိုက်ထိုက်လို့ပဲ ခေါ်ကြတာဗျ။ ကျွန်တော်တို့က သူငယ်ချင်းတွေပါ။ သူနဲ့အဖော်လိုက်တာဗျ။ အခု သူက ယုတို့နဲ့ သွားထိုင်လို့ မှာခဲ့လို့"

"ဩော်"

အမေမှာတဲ့အတိုင်းဆိုသလို ထိုက်ထိုက်ဆိုတဲ့လူမှာတဲ့အတိုင်း လိုက်နာတာလား။ တကယ်မှာခဲ့တာလား။ ဒါမှမဟုတ် ကိုယ်တွေနဲ့ ရင်းနှီးချင်လို့ အကွက်ဆင်တာလား။ မှာတာကို လိုက်နာတာဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီလူလည်း သီရိလိုလူမျိုးပဲ ဖြစ်ရမယ်"

"ကျွန်တော် ထိုင်ရမလား မသိဘူး"

"ထိုင်လေ ... ထိုင်ပါ"

"ကျေးဇူးပါဗျာ"

ထိုလူထိုင်ပြီးနောက်မှာတော့ ...

"သီရိ"

"ဟင်"

"တို့သွားရအောင် ... အဲဒါတွေယူခဲ့"

ယိမ်းက စိတ်မြန်လက်မြန်ထရပ်ပြီး စားစရာသောက်စရာတွေကို သယ်လေတော့ ...

"အဲဒါတွေ ဘာလုပ်မလို့လဲ"

"ကျွေးချင်တဲ့သူက ပိုက်ဆံပေးမှာထားရတာလေ၊ အဲဒါကြောင့် ဒီအတိုင်းမထားခဲ့ဘူး။ ပါဆယ်ထုပ်နိုင်းပြီး ယူမယ်"

"ဟယ် ... နင်ကလည်း"

"ဘာလဲ ... ဒါယူဖို့ကျ နင်က ရှက်တယ်လား"

"မဟုတ်ပါဘူး"

"မဟုတ်ရင် ယူခဲ့"

"အေး ... အေးပါ"

သီရိလည်း ခေါင်းညိတ်ပြီး ယိမ်းသယ်လို့ ကျန်တာတွေကို





သယ်ပြီး နှစ်ယောက်သား ထွက်ခဲ့လေလျှင် ...

"ဟာ ... အဲဒီလိုမလုပ်ကြနဲ့လေ"

ယိမ်းလှည့်ကြည့်ပြီး ...

"ဘာလဲ ... ရှင်စားမလို့လား ဒါတွေ"

"မဟုတ်ပါဘူး ... ကျွန်တော်ပြောတာက ..."

ယိမ်း သူ့စကားကို ဆက်နားထောင်မနေတော့ပေ။ ခြေထောက်တွေကို အလုပ်ပေးလိုက်တာနှင့် ...

"နေကြဦးလေ ... ဟော့"

"..."

"တကယ်ထားခဲ့ကြတာလား။ နေကြဦးလေ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

မင်းဘုန်းခ တကယ်စိတ်ညစ်ပါတယ်။ သူနဲ့ အလုပ်ကိစ္စ ဆွေးနွေးချင်တာများ စားသောက်ဆိုင်တစ်ခုခုဖြစ်ဖြစ် ခန့်ခန့်ညားညား ထိုင်ရမယ့်နေရာတစ်ခုခုဖြစ်ဖြစ် ချိန်းပါတော့လား။ ခုတော့ အလုပ်ကိစ္စ ဆွေးနွေးတာ အင်းယားကို လိုက်ခဲ့ပါဆိုလို့ လိုက်လာရတာလေ။ လိုက်သာလာရတယ် စိတ်က သိပ်မလုံပေ။

ခင်ဝါဆို သူ့အပေါ် ဆက်ဆံတာ တစ်မျိုးကြီးလေ။ ချွဲတဲတဲ ညှုတုတုနဲ့။ အဲဒါကိုပဲ စိတ်မရှည်တာ။ ခုတော့ အားနာနာနှင့် လိုက်လာတာ အင်းယားကန်သို့ ရောက်ခဲ့ပါပြီ။

"ကိုဘုန်း"





"..."

"ကန်ဘောင်မှာ လမ်းလျှောက်ရင်း စကားပြောကြမယ်နော်"

"ဟာ ... မလုပ်ပါနဲ့။ ဆိုင်တစ်ဆိုင်ဆိုင်မှာဝင်ပြီး စားရင်း သောက်ရင်း ပြောကြတာပေါ့။ လမ်းလျှောက်ရင် ခြေညောင်းဦးမှာ"

ဝါဆိုက ရယ်လိုက်ပြီး ...

"ကိုဘုန်းကလည်း လမ်းလျှောက်ရတာ ကျန်းမာရေးနဲ့ တောင် ညီညွတ်သေးတယ်၊ သူများတွေဆို တမင်အချိန်ပေးပြီးတောင် လမ်းလျှောက်နေကြတာကို"

"အခုချိန်ကန်ဘောင်မှာ လမ်းလျှောက်ရင် သူများတွေ တစ်မျိုးထင်ကုန်မှာပေါ့ ဝါဆိုရဲ့။ ဒီအရွယ်တွေ ပန်းချင်းယှဉ်သွားရင် အဲဒီလိုပဲ ထင်ကြမှာ"

"အမယ် ... အထင်ခံရရင် ကိုဘုန်းက နာအုံ့ထင်နေတာ လား"

"မဟုတ်ပါဘူး"

"မဟုတ်ရင် ပြောမနေနဲ့တော့ ... လာ သွားမယ်"

မင်းဘုန်းခ ဘာမှထပ်မပြောချင်တော့ပါဘူး။ ဒါကြောင့် သူမ ခေါ်ရာနောက်သို့ပဲ လိုက်လာခဲ့တော့သည်။ ရောက်လာပြီးမှတော့ ဘာတတ်နိုင်မှာလဲ။ ဒီနေရာကို ကိုယ့်အသိမိတ်ဆွေတွေ လာကြမှာမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



–ဒီတော့ အားနာလို့ပြောတာ ယိမ်းရဲ့၊ ဟိုတစ်ယောက် ကြောင်စီစီနဲ့ ကျန်ခဲ့ရမှာ။ ပြီးတော့ ဥမ္မာကို နှင်ထားခဲ့တော့မလို့လား”

–ကြောင်စီစီမကလို့ ကျားစီစီပဲဖြစ်ဖြစ်၊ သူလာရောတိုင်း တို့က လက်ခံစကားပြောနေရမှာလား သီရိရဲ့၊ အားမနာနိုင်ပါဘူး။ ကိုယ်က သူကျွေးတာ စားခဲ့တာမှမဟုတ်တာ”

“ဒါဆို ဥမ္မာကရော”

“ထားခဲ့မှာ”

“ဟင်”

သီရိက ယိမ်းကို လှည့်ကြည့်လေသည်။ ပြောချင်တာတစ်ခု ကို မျိုသိပ်လိုက်ပုံပါပဲ။ ယိမ်းကပဲ ဆက်ပြီး . . .

“တွေးပူမနေစမ်းပါနဲ့ သီရိရယ်။ ဥမ္မာက ကလေးမှ မဟုတ် တာ။ သူပြန်လာလိမ့်မယ်။ ပြီးတော့ သူ့ဘဲ ရှိနေတာပဲ။ စိတ်မချရင် လိုက်ပို့လိမ့်မယ်”

“ဟင်”

‘ဟင်’ ဆိုတာ မင်းဘုန်းခန့်ထက်က ထွက်သွားတဲ့အသံပါ။ ယိမ်းလို့ခေါ်သံကြားတာနှင့် ကြည့်လိုက်မိတော့ တကယ်ပဲ ယိမ်းပါ။ သေးက သူ့ငယ်ချင်းနဲ့။ ဒီကိုဘာလာလုပ်တာလဲ။ ပြောလိုက်ရင်တော့ အကောင်ကြီး စကားလုံးတွေက ကြီးမှကြီးပါပဲ။ အခုကျတော့ အင်း ယားကန်ကိုတောင် ရောက်နေပြီပေါ့။





တွေ့မယ်။

“ယိမ်း”

“ဟင်”

“ယိမ်း”

“ကိုဘုန်း ဘယ်ကိုလဲ”

“ခဏလေး”

လက်ကိုဆွဲထားတဲ့ ဝါဆိုလက်ကို ဖယ်ချခဲ့ပြီး မင်းဘုန်းခ ခြေလှမ်းက ယိမ်းဆီသို့ပါ။ ယိမ်းလို့ခေါ်သံကြားလို့ လှည့်ကြည့်လိုက် တဲ့ ယိမ်းမှာလည်း သူ့ကိုမြင်သွားလေတော့ . . .

“အယ်”

“ယိမ်း”

“ကိုကြီး”

“အိမ်မှာဆိုးမရင်တော့ ဘာလေးညာလေးနဲ့ အခု ဒီကို ဘာလာလုပ်တာလဲပြော။ ဘယ်ကောင်နဲ့ ချိန်းတွေ့နေတာလဲ”

“ကိုဘုန်း”

ဝါဆိုပါ အနားရောက်လာတော့ ယိမ်း မျက်မှောင်လေး ကြုတ်သွားလေသည်။ ဆေးဆိုးပန်းရိုက်မျက်နှာနဲ့ လှတယ်ဆိုတာ ထက် အမြင်ကတ်ဖို့ကောင်းလောက်အောင် ဝတ်စားဆင်ယင်မှုက ဟော့ပုံ။ ယိမ်းတို့လည်း ဟော့သည်လေ။ ဟော့တာချင်း အတူတူ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက ကာလာတွေ ခြယ်ထားတော့ ပိုဟော့သလို ခံစားမိတာပဲ ဖြစ်မှာပေါ့။ သူမက ဘယ်သူလဲ . . .

ကိုကြီးကောင်မလေးလား။ မျက်နှာကြောမြင်ရတာ အထက်စီးဆန်မယ့်ပုံပါ။ အဲဒါမျိုးဆိုရင်တော့ ယိမ်းယောက်မ မတော်ချင်ပါဘူး။ ယိမ်းကိုကြည့်တဲ့ပုံက မကြည်တဲ့ပုံလေ။

"ယိမ်း"

". . ."

"ငါမေးတာ ပြန်ပြောလေ"

"အရွယ်ရောက်နေတဲ့ မိန်းကလေးတစ်ယောက် ကနုတ်ကြီးနဲ့အင်းယားကနုကိုရောက်နေတာ မဆန်းဘူး ကိုကြီး"

"ဘာ"

"ကိုကြီးကရော ဘာလာလုပ်တာလဲ"

"နင် ငါ့ကို ပြန်မမေးနဲ့"

"ကိုဘုန်း"

တစ်ဖက်က ခေါ်တော့ မင်းဘုန်းခ လှည့်ပြန်သည်။ ယိမ်းက ပြန်ပြောလို့ စိတ်တိုနေရတဲ့အထဲ သူမက တစ်မျိုး။

"ကိုဘုန်းကို ပြန်ပြောနေတာ ကက်ကက်လန်ပါလား။ သူက ဘယ်သူလဲ ကိုဘုန်း"

အမယ် ကိုယ်ဖြင့် တစ်ခါပဲ ပြန်ပြောရသေးတယ် ကက်





ကက်လန်တဲ့။ သူကာမှ ဘာမသိ ညာမသိနဲ့ အသားလွတ်မျက်နှာကြောတင်းနေတာ။ ဒါမျိုးကို ယိမ်းကလည်း ငြိမ်ခံမနေတတ်ပေ။ ဒါကြောင့် တစ်ခုခုပြန်ပြောဖို့ ပြင်လိုက်စဉ်မှာပဲ။

"သူက ကိုယ့်ညီမပါ"

"ဟင်"

"နာမည်က ယိမ်းနွဲ့ဟန်တဲ့"

"ဩော်"

ယိမ်း ကိုကြီးကို မျက်စောင်းထိုးပစ်လိုက်သည်။ ဘာဆက်ပြောဦးမလဲ နားထောင်ကြည့်ရသေးတာပေါ့။

"ကိုဘုန်းနဲ့သူက မောင်နှမအရင်းလား ကိုဘုန်း"

ယိမ်း ဆတ်ခနဲကြည့်လိုက်ပြီး . . .

"ဘာလဲ . . . သူစိမ်းတွေဆိုရင် ပုဒ်မအသစ်တပ်ပြီး တရားစွဲမလို့လား။ ဟုတ်လား"

"ယိမ်း"

". . ."

"နင် မရိုင်းနဲ့နော်။ ငါ နားရင်းအုပ်လိုက်ရ"

"အုပ်လေ . . . ကိုကြီးက ယိမ်းဆိုရင် ဘယ်တုန်းက အကောင်းမြင်ဖူးလို့လဲ"

ပြောရင်း ငိုသံက ပါလာလေလျှင် . . .



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါ ကိုဘုန်းရယ်။ ဝါဆို မေးမိတာကိုက မှားတာပါ။ ညီမကို မမ တောင်းပန်ပါတယ်။ မမက မသိလို့မေးမိတာပါကွယ်"

အခုကျတော့ စောစောက မျက်နှာကြောတင်းနေတာ သူ့မ မဟုတ်တဲ့အတိုင်းပါပဲလား။ ဒါ ကိုကြီးနဲ့ယိမ်းမောင်နှမဆိုလို့ မျက်နှာကြောက လျှော့သွားတာ။ တတ်လည်း တတ်နိုင်ပါ့။ အလျှော့အတင်း မြန်တဲ့ သားရေကွင်းမျက်နှာ။

"ဟဲ့ . . . ပြောနေတာ ကြားလား။ ဝါဆိုက တောင်းပန်ပါတယ်တဲ့"

"ကြားသားပဲ"

"ကြားရင် တစ်ခုခုပြန်ပြောလိုက်လေ"

"ယိမ်းက ရင်ထဲရှိတဲ့အတိုင်းပဲ ပြောတတ်တာနော်"

"အင်"

ယိမ်းစကားကြောင့် မင်းဘုန်းခ ဘုရားသာ စိတ်ထဲက တမိတော့၏။ စောစောက ဝါဆိုမျက်နှာကြောတင်းတင်းနဲ့ မေးတာကို ယိမ်း ဘယ်ကျေနပ်ပါ့မလဲ။ ဒီကောင်မလေးက မဟုတ်မခံလေ။

"ဘယ်လိုလဲ ပြောရမှာလား"

"ကဲပါ . . . အဲဒါတွေထားလိုက်တော့"

တွေ့လား။ ယိမ်း ပက်ခနဲ ပြန်ပြောမှာကျ ကြောက်လိုက်တာ။ စကားလမ်းကြောင်း လွှဲသွားလေပြီ။





"ထားလို့မရသေးဘူး ကိုကြီး"

"ဟင်"

"ယိမ်းကလည်း ပြန်မေးပါဦးမယ်။ ကိုကြီး ဒီကိုဘာလာလုပ်တာလဲ။ သူကရော ဘယ်သူလဲ။ ကိုကြီးရည်းစားလား"

"ဟာ . . . ယိမ်း"

မေးချလိုက်တာ တည့်တည့်ကြီးမို့ ဝါဆိုကို အားနာလိုက်တာ။ ဒီကောင်မလေးပါးစပ်ကိုက အထိန်းအကွပ်မဲ့တာပါ။

"ယိမ်း . . . မေးတာဖြေလေ"

"ငါ့ဘာသာ ဘာလုပ်လုပ် ဘာဖြစ်ဖြစ် နင်မေးစရာမလိုဘူး ယိမ်း။ ငါက အကြီး။ နင်က အငယ်။ ငါမေးတာကိုပဲ ဖြေ။ နင် ဒီကို ဘာလာလုပ်တာလဲ"

"ဖြေပြီးရင် ယိမ်းသွားတော့မှာနော်"

"ကဲ . . . ဖြေ။ ဖြေပြီးရင် သွား"

"ချစ်သူနဲ့ လာချိန်းတွေ့တာ"

"ဟင်"

ပြောပြီးတာနှင့် ယိမ်းလည်း ထွက်လာခဲ့တော့သည်။ အဲဒါ မှတ်ကရော။ သူတို့ဘာသာ ဘယ်လိုပဲ ဖြစ်ကျန်ခဲ့ကျန်ခဲ့ ဂရုစိုက်စရာမှမလိုတော့ပါလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မင်းဘုန်းခ လက်ဝ်တော့ဝ်တစ်လုံးနှင့် အလုပ်ရှုပ်နေသည်။ သူ့ခေါင်းထဲမှာ စီးပွားရေး စီးပွားရေးနှင့် အလုပ်လုပ်ရတာ ပင်ပန်းတယ်လို့ မထင်ပါဘူး။ သူ ဒီလိုရှာနေတာသည် သူ့တစ်ယောက်တည်း ကောင်းစားဖို့အတွက် မဟုတ်ဘူးလေ။ မိဘတွေက ပြည့်စုံပြီးသားပေမယ့် ကိုယ်လည်း ကိုယ့်အရည်အချင်းနဲ့ကိုယ် ရှာချင်တာပေါ့။

ပြီးတော့ ယိမ်းအတွက်။ ယိမ်းရဲ့ဘဝရှေ့ရေးသာယာဖြောင့်ဖြူးဖို့ ကိုယ့်မှာ တာဝန်အရှိဆုံးမဟုတ်လား။ မိဘတွေ မရှိကြတော့တဲ့အခါ ကိုယ်ပဲ အုပ်ထိန်းသူမိဘနေရာကနေ ရပ်တည်ပေးရမှာပါ။

"သား"





အာရုံက လက်ဝ်တော့ဝ်ဆီမှာ စူးစိုက်နေသဖြင့် ခေါ်သံကြားပြီး မထူးဖြစ်ပေ။

"သား"

နောက်တစ်ခါ ထပ်ခေါ်မှပဲ ...

"ဗျာ"

လှည့်တော့မကြည့်ဖြစ်သေးပေ။

"သားကို မေမေ မေးစရာရှိတယ်"

"ခဏလေး မေမေ ပြီးတော့မှာမို့လို့ သား အစသတ်လိုက်ဦးမယ်"

"ဒါဆို ... မေမေ ဧည့်ခန်းထဲက စောင့်နေမယ်"

"ဟုတ်ကဲ့"

မေမေ ထွက်သွားပြီးနောက် သူ စာရင်းတွေကို အစသတ်လိုက်သည်။ ပြောစရာရှိလို့တဲ့။ ဘာများပြောစရာရှိလို့ပါလိမ့်ဟု အလုပ်ကို အစသတ်ပြီး ထွက်လာခဲ့တော့သည်။ တစ်ယောက်ယောက်က ပြောစရာရှိတယ်ဆိုရင် သူက ချက်ချင်းသိချင်တဲ့ကောင်လေး ဒါကြောင့် ခြေလှမ်းတွေက အမြန်နှုန်းနဲ့ပေါ့။

"မေမေ"

"ဩော် ... သား လာပြီ"

"သားကို မေးစရာရှိတယ်ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်လေ"

ရောက်ရောက်ချင်း မထိုင်သေးဘဲ ပြောလိုက်တာမို့ မိခင်က ထိုင်ခိုင်းလိုက်တာပါ။ ထိုင်ပြီးတဲ့နောက်မှာတော့ ဒေါ်စိုးစိုးစံ သား မျက်နှာကို အကဲခတ်သလို ကြည့်လေလျှင် . . .

"မေးတော့လေ . . . မေမေ"

"သား မိန်းကလေးတစ်ယောက်နဲ့ အင်းယားကန်ကို သွားတယ်ဆို"

"ဟာ"

ဒီကိစ္စ မေမေ ဘယ်လိုသိသွားပါလိမ့်။ ဟွန်း . . . ဒါ ယိမ်း ချွန်တွန်းလုပ်တာပဲဖြစ်မယ်။ သူသွားတာကျ မပြောဘူးလား မသိဘူး။

"သူသွားတာကျ မပြောဘူးလား"

"ဟင် . . . ဘယ်သူသွားတာလဲ"

"အဲ"

စိတ်ထဲမှာ တွေးနေတာက ပါးစပ်ကနေ လွှတ်ခနဲ ထွက်သွားမိပြီ။ ဒီတော့ စကားက အဆက်အစပ်မရှိ ဖြစ်သွားတာပေါ့။

"ဪ . . . ဆောရီး မေမေ၊ သား စကားပြောတာ လော သွားလို့ပါ"

"သားပါ၊ မေမေမေးတာ ဟုတ်လား၊ မဟုတ်လား ဖြေပါဦး"

"သားက, ကလေးမှမဟုတ်တော့တာပဲ မေမေရယ်။ ရင့်





ကျက်တဲ့အရွယ် ရောက်နေပြီပဲဟာ"

"ကလေးမဟုတ်လို့ စိတ်ပူနေရတာပေါ့ သားရယ်။ မေမေ့သားက ဥစ္စာပေါ ရုပ်ချော၊ ထက်မြက်တယ်၊ ချူချင်သူတွေ ဝိုင်းနေတာလေ။ မတော်တရော် မိန်းကလေးတွေနဲ့ သားကို မေမေ အဖြစ်မခံနိုင်ဘူး သား"

"ကျွတ်"

"ပြီးတော့ အချို့လူတွေက ကျန်တဲ့နေရာတွေမှ ဘယ်လောက်ပဲ တော်နေတတ်နေပါစေ၊ ဘယ်လောက်ပဲ ရင့်ကျက်ရင့်ကျက် အချစ်နဲ့ပတ်သက်လာရင် မရင့်ကျက်တတ်ကြဘူး။ မျက်စိကန်း နားပင်း ဖြစ်တတ်ကြတယ် သား"

ဟူး . . . ပြဿနာပဲ။ ယိမ်းတော့ ဘာတွေ ဘယ်လောက်တောင် ချွန်ထားတယ်မသိဘူး။ မင်းဘုန်းခက ကိုယ်မမှားရင် ဖြေရှင်းချင်တာ မဟုတ်ပေ။ ဒါပေမဲ့ . . . မေမေဆိုတော့ . . .

"မေမေ ဒီကိစ္စကို ဘယ်လိုသိတာလဲ"

ဒေါ်စိုးစိုးစံ တွေခနဲဖြစ်သွားပြီးမှ . . .

"ဒါဆို သားက ဝန်ခံတယ်ပေါ့"

"ဘာကိုလဲ မေမေ"

"သား မိန်းကလေးတစ်ယောက်နဲ့ အင်းယားကန်ကို သွားတဲ့ကိစ္စ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မေမေ၊ သူ့နာမည်က ခင်ဝါဆို၊ သူနဲ့ပတ်သက်နေတာ စီးပွားရေးကိစ္စကြောင့်ပါ။ စီးပွားရေးကိစ္စဆွေးနွေးစရာရှိတယ်ဆိုတာနဲ့ လိုက်သွားတာပါ"

"ဘယ်လို"

ဒေါ်စိုးစိုးစံ အံ့ဩဖြစ်သွားပြီးမှ ...

"စီးပွားရေးကိစ္စဆွေးနွေးတာ တည်တည်တံ့တံ့ခန့်ခန့်ညားညား နေရာမှာ ဆွေးနွေးပါတော့လား။ အခု အင်းယားကန်မှာဆိုတော့ သား ပြန်စဉ်းစားကြည့်ပါဦးကွယ်"

"သားသိပါတယ် မေမေ၊ သူက အတင်းခေါ်လို့ သားအားနာတာနဲ့ လိုက်သွားမိတာပါ"

"ဒါ ... အားနာစရာမဟုတ်ဘူး သား။ စီးပွားရေးကိစ္စဆွေးနွေးတာ ချစ်တယ်၊ လွမ်းတယ် ပြောရမယ့်နေရာမှာလား။ အဓိပ္ပာယ်မရှိတာ"

မေမေ့မျက်နှာ တင်းမာလာတော့ ချွန်လိုက်တဲ့ ယိမ်းကိုပဲ ရိုက်ပစ်ချင်စိတ်ပေါက်လာသည်။

"မေမေ ရှင်းရှင်းပဲပြောမယ် သား"

"..."

"မေမေ တော်ရမယ့်ချွေးမက ထက်မြက်ပြီး ရဲရဲတောက်နေတာမျိုး မေမေ မလိုချင်ဘူး။ ဣန္ဒြေရှိပြီး သိက္ခာကို ထိန်းတဲ့မိန်းက





လေးမျိုးပဲ ဖြစ်စေချင်တယ်"

"မေမေ"

ဒေါ်စိုးစိုးစံ တကယ်ပြောတာပါ။ မိန်းကလေးဖြစ်ပြီး ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းတာကို လက်ခံပါတယ်။ ဒါပေမဲ့ ယောကျ်ားကို စီးပွားရေးလောက် အလေးမထားဘဲ အလှပြင်၊ အပြင်ထွက်ဆိုတဲ့ မိန်းကလေးမျိုးနဲ့ တွေ့မှာစိုးလို့ပါ။ ယိမ်းပြောပြပုံအရဆို ခင်ဝါဆို ဆိုတဲ့ မိန်းကလေးက သဘောထားပြည့်ဝပုံလည်း မရပါဘူး။ အလှပြင်ထားတာလည်း တစ်မျက်နှာလုံး ပင်ကိုအသားအရည်ပျောက်နေအောင်ပဲတဲ့။

ယိမ်းကိုလည်း ...

မျက်နှာကြောတင်းတင်းနဲ့ ဆက်ဆံတယ်တဲ့လေ။ သူစိမ်းမိန်းကလေးဆိုရင် သဝန်တိုချင်တဲ့သဘောပေါ့။ အဲဒီလိုဆိုကတည်းက သားအပေါ်မှာ မရိုးသားလို့ပဲလေ။

"သား ဝါဆိုနဲ့ အတူတူသွားတာ၊ လာတာ အလုပ်ကိစ္စကြောင့်ပါ။ ဒီထက်ပိုပြီး မရင်းနှီးပါဘူး"

"ဒီထက်ပိုလာရင်လည်း မေမေ သဘောတူမှာမဟုတ်ဘူး သား။ အဲဒါ အခုကတည်းက အပြတ်ပြောထားတာ"

'ဟူး ... ဘာမဟုတ်တဲ့ကိစ္စလေးကို ပုံကြီးချဲ့လိုက်တဲ့ ယိမ်း ... တွေ့ဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဒီကိစ္စတွေကို မေမေ ဘယ်လိုသိတာလဲ"

"ဒီလိုပဲပေါ့။ မေမေ့မှာ မျက်စိတွေ, နားတွေ ရှိတာပဲဥစ္စာ"

မေမေက ယိမ်းဘက်ကနေ အမြဲကာကွယ်ပေးတတ်သူပဲလေ။ ဒီလိုပြောတာ မဆန်းပါဘူး။ ဒါပေမဲ့ ...

"ယိမ်းပြောတာ မဟုတ်လား"

"ဘယ်သူပဲပြောပြော ဟုတ်လို့ သား ဝန်ခံပြီးပြီပဲ မဟုတ်လား သား"

"သူ့အကြောင်းရော မေမေ့ကို ပြောပြသေးလား"

"ဘယ်သူ့အကြောင်းလဲ"

"ယိမ်းလေ"

"ပြောပါတယ်၊ သူက သူ့သူငယ်ချင်း အဖော်ခေါ်လို့ လိုက်သွားတာတဲ့၊ အဲဒါ ကောင်လေးတစ်ယောက်က သူတို့ကို လာရောနေလို့ သူငယ်ချင်းကို ထားခဲ့ပြီး ပြန်လာတာတဲ့လေ"

မင်းဘုန်းခ မဲ့ခနဲဖြစ်သွား၏။ ပြောလိုက်တာ သူ့ကျတော့ အကောင်းပါလား။ အင်းယားကန်မှာ တွေ့တုန်းက သူမကို ခေါ်လိုက်မိတဲ့သူပဲ မှားသွားပြီလား။ ဟာ ... မမှားပါဘူး။ ကိုယ်က သူ့ကို ကောင်းစေချင်လို့ ပြောတာပဲဟာ။ ဝါဆို ဆက်ဆံရေးကြောင့်လည်း ယိမ်း တင်းသွားတာနေမှာပေါ့။

"မေမေ"





"ဟင်"

"သူ့ကိုကျတော့ မေမေ ဘာမှမပြောဘူးလား"

ဒေါ်စိုးစိုးစံ မျက်မှောင်ကြုတ်သွားပြီး ...

"မေမေက ဘာပြောရမှာလဲ"

"ယိမ်း အင်းယားကန်ကို သွားတဲ့ကိစ္စလေ၊ ကိုယ်မြင်ရတာမှ မဟုတ်တာ၊ သူပြောတာ ဘယ်လိုယုံရမလဲ၊ နည်းနည်းပါးပါး ပြောဦး"

စကားပြောနေကြရင်း ခြေသံကြားလို့ လှည့်ကြည့်လိုက်တော့ ဦးမင်းကို ရောက်လာတာပါ။ ငုတ်ခနဲ ထိုင်၊ ကြိုင်ခနဲ မွှေးဆိုသလို ထိုင်ပြီးပြီးချင်း ပြောလိုက်တဲ့စကားက ...

"ယိမ်းကိုတော့ ဖေဖေယုံတယ် သား။ သူပြောထားတယ်လေ။ သူ့မှာ ချစ်သူရှိလာခဲ့ရင် လူကြီးတွေကို ဖွင့်ပြောပြပါ့မယ်။ သဘောတူတာ မတူတာကတော့ ဘာဘတို့အပိုင်း။ သဘောမတူဘူး ဆိုလာခဲ့ရင် နောက်ဆုတ်နိုင်က ဆုတ်မယ်။ မဆုတ်နိုင်ဘူးဆိုရင်လည်း သမီးထိုက်နဲ့ သမီးကံပဲ။ လူကြီးတွေမသိအောင်တော့ ချစ်သူရည်းစား မထားပါဘူးလို့ ပြောထားတယ်လေ။ အဲဒါကြောင့် ယုံတယ်"

"အဲဒါ အလကားပါ ဖေဖေရာ။ လူကြားကောင်းအောင် ဘုရားရှိခိုးပြတာ။ လူ့စိတ်က မျောက်စိတ်နဲ့ အတူတူတဲ့"

"မေမေကတော့ ယိမ်းကိုယုံတယ် သား"



www.burmeseclassic.com

www.burmeseclassic.com



ယိမ်းကို ယုံကြတယ်ဆိုမှတော့ မင်းဘုန်းခမှာ ပြောစရာ စကား မရှိတော့ပေ။ ကိုယ်လည်း ယုံချင်တာပါဗျာ။ ဖေဖေနဲ့မေမေက ယိမ်းအပေါ် ယုံကြည်တယ်ဆိုရင် သူ ဝမ်းသာပါတယ်လေ။ တကယ် က သူလည်း အပေါ်ယံသာ ယိမ်းအပေါ် ဦးစားမပေးသလို ရှိပေမယ့် ရင်ထဲမှာ . . . ယိမ်းအတွက်တွေက အများကြီးပါပဲ။ ယိမ်းက ဘာလိုချင် တယ်ဆို ပါးစပ်ကသာ မကြည်ဖြူသလိုပြောပြီး ရင်ထဲက ကြည်ဖြူစွာနှင့် ဝယ်ပေးခဲ့သည်သာ။ ယိမ်းက ဘာဖြစ်ချင်တယ်ဆို လည်း ဖြစ်စေခဲ့တာပါပဲ။

"သား"

"ဗျာ"

"ဟိုမိန်းကလေးနဲ့ပတ်သက်တာ ခဏခြင်နော်။ အလုပ်ကိစ္စ ကြောင့်ဆိုရင် အလုပ်ကိစ္စပြောလို့ တင့်တယ်မယ့်နေရာမှာပဲ ရှိပါစေ"

"စိတ်ချ . . . စိတ်ချ၊ နောက်ကျရင် အိမ်ခေါ်လာပြီး မေမေ တို့ရှေ့မှာပဲ အလုပ်ကိစ္စ ဆွေးနွေးတော့မယ်"

"ဟော"

သားရဲ့စကားကြောင့် ဦးမင်းကို မျက်လုံးပြူးသွားလေတော့ သည်။ သားရွှဲ့တာကို မအေက ပြန်ရွှဲ့လိုက်တာကတော့ . . .

"ကောင်းသားပဲ" တဲ့။

❀ ❀ ❀



## အခန်း (၅)

ဒီနေ့ ယိမ်း ကျောင်းပိတ်ရက်မို့ မီးဖိုချောင်ထဲမှာ ဒေါ်ဦး နှင့် ကူချက်သည်။ အိမ်အလုပ်တွေ ကူလုပ်သည်။ ဒီလိုပဲ ကျောင်း ပိတ်တိုင်း ကူလုပ်နေကျမို့ အိမ်မှုကိစ္စ နိုင်နင်းနေပြီလေ။ စကားပြောတဲ့ နေရာမှာသာ ကလေးဆန်တာ အလုပ်လုပ်ရင်တော့ သပ်ရပ်သေချာ သူပါ။

ဒါကြောင့် . . .

ဦးမင်းကိုတို့လင်မယားက သဲသဲလှုပ်ချစ်နေကြတာပါ။ သူ လည်း ချွဲတတ်သည်ပဲလေ။ စကားယုံတောင် ရှိသေးတာပဲ၊ ပိုတတ် တဲ့ကလေး နှိုပ်စီရတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဦး"

"ဟော"

"အားလုံးကျက်ပြီပဲ။ ပန်းကန်ဆေးဖို့ ကျန်တာ ယိမ်းပဲ ဆေးလိုက်မယ်လေ။ ဒေါ်ဦး ရေသွားချိုးလိုက်ပါလား"

"ဒေါ်ဦးပဲ ပြီးမှ ချိုးပါ့မယ်၊ ကလေးအရင် ရေသွားချိုးလိုက်လေ။ ကလေးက ဝင်ကူနေလို့သာ။ ဒေါ်ဦးက ကလေးကို ဒီအလုပ်တွေ လုပ်စေချင်တာ မဟုတ်ဘူး ကလေးရဲ့"

"ဘာဖြစ်လို့လဲ ဒေါ်ဦး"

"ဩော် ... ဘာဖြစ်ရမှာလဲ။ ကလေးလက်ကလေးတွေက ဒီလောက်ဖြူနုနေတာ ဟိုပေဒီပေနဲ့မှ လို့ပေါ့"

ယိမ်း ရယ်လိုက်ပြီး ...

"နုတဲ့လက်ဖြစ်ဖြစ် ကြမ်းတဲ့လက်ဖြစ်ဖြစ် ကိုယ်နဲ့တန်ရာ အလုပ်တော့ လုပ်ရမှာပေါ့ ဒေါ်ဦးရဲ့၊ ဖြစ်နိုင်ရင် ပညာစုံတတ်ထားပိုတောင်ကောင်းသေး။ လူ့ဘဝမှာ အနာဂါတ်ဆိုတာကို ဘယ်သူမှ ကြိုမမြင်နိုင်ဘူးလေ။ ပညာစုံတတ်ထားတော့ ကြုံရာအရပ်မှာ ကျရာ အလုပ်ကို လုပ်စားလို့ရတာပေါ့"

ဒေါ်ဦးမေ ခေါင်းတညိတ်ညိတ်ဖြစ်သွားလေသည်။ ယိမ်းက အဲဒီလိုပါ။ တစ်ခါတလေကျတော့လည်း လူကြီးလေးလို ပြောတတ်ပြန်ရော။ ဆိုးလို့ရလို့ ဆိုးတယ်။ နွဲ့လို့ရလို့ နွဲ့တယ်။ ဒါပေမဲ့ ...





ကိုယ်ပိုင်အသိတရားကို မလိုအပ်သေးလို့ သိမ်းထုပ်ထားသည့်ပုံပါ။

"ယိမ်းပြောတာလည်း မှန်တာပဲ။ ဘာမှမသိ ဘာမှမတတ်ရင် ကုဋေရှစ်ဆယ်သူဌေးသားက ဥပမာပဲလေ"

"ယိမ်းကလေ"

ပြောမလို့လုပ်ပြီးမှ မပြောသေးဘဲ ပန်းကန်တွေကို ထပ်ပြီး သယ်မလို့လုပ်လေလျှင် ...

"ထားခဲ့လေ ယိမ်း ... မလုပ်နဲ့တော့၊ ဒေါ်ဦး လုပ်မယ် ကလေးအရင်ရေချိုး"

ဒေါ်ဦးက ပြောရင်း ယိမ်းလှည့်ထွက်သွားမယ့်နေရာကနေ ပိတ်ရပ်ထားလေတော့ ယိမ်း ပန်းကန်တွေကို စားပွဲပေါ်မှာ ပြန်ချထားလိုက်သည်။

"ဆက်ပြောပါဦး ယိမ်းက ဘာဖြစ်လို့လဲ"

ဒေါ်ဦးက မေးလေလျှင် ...

"ဘာဖြစ်ရမှာလဲ ဒေါ်ဦးရဲ့၊ ယိမ်းက ဆပ်ပြာကောင်းလို့ ဖြူပြီး လှနေတဲ့ ခေါင်းပေါင်းလေ"

"အဲဒီလိုတော့ မပြောပါနဲ့ ယိမ်းရယ်၊ အစ်ကိုကြီးနဲ့မကြီးက ယိမ်းကို ဒီလောက်ချစ်နေတာကို"

"အဲဒါကို ယိမ်း နားလည်ပါတယ်။ ကြီးကြီးတို့ကို ကျေးဇူး မတင်လို့ ပြောနေတာလည်း မဟုတ်ဘူး။ ကြီးကြီးတို့ကျေးဇူးကို



www.burmeseclassic.com

www.burmeseclassic.com



ယိမ်းဆယ်ဘဝပြန်ဆပ်ရင်တောင် ကျေမှာမဟုတ်ဘူးလေ။ အခု ယိမ်းပြောတာက ကိုယ့်ဘဝကို ကိုယ်နားလည်ထားချင်တာပါ''

ဒေါ်ဦးမေ သက်ပြင်းလေးချလိုက်မိပြန်သည်။ ယိမ်းကို သူမ ဘယ်လိုနားလည်ရမှန်းကို မသိတော့ပါဘူး။ မင်းဘုန်းခအပေါ်မှာကျ ဆိုးသလိုလိုနဲ့ ကျန်တဲ့သူတွေအပေါ်ကျတော့ သိတတ်ပြန်ရောလေ။ ဆိုးတယ်၊ နွဲ့တယ်ဆိုတာလည်း အင်း . . . အစ်ကိုတစ်ယောက်မို့လို့ပါ။

''ကဲပါ . . . အဲဒါတွေ ပြောမနေနဲ့တော့။ ကလေး ရေသွားချိုးလိုက်တော့ . . . နော်''

''ဟုတ်ကဲ့''

ယိမ်း လှည့်ထွက်မလို့ ပြင်လိုက်စဉ် . . .

''နေဦး''

''ဟင်''

နေဦးဆိုတဲ့အသံကြောင့် ယိမ်းခြေလှမ်းက မရွေ့ဖြစ်သေးပေ။

''မောင်ဘုန်းခ''

''ယိမ်း''

''ဟင်''

''နင် . . . မေမေတို့ကို ဘာတွေချွန်တွန်းလုပ်လိုက်တာလဲ





ပြောစမ်း။ တော်တော်မှ ချွန်လိုက်ရဲ့လားဟင်''

''အမှန်တွေ ပြောပြလိုက်တာလေ။ အပို့ချွန်တာ တစ်လုံးမှ မပါဘူး''

''ဘာ''

တွေ့လား။ ပြောလိုက်ရင် အဲဒီလို။ ကိုယ့်ကိုဆိုရင် ပြန်ပြောလိုက်ရမှ။ အဲ . . . မိဘတွေကလွဲရင် အခြားသူတွေလည်း မဟုတ်မခံ ပြန်ပြောတာပဲလေ။

''ငါ နားရင်းအုပ်လိုက်ရ။ နင့်ကျတော့ အကောင်းဘက်က ပြောခဲ့တယ်မို့လား''

''ယိမ်းက မကောင်းတာမှ မလုပ်ခဲ့တာ။ သူငယ်ချင်းနဲ့ အဖော်လိုက်သွားတာပဲလေ။ အမှန်အတိုင်းပဲ ပြောပြတာ''

''အမယ်ပြောပုံက . . . နင်က မကောင်းတာမလုပ်ခဲ့ဘူးဆိုတော့ ငါကပဲ လုပ်ခဲ့သလိုလိုနဲ့ပါလား''

''အဲဒါတော့ ကိုကြီးကိုယ့်ကိုကြီး အသိဆုံးဖြစ်မှာပေါ့''

''ကျွတ်''

ပြောလိုက်ရင် အဲဒီလိုချည်းပါပဲ။

''သိရအောင် ငါက ဘာတွေမဟုတ်တာ လုပ်နေလို့လဲ ယိမ်းနော် . . . နင် ကလေးကာ, ကလေးလိုနေ။ လူကြီးတွေကိစ္စ ဝင်,ဝင်မရှုပ်နဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဘာရှုပ်လို့လဲ၊ ဘာမှမရှုပ်ဘူး"

ပြောပြီး ယိမ်း နှုတ်ခမ်းလေး ရှုထော်သွားလေသည်။ ခင်ဝါဆို ဆိုတဲ့မိန်းမက ကိုယ့်အပေါ် အထက်စီးပုံစံနဲ့ ဆက်ဆံလို့ ပြန်ပြောတာ ဘာဖြစ်လဲ။ ကိုယ်နဲ့မသိသေးတဲ့ မိန်းကလေးတစ်ယောက်ကို တောင် ရန်လိုတဲ့စကားနဲ့ မိတ်ဆက်တဲ့မိန်းမ။ ဘယ်သူက ဘယ်လိုဆိုတာ မသိသေးဘူး။ သိရင်လည်း လူကိုလူလို့ မထင်တတ်တဲ့ မျက်နှာထားမျိုးလေ။

ဒီလိုမိန်းမမျိုးနဲ့ ...

ကိုကြီးကို သဘောမတူနိုင်ပါဘူး။ ဘာမှမဟုတ်လည်း ဟုတ်လာမှာစိုးလို့ ကြိုတင်ကာကွယ်တဲ့သဘောနဲ့ ကြီးကြီးကို ပြန်ပြောလိုက်တာ ဘာဖြစ်လဲ။

"အေး ... အခုလည်း မရှုပ်နဲ့၊ နောင်လည်း မရှုပ်နဲ့။ ကိုယ့်ကိုယ်ကိုယ်ပဲ နိုင်အောင်ထိန်း။ သူငယ်ချင်းနဲ့ အဖော်လိုက်တယ်ဆိုပြီး အတူမြင် အတတ်သင်လို့ကတော့လား"

"ဘာလုပ်မှာလဲ"

"ကျောင်းထုတ်ပစ်မှာ"

"အင်"

အဲဒီအချက်ကိုတော့ ယိမ်း တကယ်စိုးရိမ်မိတာပါ။ ယိမ်း ပညာတတ်ဖြစ်ဖို့ မျှော်လင့်ချက်နဲ့ အရာရာ အနစ်နာခံပြီး ကြိုးစားခဲ့





သူ့အတွက် ယိမ်း ဒီပန်းတိုင်ကိုရောက်အောင် သွားချင်ခဲ့တာပါ။ ဒီ မျှော်လင့်ချက်ကိုတော့ ယိမ်း ဘယ်တော့မှ အပျက်ခံမှာမဟုတ်ပါဘူး။

ဒါပေမဲ့ ...

ယိမ်းကိုပဲ ဆုံးမသလိုလိုဆိုတော့ ကိုယ်ကပဲ မှားနေတဲ့ အတိုင်းပါပဲ။

ဒီတော့ ...

"စိတ်ချပါ ... ယိမ်း အဲဒီအင်းယားကန်ကို နောက် ဘယ်တော့မှ မသွားတော့ဘူး။ သူငယ်ချင်းတွေ အဖော်ခေါ်လည်း မလိုက်ဘူး"

"အင်း ... ဒီလိုမှပေါ့"

"သွားချင်းသွားရင် ကန်တော်ကြီးတို့၊ ပြည်သူ့ရင်ပြင်တို့ပဲ သွားမယ်"

"ဘာ"

ပြောပြီးတာနှင့် ယိမ်းက ထွက်သွားလေတော့ ခေါ်ဦးမှာဖြင့် မောင်ဘုန်းခကိုကြည့်ပြီး ရယ်ရမလို၊ ပြုံးရမလိုလိုပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

“သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်”

××××××××××××××××××××××

သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် . . .

ပန်ဆင်အလှ

တစ်ခဏနဲ့ ကြွေကျသွားမှာစိုးလို့

နေပါစေ သူ့အပင်နဲ့သူ။

မချူးရက်ဘူး . . . မခူးရက်ဘူး။

ဆူးခက်တွေ ခြံရံထား

သူ့အလှတရား သက်တမ်းရှည်ပါစေ။သူသာ





ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် . . .

မနမ်းပါဘူးလေ သူနွမ်းသွားမှာစိုးလို့

သူ့ရနံ့နဲ့သူ

ကမ္ဘာမြေအနှံ့ မွှေးပျံ့ပါစေ။

သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် . . .

သူ့ဘဝ . . . သူ့အလှ

သူ့မာန သူ့ဂုဏ်နဲ့သူ

လူအမြင်တင့် တန်ဖိုးမြင့်ဖို့

ငါက

ဥယျာဉ်မှူးပဲ ဖြစ်ပါရစေ။

ကဗျာလေးကိုဖတ်ပြီးလို့ ဆုံးတာနှင့် ထုံးစံအတိုင်း မင်းဘုန်းခ share လိုက်သည်။ ဒီကဗျာလေးကို ဖေ့စ်ဘွတ်မှာ တွေ့လို့ ဖတ်မိပြီးကတည်းက share ပြီးရင်း share တာ အခုနဲ့ဆို ဘယ်နှစ်ခါမြောက်မှန်းမသိတော့ပေ။ ရှေ့က share ပြီးသားကို ပြန်ရှာပြီးတော့ထပ် share အသစ်ဖြစ်။ ပြီးတော့ အသစ်တွေထပ်ပြီး posts တင်တော့ဟောင်းသွားလိုက်ပြန် share လိုက်နှင့် ဒီကဗျာက သံသရာလည်နေတာပါ။

ဒီကဗျာရဲ့သံသရာကို အမြင်ကတ်နေသူကတော့ မင်းဘုန်းခ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့သူငယ်ချင်း သိန်းသန်းထူးပါ။ အခုလည်း စကားပြောနေရာကနေ ဖော်ဘွတ်သုံးနေကြတာလေ။ သူ့အထဲမှာ ဒီကဗျာတက်လာတော့ မင်းဘုန်းခဘက်သို့လှည့်ပြီး . . .

"ဘုန်းခ"

". . ."

"ဟေ့ကောင်"

"ဟင် . . . ဘာလဲ"

"မင်းကို ငါ အကြံတစ်ခုပေးမလို့"

"ပြော"

စီးပွားရေးသမားတွေမို့ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်ယှက်ခတ်နေတာ။ အားတဲ့အချိန်လေးမှာ လှသုံးကြရတာမို့ သူများတွေလို စိမ်ပြေနပြေ ထိုင်ပွတ်မနေနိုင်ဘူးလေ။ မွတ်နေခွင့်ရတဲ့အချိန်လေးမှာပဲ . . .

"မင်း . . . ဒီကဗျာ သံသရာကနေရပ်အောင် account အသစ်တစ်ခု ထပ်သုံးပါလား။ အဲဒီ account သစ်ထဲမှာ ဒီကဗျာကို ထည့်ထား။ အခြား ဘာ post မှ မတင်နဲ့။ သတိရလို့ ပြန်ဖတ်ချင်ရင် အဲဒီ account ကို ထည့်သုံး အဆင်ပြေတာပေါ့"

"ဟင် . . . ဘာလဲ မင်းက ငါ့ကို ရွဲ့တာလား"

"မရွဲ့ပါဘူး။ ငါက စေတနာအမှန်နဲ့ ပြောတာပါ။ ဒါမှမဟုတ်လည်း အဲဒီကဗျာကို ဗီနိုင်းပိုစတာအကြီးကြီး လုပ်ပြီး မင်း





အခန်းထဲမှာ ချိတ်ထားလိုက် ပြီးရောကွာ"

"ခွေးကောင် . . . မင်း မရွဲ့ဘူးသာ ပြောတယ်၊ ရွဲ့နေတာ။ ငါကလည်း ဖြစ်နိုင်ရင် လုပ်ထားချင်တာကွ"

"လုပ်လေ လုပ်ပေါ့"

သိန်းသန်းထူး အမြင်ကတ်ကတ်နှင့် ပြောလိုက်တာပါ။ ကိုယ့်သူငယ်ချင်းအကြောင်းကို ကိုယ်သိသည်လေ။ ဒါပေမဲ့ မင်းဘုန်းခက ဝန်မခံတော့ ခက်နေတာပေါ့။

"ပြောတော့ မင်းက မကြိုက်သေးဘူး။ အဲဒီမှာ ဥယျာဉ်မှူးပဲ လုပ်နေ၊ အချိန်တန်ရင် မင်းလက်ပဲ ဆွေးရူးကျန်ခဲ့လိမ့်မယ် သိလား"

"မင်းက ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ၊ ငါ့ဘာသာ ကဗျာကို ကြိုက်တာ၊ ဘာလို့ ဆွေးရူးရမှာလဲကွ။ ဟား . . . ကဗျာတစ်ပုဒ်တောင် မကြိုက်ရဲသလောက်ပါလား"

"ဒါဆို ,မင်း တကယ်ရိုးသားတယ်ပေါ့"

"ဘာကိုလဲ . . . ခက်တော့နေပါပြီ"

ပြောပြီး မင်းဘုန်းခ ဖုန်းကို စားပွဲပေါ်သို့ တင်လိုက်လေသည်။ သိန်းသန်းထူးလည်း ထို့နည်းတူ တင်လိုက်ပြီး မင်းဘုန်းခကို စိုက်ကြည့်လေလျှင် ပထမတော့ မင်းဘုန်းခ ပြန်ကြည့်ပြီး နောက်တော့ မျက်နှာလွှဲပစ်လိုက်၏။

"မင်း သူများကိုသာ ညာလို့ရမယ် ဘုန်းခ၊ မင်းနဲ့ငါက



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ချင်း ငြိပြီး ပေါင်းလာကြတဲ့ သူငယ်ချင်းတွေပါကွာ။ မင်း ဘာဖြစ်နေတယ်ဆိုတာ ငါသိတယ် ဟောကောင်”

မင်းဘုန်းခ ဖြေရှင်းချက်ထုတ်မနေချင်တော့ပါဘူး။ သူပြောတာလည်း မှန်နေသည်လေ။ သိန်းသန်းထူးနဲ့ မင်းဘုန်းခဆိုတာ တစ်ယောက်အကြောင်း တစ်ယောက်သိသူတွေ။ ဒီကိစ္စကျမှ လျှို့ဝှက်မှု တစ်ခုလို ဖြစ်နေခဲ့တာပါ။

“ဘုန်းခ”

“. . .”

“မင်းနဲ့ငါက အချစ်ဆုံးသူငယ်ချင်းတွေပါကွာ။ ဘာ အကြောင်းပဲဖြစ်ဖြစ် တိုင်ပင်လာကြပြီးမှ ခုမှဘာဖြစ်တာလဲ။ ငါက မင်း လျှို့ဝှက်ထားရမယ့်လူလား”

“ငါ . . . ဒီအကြောင်းတွေကိုတော့ ပြောမပြချင်ဘူး သူငယ်ချင်း။ မင်းရိပ်မိတယ်ဆိုရင်လည်း ထားလိုက်ပါ။ ငါ့ပါးစပ်ကနေတော့ ငါ ပြောမပြချင်ဘူး”

ဒီစကားက ဘာလဲ။ ဝန်ခံတာလည်း မဟုတ်။ ငြင်းတာလည်း မဟုတ်နဲ့။ သူ့ပါးစပ်ကနေ ပြောပြတော့ရော ဘာဖြစ်မှာမှတ်လို့။

“အေးလေ . . . မင်းမပြောချင်ဘူးဆိုလည်း ထားလိုက်ပါ။ ငါကတော့ ပွဲကြည့်ပရိသတ်ပဲပေါ့”

“ငါ . . . ဒီယုန်မြင်လို့ ဒီချုံထွင်တယ်လို့ အပြောမခံချင်ဘူး





ကိုဦး။ ငါ့လိပ်ပြာ ငါသန့်ချင်တယ်။ စေတနာကနေ ဝေဒနာလည်း အဖြစ်မခံချင်ဘူးကွာ”

ပန်းကိုလို အပင်ကို ပျိုးရ၏ဆိုတဲ့စကားက ဒီလိုနေရာမျိုးမှာ ကျ အသုံးမဝင်တော့ပါလား။ တွေးမိရင် ရင်လေးမိပါသေးတယ်။

“ဒါဆို မင်းက ဥယျာဉ်မှူးပဲ လုပ်တော့မယ်ပေါ့ ဟုတ်လား”

“ဟုတ်တယ် ကိုထူး။ ငါပျိုးတဲ့ပန်း သူတော်ကောင်းလက်ထဲ ရောက်ရင် ငါ ကျေနပ်ပါတယ်”

“ဟူး”

သိန်းသန်းထူးကတော့ ခေါင်းတခါခါပါ။ အများသိထားတဲ့ မင်းဘုန်းခရဲ့ညီမ ယိမ်းနွဲ့ဟန်ဆိုတာ တကယ်တော့ မင်းဘုန်းခနဲ့ ဘာမှသွေးမတော် သားမစပ်ပေ။ မောင်နှမလို့ ပတ်ဝန်းကျင်အချို့ သိထားပေမယ့် မောင်နှမ မဟုတ်တာကို သိတဲ့ ပတ်ဝန်းကျင်ကလည်း ရှိနေသည်လေ။

ဒီဇာတ်လမ်း . . .

ဇာတ်မျောကြီးပဲဖြစ်မလား။ ဒရမ်မာပဲ ဖြစ်မလား။

“ဒါနဲ့ ဟိုတစ်ယောက်အခြေအနေကရော ဘယ်လိုလဲ”

“ဘယ်တစ်ယောက်လဲ”

“ခင်ဝါဆိုလေ”

“အလုပ်ကိစ္စကြောင့် ပတ်သက်နေတာပါကွာ။ နိုင်လည်း



www.burmeseclassic.com

www.burmeseclassic.com



မခုန်ဘူး ကျောလည်း မခုန်ဘူး''

"အေး . . . မင်းကသာ ဘာမှမခုန်တာ။ ဟိုကတော့ ဘာတွေ ခုန်နေလို့ တစ်ဘုန်းတည်း ဘုန်းနေတယ်မသိဘူး။ မင်း သတိတော့ ထားနော် ဘုန်းခ။ ခင်ဝါဆိုက လည်တယ်ကွ။ တော်ကြာ မင်းကို ဆွဲစိနေဦးမယ်''

မင်းဘုန်းခ ပြုံးလိုက်မိ၏။ သူမက လည်သလို ကိုယ်က လည်း တုံးကြီးမှ မဟုတ်ပဲလေ။

"အေးပါကွာ။ ခုလို စေတနာနဲ့ သတိပေးတာ မင်းကို ကျေးဇူးတင်ပါတယ်။ ငါလည်း သတိထားနေတာပါပဲ''

"အေးပါ . . . အခြားဟာ သဘောမကျတာ မဟုတ်ပါဘူး။ ခင်ဝါဆိုက 'ဖ' ရှိတယ်ကွ။ သူလိုချင်တာရပြီဆိုရင် ကန်ထုတ်သွား တာ''

ကိုယ်က ကန်ထုတ်ခံမယ့်ယောကျ်ားမျိုးမှမဟုတ်တာ။ သူမအလှမှာ မယစ်မူးတဲ့အတွက် ပေးဆပ်စရာအကြောင်းလည်း မရှိဘူးလေ။

❀ ❀ ❀



## အခန်း (၇)

ကြီးကြီးက အကြောတွေတက်တယ်ဆိုတာနှင့် ယိမ်းနှိပ်ပေး နေတုန်းမှာ ဘဘက သတင်းစာဖတ်နေသည်။ ကြီးကြီးနဲ့ယိမ်းသာ စကားတွေ ပြောနေတာ ဘဘက ဘာစကားမှမပြောတော့ သတင်း စာဖတ်ပျက်မှာစိုးလို့ ဘဘကိုရော၊ ဘာလုပ်ပေးရဦးမလဲလို့ မမေး ဖြစ်ပေ။

"တော်ပြီ သမီး တော်ပြီ။ နှိပ်နေရတာ ကြာပြီဆိုတော့ သမီးလည်း ညောင်းနေရောပေါ့''

"ရပါတယ် ကြီးကြီးရဲ့၊ သမီးက လူငယ်ဆိုတော့ ညောင်း တာ ဘာမှမဖြစ်ဘူး။ ကြီးကြီး သက်သာဖို့က အဓိကပါ''



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . အဲဒီလို သိတတ်လို့ကိုပဲ ပိုပြီး ချစ်နေရတာ"

ပြောပြီး ဒေါ်စိုးစိုးစံက ယိမ်းခေါင်းလေးကို ပွတ်ပေးလေသည်။ ယိမ်းက ရယ်ပြီး ခေါင်းလေးမော့ကာ . . .

"ကြီးကြီး"

"ဟင်"

"ယိမ်းကို တကယ်ချစ်တာလားဟင်"

"သြော် . . . သမီးရယ် တကယ်ချစ်တာပေါ့၊ ဘယ်လိုများ မေးလိုက်တာလဲ၊ သမီးကို ငယ်ငယ်ကတည်းက ကြီးကြီးတို့ပဲ မွေးခဲ့ရတာ၊ သမီးက ကြီးကြီးရဲ့သမီးပဲပေါ့ကွယ်"

"သမီး"

အခုတစ်ခါ ခေါ်တာက ဘဘမို့ ယိမ်း မော့ကြည့်လိုက်ရင်း

"ရှင် . . . ဘဘ"

"သမီးက ဘဘတို့ သမီးကို အခုလို ကျွေးမွေးပြုစုစောင့်ရှောက်ထားတာကို သမီးအစ်ကို မောင်ရဲရင့်နဲ့ ပတ်သက်ပြီး မဖြစ်မနေမို့လို့ စောင့်ရှောက်ထားတယ် ထင်လို့လား"

". . ."

"မဟုတ်ဘူးနော် သမီး၊ မောင်ရဲရင့်နဲ့ ပတ်သက်ပြီး မကောင်းရာ မကောင်းကြောင်းနဲ့ဆိုရင် သမီးကို တစ်လ ဘယ်လောက်ဆိုတာမျိုး ပေးပြီး ထောက်ပံ့ထားရုံနဲ့ ရတယ်။ အခု ဘဘတို့က သမီးအပေါ်မှာ





သမီးအရင်းလို ချစ်လို့ အိမ်မှာခေါ်ထားတာပေါ့။ ပြီးတော့ သမီးကို လိုလေသေးမရှိနဲ့ ဘာလိုချင်တယ်ဆိုဘာ၊ ညာလိုချင်တယ်ဆိုညာ ဝယ်ပေးနေတာတွေက သာမန်သံယောဇဉ်ကြောင့် မဟုတ်ဘူးလေ"

"ဟုတ်ကဲ့ . . . သမီး နားလည်ပါတယ် ဘဘ။ သမီး နားမလည်လို့ မေးတာမဟုတ်ပါဘူး။ ချစ်လားမေးရင် ချစ်တာပေါ့လို့ ပြန်ဖြေသံကြားရတာ ပီတိဖြစ်ရလို့ပါ"

"သြော် . . . ဖြစ်ရမယ် ဒီကလေးတော့"

ဒေါ်စိုးစိုးစံက ယိမ်းမေးစေ့လေးကို ချစ်စနိုးနှင့် ဖျစ်ညှစ်လိုက်လေသည်။ ထိုစဉ်မှာပဲ အိမ်ရှေ့က ကားသံကြားသဖြင့် အကြည့်က ဘယ်သူအိမ်ထဲဝင်လာမလဲလို့ အိမ်ပေါက်ဆီသို့ စုပြုသွားကြသည်လေ။

ခဏအကြာမှာတော့ . . .

ဝင်လာတဲ့သူတွေကို မြင်လိုက်ရပြီး . . .

"ဟင်"

ယိမ်း ချက်ချင်းပဲ ကြီးကြီးကို မော့ကြည့်ပြီး . . .

"ကြီးကြီး"

"ဟင်"

"ခင်ဝါဆို,ဆိုတာ သူပဲ"

ခပ်တိုးတိုးပဲ ပြောလိုက်မိ၏။ ဒေါ်စိုးစိုးစံလည်း ယိမ်းစကား



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ခင်ဝါဆို့ဆိုတာကို အကဲခတ်သလို ကြည့်လိုက်သည်။

"လာ . . . ထိုင် ဝါဆို"

ဝါဆိုရော မင်းဘုန်းခပါ ထိုင်လိုက်ပြီးနောက် . . .

"ဖေဖေနဲ့မေမေကို ဝါဆိုနဲ့ မိတ်ဆက်ပေးရဦးမယ်။ ဖေဖေနဲ့မေမေ"

ခေါ်လိုက်တော့ မိဘနှစ်ပါးစလုံးက ခေါင်းညိတ်ပြီး ပြုံးပြကြလေသည်။ သဘောမကျပေမယ့် သူတို့က မရိုင်းပါဘူး။ ပြန်ပြုံးပြတဲ့ ဝါဆိုအပြုံးက သကာရည်ထက်ပင် ချိုလိမ့်ဦးမည်။

"သူ့နာမည်က ခင်ဝါဆိုတဲ့၊ အလုပ်ကိစ္စ ဆွေးနွေးစရာရှိတာ အိမ်မှာပဲ ဆွေးနွေးမယ်ဆိုပြီး သား ခေါ်လာခဲ့တာ"

"ဟေ"

"ဟင်"

လင်မယားနှစ်ယောက် အကြည့်ချင်းဆုံသွားကြလေသည်။ ဒေါ်စိုးစိုးစံကတော့ သား ကိုယ့်ကို ရှုံ့တာလားလို့ ထင်လိုက်မိ၏။

"ဝါဆို"

"ရှင်"

"ဒါက ကိုယ့်ဖေဖေ ဦးမင်းကိုပါ။ မေမေ့နာမည်ကတော့ ဒေါ်စိုးစိုးစံလေ။ ယိမ်းကတော့ ဝါဆိုနဲ့ ဆုံဖူးတာပဲ။ အထူးမိတ်ဆက်ပေးမနေတော့ပါဘူး"





"တွေ့ရတာ ဝမ်းသာပါတယ် အန်တီနဲ့အန်ကယ်။ ဝါဆိုက မိဘတွေမရှိကြတော့ဘူးလေ။ အဲဒါကြောင့် အန်ကယ်နဲ့အန်တီ့ကို မိဘလို သဘောထားပါတယ်။ ဝါဆိုကိုလည်း သမီးတစ်ယောက်လို သဘောထားပြီး အမြင်မတော်တာရှိရင် ဆုံးမပါ"

ယိမ်းနှုတ်ခမ်းလေးကို မဲ့ပစ်လိုက်မိ၏။ ဇာတ်လမ်းကစလာပြီလေ။ သမီးတစ်ယောက်လို သဘောထားပါတဲ့။ ဒါ အသားလိုလို့ အရိုးတောင်းတာ မဟုတ်ဘူးလား။ ဒီလိုအချိုးတွေ ရိုးလို့။

"ဪ . . . သမီးက မိဘတွေ မရှိကြတော့ဘူးပဲကိုး"

"ဟုတ်ပါတယ် အန်ကယ်လ်"

"ဒါဆို သမီးကိုယ့်ကိုယ်ကိုယ်ပဲ ထိန်းကျောင်းရမှာပေါ့။ ကောင်းပါတယ်ကွယ်။ မိဘတွေမရှိတော့ အနေအထိုင် ဆင်ခြင်ပေါ့ သမီးရယ်"

"ဟုတ်ကဲ့ပါ အန်ကယ်၊ သမီး အန်ကယ့်လ်စကားကို နားထောင်ပါ့မယ်"

ဦးမင်းကို ခေါင်းညိတ်လိုက်ပြီး . . .

"နောက်လည်း အန်ကယ်လ်တို့အိမ်ကို ဝင်နိုင်ထွက်နိုင်ပါတယ်ကွယ်"

"ဟုတ်ကဲ့ပါ အန်ကယ်လ်"

ဒေါ်စိုးစိုးစံ ခင်ပွန်းဖြစ်သူကို မျက်စောင်းထိုးလိုက်သည်။ သူက လောကွတ်နဲ့ ကျောပွတ်တာ အကြောင်းမဟုတ်ဘူး။ ဟိုက



www.burmeseclassic.com

www.burmeseclassic.com



တကယ် လာချင်လာမယ့်ပုံလေ။ သားလည်း ကိုယ့်ကို ရွဲ့တာ နည်းနည်းများသွားပြီ။ မကျေနပ်ပေမယ့် မပြောသေးပါဘူး။

"ယိမ်း"

"ဟင်"

"ညည်းအတွက် တစ်ခုခုစီစဉ်ပေးပါဦး"

ယိမ်း ကြီးကြီးမျက်နှာကို မော့ကြည့်လေတော့ မျက်လုံးက တစ်ခုခုပြောပြီး မသိမသာ ခေါင်းညိတ်ပြလေသည်။

"အပူလား၊ အအေးလား ကိုကြီး"

"အအေးပဲလုပ်ပါ"

"ဟုတ်"

ယိမ်း ထလာခဲ့လေတော့သည်။ တွေးကြည့်သေးတာပေါ့။ အိမ်မှာ ဘာဘာက ဝမ်းချုပ်တတ်တော့ ဝမ်းနုတ်ဆေး အမြဲဆောင်ထားရသည်လေ။ အလုပြင်ဖို့နေနေသာသာ ကိုယ့်လက်တောင် ကိုယ်မမြှောက်ချင်၊ မသယ်ချင်အောင် လုပ်လိုက်ဦးမယ်။ အဲဒါမှ အိမ်ကိုလည်း နောက်မလာချင်မှာ။

မင်းဘုန်းခ . . .

ကိုယ်မှန်းခိုင်းတာကို ယိမ်း အသာတကြည်နဲ့ လုပ်ပေးဖို့ ထွက်သွားတာကို မသက်ာပေ။ ဒီကောင်မလေးက စိတ်ချရတာ မဟုတ်ဘူး။ မဖြစ်သေးဘူး လိုက်သွားဦးမှပါ။





"ဝါဆို"

"ဟင်"

"ခဏနော်"

"ဝါဆိုကို ထားခဲ့ပြီး ဘယ်သွားမလို့လဲ ကိုဘုန်းရဲ့"

"ခဏလေးပါ . . . ကိုယ် မကြာဘူး ပြန်လာခဲ့မယ်"

မင်းဘုန်းခ ပြောပြီးတာနှင့် မီးဖိုချောင်ဘက်သို့ ထွက်လာခဲ့တော့သည်။ စောစောက မေ့သွားတာ။ ဒေါ်ဦးကိုပဲ ခေါ်ပြီး လုပ်ခိုင်းလိုက်ရ အကောင်းသား။

"ယိမ်း"

"အမေ့"

ယိမ်း ဖန်ခွက်ကို ချရုံပဲရှိသေး နောက်ကနေ ခေါ်လိုက်တော့ ကိုယ်လေး ဆတ်ခနဲ ဖြစ်သွားလေသည်။

"အဲဒါ ဘာဖြစ်တာလဲ"

"လန့်သွားတာလေ"

"ငါ့ကိုများ လန့်ရအောင် နင် ဘာတွေမဟုတ်တာ လုပ်ဖို့ ကြံစည်ထားလို့လဲ"

"အမယ် ကိုကြီးနော် . . . ယိမ်းကို မဟုတ်တာ မစွပ်စွဲနဲ့။ ယိမ်း အဲဒီလောက်အထိ စိတ်မပုပ်ဘူး။ ညည်းအတွက်မို့ စေတနာနဲ့ လုပ်ပေးတာကို"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်နော်"

မေးပုံက ပေစောင်းစောင်းကြည့်ပြီးတော့လေ။ ယိမ်းလည်း
...တ်ခမ်းစူလိုက်ပြီး . . .

"ကိုကြီး . . . အဲဒီလောက်တောင် ယိမ်းကို မသကာလာဖြစ်
နေရင် ကိုကြီးဘာသာပဲ လုပ်တော့။ ယိမ်း သွားမယ်"

"ဟာ . . . ယိမ်း"

မင်းဘုန်းခ ထွက်သွားမလို့ပြင်လိုက်တဲ့ ယိမ်းလက်ကောက်
...ဝတ်ကို ဖမ်းဆုပ်ထားလိုက်လေသည်။ ပြီးမှ . . .

"ဘာမှမလုပ်ဘူးဆိုလည်း ပြီးတာပဲ"

ပြောပြီး မင်းဘုန်းခ ပြန်ထွက်သွားတော့မှ ယိမ်း ပခုံးတွန့်
...ပြီး ခိုးခနဲ ရယ်လေတော့သည်။ ဒီတစ်ခါတော့ မှုသားသုံးလိုက်ပြန်ပြီ။
...ဒီလိုမပြောလို့ မဖြစ်ဘူးလေ။

မင်းဘုန်းခတို့မှာတော့ . . .

"အိမ်မှာ သမီးလေးက အားကိုးရတယ် ဝါဆိုရဲ့။ ကျောင်း
...ပိတ်ရက်ဆို မီးဖိုချောင်ဝင်ပြီး ကိုယ်တိုင်ချက်တယ်။ အိမ်အလုပ်တွေ
...ပိုင်းကူလုပ်တာ။ ထမင်းဟင်းချက်တာ လက်ရာက ကောင်းမှကောင်း
...ပဲ"

"ဩော် . . . ဟုတ်လား"

"ဟုတ်တယ် ဝါဆိုရဲ့။ မိဘတွေအပေါ်လည်း အရမ်းသိတတ်





တာ။ အန်တီတို့ကလည်းလေ ဒီသမီးလေးကို မိုင်းကောင်းကျောက်ဇိ
ဖြစ်အောင်ကို သင်ထားတာ။ အဲဒါမှ အရွယ်ရောက်လို့ အိမ်ထောင်
ကျတဲ့အခါ ဘယ်နေရာပဲထားထား ရမှာပေါ့"

ဝါဆို စိတ်ထဲမှာ တင်းခနဲဖြစ်သွား၏။ ဒါ သူ့သမီးနဲ့ ကိုယ့်
ကို နှိုင်းယှဉ်ပြတာလား။ သူ့သားနဲ့ပါလာတော့ သူ့သားနဲ့ တာလိုလို
ထင်ပြီး ကိုယ့်ကို ဖွဲ့နေတာပဲ ဖြစ်ရမယ်။

ဒီတော့ ကိုယ်ကလည်း . . .

"ဒါဆို အန်တီ့သမီးက အရမ်းတော်တာပေါ့။ ဝါဆိုကတော့
အိမ်မှုကိစ္စဆို ဘာမှကို မလုပ်တတ်တာ။ ပိုက်ဆံရအောင် စီးပွားရေးပဲ
လုပ်တယ်။ ကိုယ့်မှာ ပိုက်ဆံရှိရင် ဒီအလုပ်တွေက သူများကို အမိန့်
ပေး ခိုင်းလို့ရတာပဲ အန်တီရဲ့"

"ဒါဆို ဝါဆို အိမ်ထောင်ကျတဲ့အခါလည်း ဒီလိုစီးပွားရေးပဲ
ရှာမှာပေါ့နော်"

"ဟုတ်ပါတယ် . . . ဝါဆိုက အမြဲတမ်း ထက်မြက်တဲ့ မိန်းမပဲ
ဖြစ်ချင်တာ။ အိမ်ရှင်မ မပီသချင်ဘူး"

မင်းဘုန်းခ လွန့်ခနဲ ပြုံးလိုက်မိသည်။ ထက်မြက်တဲ့မိန်းမပဲ
ဖြစ်ချင်တယ်တဲ့လား။ လောလောဆယ်အဖို့မှာတော့ ထက်မြက်သူတွေ
ကို အလှနဲ့ မြူဆွယ်တွယ်ကပ်ပြီး မိုငြမ်းနေတဲ့သူဆိုတာ လက်တွေ့
ကြုံလိုက်ရတဲ့သူတွေ ပြောပြလို့ ကိုယ်သိပြီးပါပြီ။ ခင်ဝါဆိုက ထင်သ



www.burmeseclassic.com

www.burmeseclassic.com



လောက် တော်တာ၊ ထက်မြက်တာ မဟုတ်ဘူး။

သူ့ကို ...

နည်းပေးလမ်းညွှန်နဲ့ လက်တွဲခေါ်တဲ့သူတွေရှိနေတော့ ကြိုးဆွဲတဲ့လက်ကိုမမြင်ဘဲ ဒီအရုပ်ကလေးကတော တော်လိုက်တာ ဆိုတာမျိုးပဲပေါ့။

"ကိုဘုန်း"

"ဟင်"

"အလုပ်ကိစ္စ နောက်မှပဲ ဆွေးနွေးကြရအောင်၊ ဝါဆို ပြန်တော့မယ်"

"ဟော ... ဘယ်လိုဖြစ်ရတာလဲ သမီးရဲ့၊ အလုပ်ကိစ္စက အရေးမကြီးဘူးလား"

ဦးမင်းကို အခြေအနေကို ဝင်ထိန်းပေးပေမယ့် ...

"ဟုတ်တယ် အန်ကယ်လ် ... အခုအလုပ်ကိစ္စက နောက်နေ့မှ ဆွေးနွေးလည်း ရပါတယ်။ အခု အလုပ်ကိစ္စထက် အရေးကြီးတာလေး သတိရသွားလို့ပါ"

ပြောပြီး ဝါဆို ထရပ်လေလျှင် ...

"နေပါဦး ဝါဆိုရဲ့ ... အအေးသောက်သွားဦးလေ"

"ရပါတယ် မသောက်တော့ပါဘူး၊ ဆိုင်မှာ ဝင်သောက်လိုက်လည်း ရပါတယ်"





"အင်"

ထိုစဉ် အအေးဖန်ခွက်ကိုင်ပြီး ယိမ်းရောက်လာလေလျှင်–

"ဟယ် ... မမ ပြန်တော့မလို့လား အအေးသောက်သွားဦးလေ"

"ရတယ် ... မသောက်တော့ဘူး"

ပြောပြီး ထွက်သွားတဲ့ ခြေလှမ်းက မြန်မှမြန်ပါပဲ။ သူကပဲ ကံကောင်းသွားတာလား ယိမ်းကပဲ လက်နှေးသွားတာလား။ ယိမ်း အအေးဖန်ခွက်ကလေးကို ငုံ့ကြည့်ပြီး စိတ်မကောင်းဟန်ပြကာ –

"အအေးလေးတောင် မတိုက်လိုက်ရဘူး နှမြောစရာကြီး"

မင်းဘုန်းခ ကြည့်ပြီး ဘာမှမပြောပေ။ ဝါဆို ပြန်သွားတာ အတွက် သူကတော့ စိတ်မကောင်းမဖြစ်ပါဘူး။ တားလို့မရ ပြန်ပေါ့။ ကိုယ်ကလည်း ခွာထုတ်ချင်နေတာ၊ တားလို့မရလို့ ခက်နေတာ။ အလုပ်ကိစ္စ ဆွေးနွေးစရာရှိတယ်ဆိုတာလည်း သူ့ပဲ အရင်ပြော သူ့ပဲ ချိန်းတာလေ။ ပြီးတော့လည်း ဒီလောက်အရေးကြီးတာ မဟုတ်ပေ။

အဲဒါကြောင့်ကိုပဲ ...

အိမ်ခေါ်တာကို သူမက လိုက်လာတာတော့ မတတ်နိုင်ဘူး ပေါ့။

"သမီး"

"ရှင် ... ဘာဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ပေး . . . အဲဒီအအေးကို ဘဘ သောက်လိုက်မယ်"

"အဲ"

"ဟင်"

ဒေါ်စိုးစိုးစံနှင့်ယိမ်း ဖျတ်ခနဲ အကြည့်ချင်းဆုံသွားကြပြီး မျက်လုံးပြူးကုန်ကြသည်။ ပြီးမှ –

"ဟာ . . . ဘဘကလည်း သမီးသောက်မလို့ကို။ ဘဘ မသောက်နဲ့ သမီးပဲ သောက်လိုက်မယ်"

ပြောပြီး ယိမ်း ပျာပျာသလဲနှင့် နောက်ကြောင်း ပြန်ခေါက်သွားလေတော့ မင်းဘုန်းခ ပြုံးလိုက်မိ၏။

နင် ဘာလုပ်လာတယ်ဆိုတာ ငါ သိတာပေါ့ ယိမ်းရယ်။ ငါ့ဆီ ပြန်သွားတာ ကံကောင်းတယ်မှတ်။

❁ ❁ ❁



## အခန်း (၈)

"ယိမ်း"

"ဟင်"

"နင့်အစ်ကိုက တကယ်ရယ်ရတယ်နော် သိလား"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲဟ . . . သူ ကျောင်းတက်တုန်းက ကန်တင်းတွေ, ဘာတွေ ထိုင်ဘူးလား မသိဘူး။ ဟိုတစ်ခါ နင့်ကို အင်းယားမှာတွေ့လို့ ခေါ်တာလေ။ သူ နည်းနည်းလေးမှ မတွေးမိဘူးလား မသိဘူး။ ဟွန့် . . . တစ်ခါတည်း အင်းယားကန်လာတိုင်း ချစ်သူနဲ့ ချိန်းတွေ့တယ် ထင်တော့တာပဲ။ ဒီလိုပဲ ကန်တင်းထိုင်ကြတာကို"



www.burmeseclassic.com

www.burmeseclassic.com



ဉမ္မာကတော့ အဲဒီလို သီရိနဲ့ ဆန့်ကျင်ဘက်ပါ။ သီရိက စကားနည်းသလောက် ဉမ္မာက စကားများသည်လေ။ စပ်စုရတာလည်း ဝါသနာပါပုံ။ မဟုတ်မခံချင်းအတူတူ ဉမ္မာက ယိမ်းထက် ပို ရှာသည်လေ။ သူတို့နှစ်ယောက် အခြားသူနဲ့ စကားများပြီဆို သီရိကတော့ မျက်စိမျက်နှာပျက်နှင့် ကြောက်နေတတ်သူပါ။

"ကိုကြီးက စိုးရိမ်လွန်တာပါဟာ။ သူမသိတာ မဟုတ်ဘူး သိတယ်။ ဒီကျောင်းတက်တဲ့သူတွေအားလုံး အင်းယားကန်ကို မကာင်း နိုင်ကြဘူးဆိုတာကိုလေ။ သူကိုယ်တိုင် မြင်တွေ့လိုက်ရတော့ ငါ့ကို ဖွဲ့ချင်တာပါ။ သူနဲ့ငါက အိမ်မှာဆိုလည်း ထော်လော်ကန့်လန့်တွေနဲ့ သိပ်တည့်တာမဟုတ်ဘူးဟ"

"ဟယ် ... မောင်နှမချင်းကို ကြင်ကြင်နာနာနေကြမယ် မရှိဘူး"

ယိမ်း တွေခနဲဖြစ်သွားပြီးမှ ဉမ္မာကို ပြုံးပြလိုက်လေသည်။ မောင်နှမချင်းတဲ့လား။ ကိုကြီးနဲ့ယိမ်း တကယ်မောင်နှမ မဟုတ်ကြဘူးဆိုတာကို ဉမ္မာတို့က သိမှမသိကြပဲလေ။ တကယ်တော့ ယိမ်းဘဝ က မြေပါ။ အခုလို ယိမ်းဘဝ မိုးပေါ်ရောက်လာတာ အရင်းအနှီးကတော့ လူ့အသက်တစ်ချောင်းပါပဲ။

ကိုကြီး ...

ယိမ်းရဲ့အစ်ကို အရင်းရဲရင့်က ကိုကြီးမင်းဘုန်းခ အသက်





ဆက်ရှင်ဖို့အတွက် သူ့အသက်ကို ပေးသွားခဲ့တာပါ။ အဲဒါကြောင့် အသက်သခင်ကျေးဇူးရှင်ရဲ့ညီမလေး ခိုကိုးရာမဲ့နေလို့ ခေါ်မွေးစား လိုက်ကြတာ။ ဒါပေမဲ့ ယိမ်းဘဝ မမေ့ပါဘူး။

ကိုကြီးကို အမြဲသတိရတယ်။

ကိုကြီးနဲ့ မောင်နှမနှစ်ယောက်တည်း နေခဲ့ရတဲ့ အိမ်လေးကို သတိရတယ်။ မိဘတွေ ရှေ့ဆင့်နောက်ဆင့် ဆုံးသွားတော့ ကိုကြီးက ယိမ်းကို မငတ်ရအောင် ကြုံရာအလုပ်လုပ်၍ ရှာကျွေးခဲ့သူပါ။ ကိုကြီး ဆုံးတော့ ယိမ်းက ဆယ်နှစ်သမီးပဲ ရှိသေးတာပါ။ ကိုကြီးက အသက် နှစ်ဆယ်ပါ။ ယိမ်းနဲ့ကိုကြီးကြားမှာ မွေးတဲ့နှစ်ယောက်က အဖတ်မတင် ခဲ့တာတဲ့။

ယိမ်း ကျောင်းကပြန်လာပြီးရင် ...

အိမ်ပေါက်ဝလေးမှာ ထွက်ထိုင်ပြီး ကိုကြီးအလုပ်က ပြန်လာ ချိန်ကို စောင့်မျှော်ခဲ့ရတာ ယိမ်း မမေ့ပါဘူးလေ။ တစ်ခါတလေ ယိမ်းကို သနပ်ခါးလိမ်းပေးပြီး ခေါင်းဖီးပေးခဲ့တာတွေ။ မေ့နိုင်ပါ့မလား။

"ယိမ်း"

"ဟင်"

"နှင် ဘာတွေတွေးနေတာလဲ တစ်ခုခုကို တွေးနေသလိုပဲ ငါပြောတာကိုရော ကြားရဲ့လား"

"နှင် ဘာပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်နှမတွေ ကြင်ကြင်နာနာနေကြမယ်မရှိဘူးလို့ ပြောတာ။ နောက်ထပ် ဘာမှထပ်မပြောဘူး။ နင် အသံတိတ်နေလို့ ကြည့်နေတာ"

ဒီတော့မှ ယိမ်း ပြုံးလိုက်ပြီး ...

"မကြင်နာတာရယ်လို့တော့ မဟုတ်ဘူးဟ။ ကိုကြီးက ငါ့ကို မျက်နှာသာမပေးတာ ငါ ရောင့်တက်မှာစိုးလို့ထင်တယ်။ ကျန်တာတော့ အလိုလိုက်ပါတယ်။ ငါ ဘာပဲလိုချင်လိုချင် အကုန်ဖြစ်အောင် လုပ်ပေးတာ။ ဘယ်လိုခေါ်ရမလဲ အတွင်းစိတ်က ဖြူစင်ပါတယ်။ ငါလည်း အမြဲကန့်လန့်ပြော၊ ကန့်လန့်လုပ်တာ ဆိုးရလို့ ဆိုးတာပါ"

"ဪ ... ဒီလိုလား"

"ဟုတ်တယ်"

"ဟဲ့ ... ယိမ်း"

"ဟင်"

ယိမ်းလက်မောင်းကို လက်ကုတ်၍ ခေါ်လိုက်သူက သီရိပါ။ ယိမ်း လှည့်ကြည့်လိုက်တော့ ...

"နင့်ကို ငါ ပြောစရာရှိတယ်"

"ငါ့ကို"

"ဟုတ်တယ်"

"ဟား ... တေမိမင်းသမီးက ပြောစရာရှိတယ်ဆိုတော့





အထူးအဆန်းပါလား"

"ငါ မောင်းထုလိုက်ရမလား"

"ဟင် ... ဘာလဲ ဥမ္မာရဲ့"

"သမီးတော်လေး သုံးခွန်းသော စကားပြောပြီပေါ့လို့ ... မောင်းထုကြော်ငြာမလို့လေ ... ဒီ ... ဟိ ... ဟီး။ ဒူ ... ဟူ ... ဟူ"

ဥမ္မာက လက်ဟန်ခြေဟန်နှင့် မောင်းထုသလို လုပ်ပြလေလျှင် ယိမ်းက ရယ်လေ၏။ သီရိကတော့ ရှက်သလိုလို မျက်နှာလေး ဖြစ်သွားပြီး ...

"ငါက အကောင်းပြောမလို့ဟာကို"

"အေးပါ ... အေးပါ။ ပြောပါ"

"ဟိုရှေ့မှာ ရပ်နေတဲ့ကောင် တွေ့လား"

"ဟင် ... ဘယ်ကောင်လဲ"

"ဟိုကောင်"

သီရိ မေးငေါ့ပြရာသို့ လိုက်ကြည့်လိုက်တော့ တိုရှပ်အဖြူ ဘောင်းဘီနက်ပြာရောင်နှင့်တစ်ယောက်။ ဘောင်းဘီအနက် ရှပ်လက်ရှည်အနက်နှင့် တစ်ယောက်ပါ။ အနက်က ဖုန်းနှင့် ဘာလုပ်တယ် မသိပါဘူး။ ယိမ်းတို့ လှမ်းကြည့်နေတော့ တစ်ဖက်လှည့်သွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်တွေကို ခုတ်ပုံရိုက်မလို့ ချိန်နေပုံပါ။

"အဲဒီကောင်တွေ ဘာဖြစ်လို့လဲ သီရိ"

"စောစောက တို့ဘက်လှည့်ပြီး ဖုန်းနဲ့ ဓာတ်ပုံရိုက်နေတာလား မသိဘူး"

"ဟင်"

"ဟယ်"

အကြည့်က ဟိုကောင်တွေဆီ ပြန်ရောက်သွားကြပြီ။ ဥမ္မာက . . .

"ယိမ်း . . . ဟုတ်,မဟုတ် တို့သွားကြည့်ရအောင်"

"ဟုတ်တယ် . . . သွားရအောင်"

"ဟယ် . . . နင်တို့ကလည်း ငါက သိစေချင်လို့ ပြောပြတာကို အဲဒီလိုမလုပ်ပါနဲ့"

"နင် မလိုက်ရဲရင် ဒီမှာကျန်ခဲ့ သီရိ"

ပါးစပ်ကပြော ခြေထောက်က မြန်ပဲ။ ယိမ်းနှင့်ဥမ္မာ လာတာမြင်တော့ ဟိုနှစ်ကောင်လည်း ထွက်သွားလေလျှင် . . .

"ဒီမှာ . . . ဒီမှာ"

". . ."

"ဒီမှာ ရှေ့က နှစ်ယောက် ခဏနေဦး"

နောက်ကို ပြန်လှည့်ကြည့်ပြီး မေးဆတ်ပြကာ . . .





"တို့ကို ခေါ်တာလား"

"ဟုတ်တယ်"

"ဘာကိစ္စရှိလို့လဲ"

ပြောရင်းဆိုရင်းနှင့် သူတို့အနားသို့ ရောက်သွားလေလျှင် ယိမ်း အနက်ရောင်လက်ထဲက ဖုန်းကို ဆတ်ခနဲ ဆွဲယူလိုက်သည်။ အနက်ရောင်က ဖုန်းကို ပြန်လုလေလျှင် –

"ပြဿနာမကြီးထွားချင်ရင် ငြိမ်ငြိမ်နေ"

ယိမ်း လက်ညှိုးထိုးပြီးပြောလိုက်တော့ အနက်ရောင် လက်တွန့်သွားလေသည်။ ဒါပေမဲ့ . . . ပါးစပ်ကတော့ . . .

"မင်း ဘာလုပ်တာလဲ။ သူများဖုန်းကို အတင်းလုယူတာ . . . ဘာလဲ ဓားပြတိုက်တာလား။ အနိုင်ကျင့်တာလား"

"ဓားပြတိုက်တာလည်း မဟုတ်ဘူး။ အနိုင်ကျင့်တာလည်း မဟုတ်ဘူး။ နင့်ဖုန်းကို စစ်မလို့"

ဥမ္မာက ခပ်စွာစွာ ဝင်ပြောလေလျှင် . . .

"ဟာ . . . ဘာစစ်မှာလဲ။ ဖုန်းပြန်ပေးပါ"

"စောစောက နင်တို့ကို ဓာတ်ပုံခိုးရိုက်ထားတယ် မဟုတ်လား"

"စွပ်စွပ်စွဲစွဲဗျာ . . . ဘာလို့ရိုက်ရမှာလဲ။ မရိုက်ပါဘူး။ ကျွန်တော့်ဖုန်း ပြန်ပေးပါဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး . . . ကြည့်ပြီးရင် ပြန်ပေးမယ်"

"ကျွတ်"

"ကဲပါ လမင်းရာ . . . ထားလိုက်စမ်းပါ။ သိသွားတော့ ပိုတောင်ကောင်းသေး၊ ပေါ်တင်ပေါ့ကွ"

လမင်းသာ သက်ပြင်းချပြီး ကြည့်နေလိုက်ရတော့၏။ ယိမ်း Gallery ကို နှိပ်ပြီး Photos တွေကို ကြည့်လိုက်တော့ . . .

"ထင်တဲ့အတိုင်းပဲ"

ယိမ်းပြောတော့ ဥမ္မာကပါ ခေါင်းလေးတိုးကြည့်ပြီး : . .

"ဟယ်"

အနီးကပ်ဆွဲပြီး ရိုက်ထားတာ။ ယိမ်းတစ်ယောက်တည်း ရယ်ပါ။ နည်းနည်းခွာထိုင်နေတဲ့ ဥမ္မာကတော့ လုံးဝမပါဘူးလေ။ ယိမ်းနဲ့ ကပ်ထိုင်နေတဲ့ သီရိကတော့ ပခုံးစွန်းနဲ့ မျက်နှာတစ်စွန်းတစ်စ ဆိုတာတောင် ပါတယ်ဆိုရုံလောက် နည်းနည်းပဲ မြင်ရတယ်လေ။ ယိမ်း တစ်ပုံပြီးတစ်ပုံ . . .

သူမပုံတွေကို Delete လုပ်ပစ်လိုက်၏။ လမင်းကတော့ နှိုးရိုက်ထားတဲ့ပုံလေးတွေမို့ နှမြောတသနှင့် ကြည့်နေသည်။

"ကဲ . . . ရော့"

ဖုန်းကို ပြန်ပေးတော့ ချက်ချင်းမယူပေ။

"ယိမ်း"





ကိုယ့်နာမည်ကို ခေါ်လိုက်တော့ ယိမ်း မျက်မှောင်ကြုတ်သွားလေသည်။

"တို့ . . . ယိမ်းနဲ့ခင်မင်ခွင့်ရချင်တယ်။ ခင်မင်ခွင့်ပေးပါလား ဟင်"

"ယူက တို့နာမည်ကိုတောင် သိနေပါလား"

"ဒါ မဆန်းပါဘူး ယိမ်းရဲ့၊ နောက်ထပ်သိချင်တာတွေရှိလို့ ကြိုးစားနေတုန်းပါ။ ကြိုးစားနေဆဲမှာပဲ အခုလို မထင်မှတ်ဘဲ စကားပြောခွင့်ရဖို့ ဖြစ်လာတာပါ"

"ဒီမှာ"

"တို့နာမည် လမင်းသာပါ"

"ယူ့ဘာသာယူ လမင်းပဲသာသာ၊ နေမင်းပဲသာသာ တို့ စိတ်မဝင်စားဘူး။ နောက်ထပ် ခုလိုမျိုး မလုပ်ပါနဲ့။ ယူနဲ့လည်း တို့ မခင်ချင်ဘူး။ ရှင်းတယ်နော် . . . ရော့"

ယိမ်း ဖုန်းကို သူ့ရင်ဘတ်ဆီ ပစ်ထည့်ပြီး ထွက်လာခဲ့တော့သည်။

"ဟာ"

လမင်းသာ ပြုတ်ကျသွားတဲ့ ဖုန်းကို အတင်းလိုက်ကောက်ပြီး . . .

"ကျွတ် . . . သွားပါပြီကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ခံလေ ခံလိုက်၊ စောစောကတည်းက သွားမယ်လို့ ပြောတာကို မင်းပဲနေဦးဆိုပြီး ဆက်ကြည့်နေတာလေ"

မလွယ်တော့ မလွယ်ပါလားနော်။

ဟူး ...။



## အခန်း (၉)

ယိမ်း စိတ်တိုပြီး ကိုကြီးကို ဖုန်းပြန်ပေးခဲ့တုန်းက ကိုကြီး စိတ်မကောင်းဖြစ်ရတယ်တဲ့လေ။ ကြီးကြီး ပြောပြတာပါ။ နောက်နေ့မှာပဲ ယိမ်းကို ဖုန်းပြန်ပေးခဲ့တော့ ယိမ်းလည်း ကိုကြီး မကြိုက်တာကို မလုပ်တော့ပေ။ ကိုကြီးက ကတ်ပြောင်းမပေးပေမယ့် ကိုယ့်တာသာပဲ ကတ်ပြောင်းကိုင်ခဲ့တာ။ ရှေ့တင်မှာ မတည့်ကြပေမယ့် ကွယ်ရာမှာ ကိုကြီးစကားကို နားထောင်ခဲ့ခြင်းပါ။

မတည့်ကြဘူးဆိုတာကလည်း ...

ကြီးကြီးကျယ်ကျယ် ရန်ဖြစ်စကားများကြတာ မဟုတ်ပါဘူး။ တစ်ယောက်နဲ့တစ်ယောက် မခံချင်အောင်မှ မပြောလိုက်ရရင် ...



www.burmeseclassic.com

www.burmeseclassic.com



ဘာလိုမှန်းမသိ ရင်ထဲမှာ ဟာနေတတ်တာ။ ဒါကို ဘယ်ကင်ပွန်းတပ်ရမလဲ။ ကိုကြီးက ပြောသေးတယ်။ သီချင်းနားထောင်ရင် ဖုန်းကို ဒီအတိုင်းပဲ ဖွင့်ပြီး နားထောင်။ နားကြပ်နဲ့ နားမထောင်နဲ့ ကြာလာရင် မကောင်းဘူးတဲ့။

ဒါကြောင့် ...

ယမိန်း သီချင်းနားထောင်ရင် နားကြပ်မသုံးပေ။ အခု နားထောင်မလို့ ဖွင့်လိုက်တဲ့ သီချင်းကတော့ ...

သိပ်ချစ်ခဲ့တဲ့ မောင့်တစ်ယောက်တည်းသာ ကျွန်မရဲ့ဘဝပါပဲ ×××

အသိုင်းအဝိုင်းများက ကန့်ကွက်နေကြလည်း အတားအဆီးအားလုံး ဖြတ်ကျော်ကြမယ် မောင့်ရဲ့လက်ကိုတွဲ ×××

အချစ်တစ်ခုတည်းနဲ့ အားလုံးပြည့်စုံတယ် ×××

အင်း ... ဒီသီချင်းကို မိန်းကလေးတော်တော်များများက အသည်းစွဲကြိုက်ကြသည်လေ။ ဥမ္မာဆိုရင် သီချင်းနားမထောင်လိုက်နဲ့ နားထောင်လိုက်တာနဲ့ ဒီသီချင်းက မပါမပြီးပါ။ ပါပြန်တော့ တစ်ခါနားထောင်ရုံနဲ့ အားမရလို့ နှစ်ခါသုံးခါ ပြန်ဖွင့်လို့ ပြောတော့ နင်က မခံစားဖူးသေးတော့ ကိုယ်ချင်းမစာဘူးပေါ့တဲ့။

အခု ကိုယ်နားထောင်နေမိတာကတော့ ...

နားထောင်ကောင်းလို့ နားထောင်တယ် ... ဒါပါပဲ။ အခြား





ဘာခံစားချက်မှမရှိပေ။

ပြောပါစေ ××× လူတွေ ဝိုင်းပြောပါစေ သိပ်ချစ်လွန်းလို့ မောင့်နောက်လိုက်ခဲ့မယ်

ကျွန်မကို မောင်သက်ဆုံးတိုင် ××× အဆုံးမဲ့အချစ်နဲ့ အမြဲတမ်း ချစ်နေပါ

အစွဲလမ်းကြီးသလောက် ကြိုးစားခဲ့တာ လုံးဝမဖြတ်နိုင်ခဲ့

မောင်ရဲ့အချစ်က ကျွန်မရဲ့ဘဝမို့ပါ

အတားအဆီးအားလုံး ဖြတ်ကျော်ကြမယ် မောင့်ရဲ့လက်ကိုတွဲ ×××

အချစ်တစ်ခုတည်းနဲ့ အားလုံးပြည့်စုံတယ်

သီချင်းကို နားထောင်ရင်း ယမိန်း ပြုံးလိုက်မိသည်။ ဒါပေါ့လေ ... မောင့်ကို သိပ်ချစ်တဲ့သူတွေအတွက်တော့ ဒီသီချင်းက ရင်ဘတ်ကို ထိမှာပေါ့။

ယမိန်းသာ ...

အချစ်ဆိုတာကို ရင်ဘတ်ထဲမှာ လုံလုံခြုံခြုံလေး သိမ်းထားခဲ့တာ မဟုတ်လား။

"ဟင်"

နားထောင်နေတဲ့သီချင်းကနေ ဖုန်းမြည်သံထွက်လာတော့ ယမိန်းဖုန်းကို ကောက်ကိုင်လိုက်သည်။ ဖုန်းဝင်လာတာလေ။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကို နားမှာကပ်လိုက်ကာ . . .

"ဟယ်လို . . . ဥမ္မာပြော"

"ဟဲ့ . . . ယိမ်း"

"ပြောလို့ ငါပြောထားတယ်လေဟာ၊ ဘာလို့ အရစ်ရှည်ပြီး ခေါ်နေတာလဲ"

"အေးပါ . . . နင်ကလည်း စိတ်ချည်းပဲ။ နာမည်မခေါ်ပဲ ပြောချင်တာကို တုံးတိပြောလို့ရမလားဟ"

"ကဲ . . . ပြောစရာရှိတာ ပြောပါဆို"

"နင် မနက်ဖြန်အားလား ယိမ်း"

"မအားဘူး"

"ဟယ်"

တစ်ဖက်က အသံတိတ်သွားတော့ ယိမ်း ပြုံးလိုက်မိသည်။ ကျောင်းက ပိတ်ထားတော့ ပျင်းနေကြမှာပေါ့။ ဒါကြောင့် ဖုန်းဆက်တာ။ မနေ့က သီရိ ဆက်တယ်လေ။ ကျောင်းပိတ်ပြီးတာမှ နှစ်ရက်ရှိသေးတယ် လွမ်းလို့တဲ့လေ။ ငါ နောက်မှ နင်တို့အိမ်ကို အလည်လာခဲ့မယ်တဲ့။ အခု ဥမ္မာက ဆက်ပြန်ပြီ။

အိမ်ကို လာမလို့ထင်ပါရဲ့။

တကယ်တော့ ယိမ်းအားတာပေါ့။ မအားချင်လည်း ဖြစ်၊ အားချင်လည်း ဖြစ်လေ၊ အိမ်အလုပ်တွေ ကူလုပ်တာက ကိုယ့်သဘော





နဲ့ကိုယ်။ မအားဘူးဆိုတာ ဥမ္မာကို ကလိတာလေ။

"ကျွတ် . . . သွားပါပြီဟာ"

"ဘာဖြစ်လို့လဲ၊ ငါ မအားတာနဲ့ နင်က ဘယ်တွေသွားတာလဲ"

"မအားဘူးဆိုတော့ နင် ဘာလုပ်စရာရှိလို့လဲ ယိမ်း။ သွားစရာရှိလို့လား"

"ဘာမှမလုပ်ဘူး။ ဘယ်မှလည်း မသွားဘူး။ မနက်ဖြန် တစ်နေကုန် အိပ်လိုက်စားလိုက်လုပ်မလို့"

"ဟယ် . . . ကြည့်စမ်း ကောင်မစုတ်"

ဥမ္မာက ကောင်မစုတ်ဆိုတော့ ယိမ်း တခစ်ခစ်နှင့် ရယ်လေတော့သည်။

"ငါက အကောင်းမှတ်လို့ ညစ်သွားတာ၊ အဲဒီမှာ စားပိုးနင့်အောင်စားပြီး ဘယ်တော့မှ မနိုးသောအိပ်စက်ခြင်းနဲ့အိပ် သိလား"

"အမယ် ကောင်မစုတ် . . . နင်စားပြီး အိပ်ပါလား"

"ဒီက အကောင်းပြောမလို့ဟာကို"

"ပြော . . . ပြော"

"မနက်ဖြန် သမ္မတမှာ ကားသစ်တင်မှာဟ၊ အဲဒီဇာတ်ကားကို ငါ အရမ်းကြည့်ချင်နေတာ၊ အဲဒါ ငါ နင့်ကို လာခေါ်မယ် . . . နင် လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်"

ယိမ်း တွေခနဲဖြစ်သွားလေသည်။ တစ်ခါတလေ သူငယ်ချင်းတွေနဲ့ သွားကြည့်ချင်သား။ ဒါပေမဲ့ ကိုကြီး လွှတ်ပါ့မလား မသိပါဘူး။ လတ်လျားလတ်လျား လျှောက်သွားနေတာကို ကိုကြီးက မကြိုက်ဘူးလေ။ ဒါကြောင့် ...

"ငါက မြန်မာဇာတ်ကားတွေမှ မကြိုက်တာ ညမှာရဲ့။ ပြီးတော့ ကိုကြီးက လွှတ်မှာမဟုတ်ဘူး"

"မကြိုက်လည်း တစ်ခါတလေတော့ ကြည့်ပါဟာ ... နင်ကလဲ။ တို့တွေ အတူတူကြည့်ချင်လို့ပါ။ ဟာသကားဆိုတော့ အတူတူရယ်ချင်တာလေ။ အဲဒါကြောင့် ခေါ်တာ"

"ကျွတ်"

နှစ်ဦးနှစ်ဖက် အသံတွေ ခဏတိတ်သွားကြပြီးမှ ...

"ယိမ်း"

"ဟင်"

"နင့်အစ်ကိုကို ငါပြောမယ်ဟာ၊ နင့်ကို တို့နဲ့ ထည့်ဖို့ပေါ့။ တို့လာခေါ်မယ်"

"တို့ဆိုတော့ ဘယ်သူပါသေးလို့လဲ"

"သီရိလေ။ ဒါမျိုးကျ တေမိမက လိုက်မယ်တဲ့။ ငါ သူ့ဆီကို အရင်ဖုန်းဆက်တာဟ"





"ဟုတ်လား"

"အေးပါဆို"

သီရိပါမယ်ဆိုရင်တော့ မဆိုးပါဘူး။ ကိုကြီးက သုံးယောက်ဆိုရင်တော့ လွှတ်ချင်လွှတ်မှာလေ။ နှစ်ယောက်တည်းဆိုရင် စိတ်မချလို့ လွှတ်ချင်မှလွှတ်မှာ။ မိန်းကလေးဆိုတာ သွားတာလာတာ သုံးယောက်လောက်မှ ကောင်းတာတဲ့။

"ကောင်းပြီလေ။ နင်တို့ ကိုကြီးကိုသာ ပြော။ ကိုကြီးက ခွင့်ပြုရင် ငါ လိုက်မယ်"

"..."

ပြောပြီး ညမှာ ဖုန်းချသွားလေတော့သည်။ ယိမ်း ရှေ့တင်မှာသာ ကိုကြီးကို ကန့်လန့်တိုက်တာ။ သူ မကြိုက်တာကို တကယ်တမ်းကျတော့ ဖွတ်တိုးပြီး မလုပ်ချင်ပေ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဘာ … ရုပ်ရှင်ကြည့်သွားမလို့ ဟုတ်လား"

"ဟုတ်"

ဥမ္မာတောင် မင်းဘုန်းခရှေ့မှာ ခေါင်းလေးငုံ့ပြီး မရဲတရဲပုံစံနှင့်ပြောနေရတာ သိရိုကတော့ ခေါင်းမဖော်တော့ပေ။ နဂိုကတည်းက ကြောက်တတ်ရတဲ့အထဲ မင်းဘုန်းခ အသံမာဆတ်ဆတ်ကြောင့် ဥမ္မာလက်မောင်းကိုပင် ခပ်တင်းတင်းလာဆုပ်လေသည်။ ဥမ္မာကတော့ ကြောက်တော့ ကြောက်ပါတယ်။ အဲ ကြောက်တယ်ဆိုတာထက်ရှိသေလေးစားခြင်းပါ။

ဒါပေမဲ့ …





ပြောကိုပြောမှာပဲမို့ …

"ဟုတ် … ဟုတ်ပါတယ် ကိုကြီး။ ဥမ္မာတို့သုံးယောက်သွားမှာပါ။ တစ်ခါတလေပဲဟာ ယိမ်းကို ထည့်လိုက်ပါနော်"

"အေး … တစ်ခါတလေဆိုပြီး ငါက ထည့်လိုက်ရင် နောက်တစ်ခါလည်း ပြောလို့ရပါတယ်ဆိုပြီး ခုလို ဒီတစ်ခါတည်းပါလို့ ထပ်ပြောဦးမှာပဲ"

"ဟာ … အဲလိုမပြောပါဘူး ကိုကြီးရဲ့။ တကယ် ဒီတစ်ခါတည်းပါ။ နောက်တစ်ခါဆိုတာ မရှိစေရပါဘူး။ တကယ်ပါ"

"သေချာလား"

"ဟုတ်ကဲ့ … သေချာပါတယ်"

"ကိုကြီး"

ယိမ်းခေါ်လိုက်တော့ မင်းဘုန်းခ လှည့်ကြည့်လေလျှင် …

"ကိုကြီးလုပ်ပုံနဲ့တော့ ယိမ်းကိုယ့်အခန်းထဲတင် မျက်စိလည်ပြီး ခြင်ကောင်တွေနဲ့ ညားလိမ့်မယ် သိလား"

"ဘာ"

သုံးယောက်စလုံး ပြောလိုက်ရမကောင်းရှိရော့မယ်။ သူ့ 'ဘာ' ဆိုတဲ့ အသံကြီးနဲ့ မျက်နှာကြောတင်းတင်းကြီးကြောင့် သိရိခများမှာတော့ သွေးပျက်နေပြီလားမသိတော့ပါဘူး။ ဥမ္မာ နောက်ကျောဘက်သို့ ဆုတ်သွားပြီး ဥမ္မာကျောနှင့် သူမပါးပြင်ကို ဖိကပ်ထားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ယိမ်းကတော့ ...

အေးဆေးပါပဲ။ ထည့်ရင်လိုက်မယ်။ မထည့်ရင် မလိုက်ဘူးလေ။ မလိုက်ရရင်တော့ နည်းနည်းဆန္ဒပြရမည်။

"ငါပြောလိုက်ရ မကောင်းဖြစ်တော့မယ်။ နင်ပြောပုံအရဆိုရင် နင်တို့ ရုပ်ရှင်သွားကြည့်မယ်ဆိုတာ ... ဘုရားဖူးရင်း လိပ်ဥတူးမယ်ဆိုတဲ့ပုံစံမျိုးပေါ့ ... ဟုတ်လား ယိမ်း"

"ကိုကြီး"

"..."

"ယိမ်းက သဘောပြောပြတာနော်။ ကိုကြီးဘာသာ အထအနကောက်တာ"

"ဘာအထအနောက်ကောက်တာလဲ။ နင်ပြောတာက အဲဒီသဘောကို သက်ရောက်နေတာလေ။ ပြန်စဉ်းစားကြည့်ပါဦး မရွှေယိမ်းရဲ့"

ကြည့်စမ်း ... ပြောပုံက မိန်းမကြီးကျနေတာပဲ။ ယိမ်းရယ်ချင်စိတ်ကို မနည်းမျိုသိပ်လိုက်ရသည်။ ဒါပေမဲ့ ...

ပြုံးစိစိဖြစ်သွားလေလျှင် ...

"အမယ် ... နင်က ဘာကိုပြုံးတာလဲ"

"သား"





ကြီးကြီးအသံကြားတာနှင့် ယိမ်း ချာခနဲ လှည့်ကြည့်ပြီး ကြီးကြီးဆီသို့ ချက်ချင်းသွားလိုက်သည်။ ကြီးကြီးလက်မောင်းကို ဖက်ထားလိုက်၏။

ချွဲတာလေ။

ကြီးကြီးရောက်လာပြီဆိုမှတော့ စိတ်ကူရပြီပေါ့။ ဒါကြောင့် ကြီးကြီးလက်မောင်းကိုလှုပ်ကာ လှုပ်ကာ ...

"ကြီးကြီး ... ကိုကြီးကို ပြောပေးပါဦး။ သူငယ်ချင်းတွေနဲ့ ဒီတစ်ခါလေး ရုပ်ရှင်သွားကြည့်ဖို့ ခွင့်တောင်းတာကို ပြောလို့မရဘူး"

အဲဒီလောက်ဆို လုံလောက်ပြီလေ။ အောင့်ညှစ် ... အောင့်ညှစ်အသံလေးနဲ့ ပြောလိုက်တာ။ ကျန်တာ ကြီးကြီး ရှင်းလိမ့်မယ်ပေါ့။

"ခဏ"

"မေမေ ... ခဏလေး"

မင်းဘုန်းခ မိခင်ကိုလက်ကာပြလိုက်ပြီး ...

"ယိမ်း"

"..."

"နင် တော်တော်သွားချင်နေလား"

"သွားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... ဒါဆို ငါကိုယ်တိုင် လိုက်ပို့မယ်"

"ဟယ်"

အံ့ဩခြင်းနှင့်အတူ ဝမ်းသာလို့ ထခုန်ချင်စိတ်ပေါက်တာက ဥမ္မာ။ သီရိကတော့ အခုမှ ခေါင်းလေးမော့လာပြီး ဥမ္မာကို ကြည့်လေသည်။

"ကိုကြီး တကယ်ပြောတာနော်"

"တကယ် ... တကယ်"

ယိမ်း လက်မထောင်လိုက်တော့ ဥမ္မာက ပြန်ထောင်ပြလေသည်။ ကိုကြီးလိုက်ပို့တော့ ပိုတောင်ကောင်းသေးတယ်။

✿ ✿ ✿



## အခန်း (၁၁)

ရုပ်ရှင်ရုံကိုရောက်တော့ နည်းနည်းစောသေးတာနှင့် ရွှေရင်အေး ဝယ်သောက်ကြသေးသည်။ ဒါတင်မလုံလောက်သေးပါဘူး အထဲရောက်ရင် စားဖို့က လိုသေး။ ဆိတ်ပါးစပ်လို ဟိုနည်းနည်း ဒီနည်းနည်း စားတတ်တဲ့ ဥမ္မာက ...

"ယိမ်း"

"ဟင်"

"ဟိုရောက်ရင် စားဖို့ ငါ နေကြာစေ့နဲ့ယိုထုပ် ဝယ်ဦးမယ်။ နင်ရော မဝယ်ဘူးလား။ သီရိရောပဲ"

"ဝယ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ဝယ်မယ်"

"ဒါဆို သွားဝယ်ရအောင်"

မင်းဘုန်းခ မျက်စောင်းထိုးကြည့်လိုက်ပြီး ...

"နင်တို့မိန်းကလေးတွေကလေ တော်တော်ကို ဇာချဲ့ကြတာပဲ။ အပြင်မှာ စားသောက်ပြီးမှ တော်ရောပေါ့။ နင်တို့ပဲ ပြောတော့ ဟာသကားဆို။ ပါးစပ်ဖြဲပြီး တဟားဟားရယ်နေရင် ဘယ်အချိန်စားမှာလဲပြော"

"ဟာ ... ကိုကြီးကလည်း ရယ်တာသတ်သတ် စားတာသတ်သတ်ပဲဟာ။ ရယ်ရင်းစား စားရင်းရယ်ပေါ့။ ဟုတ်တယ်နော် ... ဟဲ့"

"ဟုတ်တယ် ... ဟုတ်တယ်"

ယိမ်းက ပြောရင်း ဥမ္မာဘက်လှည့်မေးလေတော့ မဥမ္မာ ပျာပျာသလဲ ခေါင်းညိတ်ပြီး ထောက်ခံလေတော့သည်။ သိရိကတော့ ခေါင်းညိတ်တာတောင် မရဲတာရဲပါပဲ။ ကြောက်တတ်ရင် ဝန်ကင်းတယ် ဆိုပေမယ့် နေရာတကာတိုင်း ကြောက်နေတာတော့ မကောင်းပေ။

ဒါကြောင့် ...

ယိမ်းနဲ့ဥမ္မာက သူမကို ကြောက်စိတ်တွေ ဖယ်ထုတ်ပစ်ဖို့ ကြိုးစားနေတာပါပဲ။ ဟိုခေါ် ဒီခေါ် ... ဟိုဟာလုပ်ခိုင်း ဒီဟာလုပ်ခိုင်းပေါ့။





"ကဲ ... သွားဝယ်လို့ ပြောနေတယ်လေ"

"ဟုတ်"

သုံးယောက်သား ခပ်သုတ်သုတ်ပဲ ကိုကြီးရှေ့ကနေ ထွက်လိုက်ကြ၏။ ဆိုင်ရောက်တော့ ကိုယ်စားချင်တာ ကိုယ်ကြည့်ဝယ်ကြသည်လေ။ ယိမ်းက နေကြာစေ့တစ်ထုပ်သာ ဖြုတ်ယူပြီး နောက်ထပ်ဘာယူရမှန်းမသိပေ။ တစ်ခုပြီးတစ်ခု ကြည့်နေချိန်မှာ သူမဘေးမှာ လူတစ်ယောက် ဝင်ရပ်တာကို သတိမထားမိပေ။

ရပ်တာကိုတော့ သိပါတယ်။

မကြည့်မြဖြစ်တော့ ယောကျ်ားလား၊ မိန်းမလားဆိုတာကို မသိတာလေ။

"ဒီယိုထုပ်က တစ်ထုပ်တည်းရှိတော့တာလား အစ်မ"

"ဘယ်ယိုထုပ်ကို မေးတာလဲ ညီမ"

"ဒီမှာ ... ဒါလေ။ ဒီယိုစုံထုပ်"

ယိမ်းကိုင်ပြပြီး လက်ကို ပြန်ရုပ်လိုက်သည်။ ဆိုင်ရှင်က တစ်ထုပ်တည်းရှိနေသော ယိုစုံထုပ်ကိုကြည့်၍ ...

"ဟုတ်တယ် ... အဲဒီတစ်ထုပ်ပဲ ရှိတော့တာ ညီမ"

တစ်ထုပ်တည်းရှိတယ်ဆိုတော့လည်း အဲဒီတစ်ထုပ်ကိုပဲ ယူရမှာပေါ့ဆိုပြီး ယိမ်းလက်က ယိုစုံထုပ်ကို ကိုင်လိုက်လေရှင်-

"ကျွန်တော် ယူမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟာ"

ယိမ်းကိုင်တဲ့အထုပ်ကိုပဲ တစ်ဖက်လူက လှမ်းကိုင်လေလျှင် ထိုလူ့လက်က ယိမ်းလက်ကို ကိုင်မိလျက်သား ဖြစ်သွားလေတော့၏။ ယိမ်းလက်ကို အတင်းပြန်ရုပ်ပြီး ထိုလူ့မျက်နှာကို မော့အကြည့်မှာတော့ သူကလည်း ယိမ်းကို ပြန်အကြည့်နှင့် ဆုံသွားပြီး ...

"ဟင်"

"ဟာ"

ဒုတိယအကြိမ် အာမေဍိတ်သံ ထွက်သွားကြပြီး ...

"ယိမ်း"

"ဩော် ... ရှင်ကိုး"

"ဆောရီးပါ ယိမ်း၊ ယိုက တစ်ထုပ်တည်းမို့ ယိမ်းမယူတော့ဘူးထင်ပြီး ကိုယ်က လှမ်းဖြုတ်လိုက်တာပါ"

ပြောပြီး သူက ယိုထုပ်ကိုဖြုတ်ပြီး ယိမ်းလက်ထဲသို့ ထည့်ပေးလေသည်။

"ယိမ်းပဲ ယူလိုက်ပါ"

"နေပါစေ မယူတော့ပါဘူး"

"ယိမ်း ... တော်ကြာ ကိုကြီးစောင့်ရလို့ စိတ်မရှည်ဖြစ်နေဦးမယ်နော်"





"အေး ... အေးပါ"

"ပြီးပြီလား ... ပြီးရင် သွားကြရအောင်"

"ပြီးပါပြီ"

ပြောပြီး ယိမ်းတို့ထွက်သွားကြလေလျှင် –

"အယ် ... ဟိုညီမ ... ဟိုညီမ"

ဆိုင်ရှင်က ယိမ်းကို လှမ်းခေါ်ပေမယ့် ရှေ့ကို အာရုံရောက်သွားကြသဖြင့် မကြားကြတော့ပေ။ ယိမ်း ကိုကြီးရှေ့ရောက်ပြီးမှပဲ သတိရသွားကာ ...

"အယ်"

"ဘာလဲ ... ယိမ်း"

"ငါ ပိုက်ဆံမရှင်းရသေးဘူး"

"ဟုတ်လား"

"ကျွတ်"

စိတ်ပျက်စွာ 'ကျွတ်' ခနဲ လုပ်လိုက်သူက မင်းဘုန်းခပါ။ တော်တော်ကိုရှုပ်တဲ့ဟာလေးတွေပဲ။ မပြီးနိုင် မစီးနိုင်နဲ့ မိန်းကလေးတွေများ ဝေယျာဝစ္စကို များတယ်။

"ငါ သွားရှင်းလိုက်ဦးမယ်"

"နင်မသွားနဲ့ ငါ သွားရှင်းပေးမယ်"

ပြောပြောဆိုဆိုနှင့် မင်းဘုန်းခ သွားလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ညီမ"

"ရှင်"

"စောစောက ကောင်မလေးတစ်ယောက် ဒီမှာ မုန့်လာဝယ်သွားတာ ပိုက်ဆံမရှင်းခဲ့ရသေးဘူးဆိုလို့ပါ"

"ဟို ညီမလေးလား"

မြင်နေရတာမို့ ယိမ်းက ဟိုကနေ ခေါင်းညိတ်ပြလေလျှင်

"ရှင်းသွားပြီ အစ်ကိုရဲ့"

"ဗျာ"

"ဟုတ်တယ် . . . စောစောက မောင်လေးတစ်ယောက် ရှင်းပေးသွားတာ၊ ဟိုမှာ . . . ဟိုမောင်လေး"

ဆိုင်ရှင်အမျိုးသမီး လက်ညှိုးထိုးပြရာကို ကြည့်လိုက်မိတော့ ကောင်လေးက သူ့ကို ခေါင်းညိတ်ပြီး ပြုံးပြလေသည်။ သူ ဘယ်သူလဲ၊ ယိမ်းနဲ့ ဘယ်လိုပတ်သက်နေလို့လဲ။ ရုပ်ရည်ကတော့ သန့်သန့်ချောချောပါ။ ဆံပင်ဘေးခွဲထားပြီး မျှားတဲ့တက်က မျက်နုံးကို ခပ်အုပ်အုပ်ပါပဲ။

အရပ်က . . .

ကိုယ့်ထက်တော့ နည်းနည်းနိမ့်မယ်ထင်တာပဲ။ ဘောင်းဘီအနက်တီရှပ်ကာအနီနှင့် ရှင်းသန့်နေသည်လေ။ ကိုယ်ဟန်က ပိန်သွယ်သွယ် အရပ်ရှည်တယ် ထင်ကြမှာပေါ့။





မင်းဘုန်းခ . . .

ယိမ်းဆီသို့ ပြန်လှမ်းလာတဲ့ ခြေလှမ်းက လွှားခနဲပါပဲ။

"ယိမ်း"

"ရှင်းပြီးပြီလား ကိုကြီး။ ပိုက်ဆံထုတ်ပေးတာ မမြင်လိုက်လို့"

"ဟိုကောင် ရှင်းသွားပြီတဲ့"

"ဟင်"

ကိုကြီး မေးဆတ်ပြရာသို့ ကြည့်လိုက်တော့ သူ။ ဟူး . . . သူလုပ်တာနဲ့ အဆူခံရတော့မှာပဲ။

"ယိမ်း"

". . ."

"အဲဒီကောင် ဘယ်သူလဲ၊ နင်နဲ့ ဘယ်လိုပတ်သက်နေလဲ။ ပြောစမ်း။ နင်တို့ရုပ်ရှင်ကြည့်လာချင်တယ်ဆိုတာ ဒီလိုဇယားတွေနဲ့လား"

မေးလိုက်တာ တိုးတိုးကျိတ်ကျိတ်ပါ။ ကိုယ်တွေနဲ့ ဟိုကောင်က မလှမ်းမကမ်းမှာ ရပ်နေတာဆိုတော့ ကြားသွားလို့ မကောင်းဘူးလေ။ အခြေအနေနဲ့ အချိန်အခါဆိုတာ ရှိနေသေးတာကိုး။ ဒီကောင်က ဘယ်လိုစိတ်မျိုးနဲ့ ဘာလို့ရှင်းပေးသွားတာလဲဆိုတာ ကိုယ်မှမသိတာ။

သူ ဒီလိုမေးတော့ . . . ယိမ်း ပျာပျာသလဲ ခေါင်းခါကာ—



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး။ မဟုတ်ပါဘူး ကိုကြီး။ သူနဲ့ယိမ်း ဘာမှမဆိုင်ပါဘူး။ သိလည်း မသိဘူး"

"သေချာလား"

"သေချာပါတယ်"

"တကယ်ပြောတာပါ ကိုကြီး။ သူ့ကို ဥမ္မာတို့ တကယ်မသိတာပါ။ မညာပါဘူး"

"မသိရင်လည်း ပြီးတာပဲ"

စိုက်ရှင်းပေးတဲ့ ပိုက်ဆံကို သွားပြီး ပြန်ပေးမယ်လုပ်တော့ ကောင်လေးက ရုပ်ရှင်ရုံထဲသို့ ဝင်သွားလေပြီ။ နေပါစေတော့ ယိမ်းတို့ တကယ်မသိဘူးဆို ပြီးတာပါပဲ။

"ကဲ . . . ဝင်ကြမယ်"

"ဟုတ်ကဲ့"

❁ ❁ ❁



## အခန်း (၁၂)

"ဟောတော့"

ဒေါ်ဦးနဲ့ယိမ်း နှစ်ယောက်သား ကိုကြီးအခန်းကို ရှင်းပေးနေတုန်း ယိမ်းပါးစပ်က 'ဟောတော့' ဆိုတဲ့အသံကြောင့် ဒေါ်ဦးက လှည့်ကြည့်ပြီး . . .

"ဘာဖြစ်လို့လဲ ယိမ်း"

"ကိုကြီး ဖုန်းမေ့ကျန်ခဲ့ပြီ"

"ဟုတ်လား"

"ဟုတ်တယ် ဒေါ်ဦး။ ဒီနေ့ ဘာအလျင်လိုနေတယ် မသိပါဘူး။ ထွက်သွားတာ မျာယီးမျာယာနဲ့ အဲဒါကြောင့် ကျန်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ယိမ်း ကြက်မွေးတံကို ဗီရိုပုလေးပေါ် တင်လိုက်ပြီး ဖုန်းကိုကောက်ကိုင်လိုက်သည်။

ပြီးမှ . . .

"အပေါ် . . . ကိုကြီးဖုန်းထဲမှာ ဘာတွေရှိလဲ စပ်စုလိုက်ဦးမယ်"

ယိမ်း ခုတင်ပေါ်မှာ ထိုင်ချလိုက်ပြီး ဖုန်းစခရင်န်ကို ဖွင့်လိုက်သည်။ ပြီးတော့ photo တွေကို အရင်ကြည့်တော့ သိပ်များများစားစား မတွေ့ရပေ။ ဒါနဲ့ပဲ အင်တာနက်ကို ဖွင့် viber ကို ကြည့်တော့လည်း အခြားသူနဲ့ စာပို့ထားတာတွေ . . .

အစအနတောင် မကျန်ပေ။

ပို့ပြီးတာနဲ့ ဖျက်ပစ်တာ ဖြစ်မှာပေါ့။ Facebook ဘက်လှည့်ပြီး စပ်စုလိုက်ပြန်သည်။ ကိုကြီး ဘယ်လို post တွေ တင်ထားလဲပေါ့။ ပထမတွေ့လိုက်တာက ကိုကြီးနဲ့ သူ့သူငယ်ချင်းပုံပါ။ အဲဒီပုံကို ခွဲတင်လိုက်တော့ . . .

သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် –

"ဟယ် . . . ကဗျာပါလား"

ကဗျာလေးမို့ ယိမ်း ဖတ်ကြည့်လိုက်တော့ . . .

"သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်"





သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် . . .

ပန်ဆင်အလှ

တစ်ခဏနဲ့ ကြွေကျသွားမှာစိုးလို့

နေပါစေ သူ့အပင်နဲ့သူ။

မချူရက်ဘူး . . . မခူးရက်ဘူး။

ဆူးခက်တွေ ခြံရံထား

သူ့အလှတရား သက်တမ်းရှည်ပါစေ။သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် . . .

မနမ်းပါဘူးလေ သူနွမ်းသွားမှာစိုးလို့

သူ့ရနံ့နဲ့သူ

ကမ္ဘာမြေအနှံ့ မွှေးပျံ့ပါစေ။

သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် . . .

သူ့ဘဝ . . . သူ့အလှ

သူ့မာန သူ့ဂုဏ်နဲ့သူ

လူ့အာမြင်တင့် တန်ဖိုးမြင့်ဖို့

ငါကား

ဉယျာဉ်မှူးပဲ ဖြစ်ပါရစေ။

ကဗျာက ဆုံးသွားပြီး အောက်မှာက ရေးသူရဲ့နာမည်ပါ။ ကဗျာလေးက ဖတ်လို့ကောင်းလိုက်တာ။ သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



လျှင်နဲ့ စပြီး ငါက ဥယျာဉ်မှူးပဲ ဖြစ်ပါရစေနဲ့ အဆုံးသတ်ထားတာ။ ကြားထဲက စာသားတွေက ...

ဟင် ... ဒီကဗျာကို ကိုကြီးက share ထားတာလား။ နောက်ထပ် posts တွေကို ဆွဲကြည့်တော့ ဒီကဗျာပဲ ခဏခဏ တွေ့နေသည်။ ကိုကြီး ဒီကဗျာကို ကြိုက်နေတာလား။ ဘာကြောင့် ကြိုက်တာလဲ။ တိုက်ဆိုင်မှုရှိလို့လား။ ပန်းတစ်ပွင့်က ဘယ်သူလဲ။

ကိုယ်လား။ သူများလား။

ရင်ထဲမှာ လားပေါင်း လဲပေါင်းများစွာနှင့် ယိမ်း ကဗျာကို နောက်တစ်ခေါက် ထပ်ဖတ်လိုက်သည်။ အဖြစ်ကတော့ ကိုယ့်ကို ရည်ညွှန်းနေသလိုပါ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်သည် သူ့ပျိုးလို့ လှပတင့်တယ်စွာ ပွင့်လာခဲ့သည့်ပန်း။ သူ့ဥယျာဉ်ထဲက ပန်းတစ်ပွင့်ပါ။

ဒါဆို ...

ကိုကြီးက ယိမ်းအပေါ်မှာ ...

"ယိမ်း"

"..."

"ယိမ်း"

"အင် ... ရှင်"

ဒေါ်ဦးခေါ်လိုက်တော့မှ ယိမ်းအတွေးစက ပြတ်သွားလေသည်။





"ငြိမ်ချက်သားကောင်းသွားလို့ပါ။ ဘာတွေများ တွေ့လို့လဲ ယိမ်းရဲ့"

"ဒေါ်ဦး"

"ပြောလေ ကလေး"

"ဒေါ်ဦး ကဗျာတွေ, ဘာတွေကို ခံစားတတ်လားဟင်"

ဒေါ်ဦး ပထမ တွေခနဲဖြစ်သွားပြီး နောက်တော့ ပြုံးလိုက်မိကာ ...

"ခံစားတတ်တာပေါ့ ယိမ်းရဲ့။ ဒေါ်ဦးက ကဗျာကို ရေးသာ မရေးတတ်တာ ဖတ်ပြီး ခံစားရတာတော့ ကြိုက်တယ်။ ယိမ်း ဘာဖြစ်လို့မေးတာလဲဟင်"

"ဒီကဗျာလေးကို ဒေါ်ဦး ဖတ်ကြည့်ပါလား"

"ပြစမ်းပါဦး"

ယိမ်း ဖုန်းထဲက ကဗျာလေးကို ဒေါ်ဦးအား ပြလိုက်သည်။ ဒေါ်ဦးက ကဗျာကို ဖတ်ပြီး ...

"အင်း"

"ဒေါ်ဦး"

"ဟင်"

"ဒီကဗျာရဲ့အဓိပ္ပာယ်ကလေ ဟို ဘယ်လိုပြောရမလဲ မသိဘူး။ လူနှစ်ယောက်ရဲ့အဖြစ်အပျက်ကို ရည်ညွှန်းထားသလိုပဲနော်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းကိုပိုးတဲ့ဥယျာဉ်မှူးနဲ့ ဥယျာဉ်ထဲက ပန်းကလေးပေါ့"

ဒေါ်ဦး သက်ပြင်းလေးချလိုက်မိသည်။ ဒီကဗျာစာသားရဲ့ အဓိပ္ပာယ်ကို ယိမ်းအတွေးနယ်ချဲ့နေတယ် ထင်ပါရဲ့။ တွေးလည်း တွေးစရာပဲလေ။ အဓိပ္ပာယ်က ရှင်းရှင်းလေးပဲဥစ္စာ။ မိန်းကလေးကို ပန်းနဲ့တင်စားကြတော့ ပြုစုပိုးထောင်သူက ဥယျာဉ်မှူးပဲပေါ့။ ကဗျာ ခေါင်းစဉ်က ...

သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်တဲ့ ...

မောင်ဘုန်းခက ဒီကဗျာကို ကြိုက်တယ်လား။ ဘယ်သူက ရေးပြီး သူ့ဖုန်းထဲမှာ ဘယ်လိုထည့်ထားလဲ မသိပေမယ့် ရင်ထဲမှာ ဘာတွေထည့်ထားလဲဆိုတာကိုတော့ ရိပ်မိလိုက်ပါပြီ။

"ဒေါ်ဦး"

"ဟင်"

"ကိုကြီးက ဒီကဗျာကို ကြိုက်လို့ထင်တယ်နော် ... သူများဆီကနေ share ထားတာ"

"ဟုတ်မှာပေါ့"

"ဒေါ်ဦး ... ကိုကြီးကို ဘယ်လိုမြင်လဲ"

"ယိမ်း ဘာကိုမေးတာလဲ"

သိလျက်နဲ့ မသိချင်ယောင်ဆောင်ပြီး မေးလိုက်ရသည်။ သိတယ်ဆိုတာလည်း တိတိကျကျ ရေရေရာရာမှ မဟုတ်ဘဲလေ။





တော်ကြာ ထင်တာပြောလို့ ယိမ်းကို မျှော်လင့်ချက်ပေးသလို ဖြစ်ရင် မကောင်းဘူးပေါ့။

"ယိမ်းမေးတာက ... ဟိုလေ ကိုကြီးရင်ထဲမှာ တစ်ယောက် ယောက်ကိုများ ကျိတ်ချစ်နေသလားလို့ပါ"

"အဲဒါတော့ ဒေါ်ဦး မသိဘူးလေ ယိမ်းရဲ့။ လူတစ်ယောက် ရဲ့စိတ်ကို အတိအကျခန့်မှန်းလို့မှမရတာ။ စကားပုံတောင် ရှိသေးတာပဲ မဟုတ်လား။ စိန်ကဲ ရွှေကဲသာ ခတ်လို့ရမယ် လူကဲခတ်လို့မရဘူး ဆိုတာ"

"ဟင် ... ဒေါ်ဦးကလည်း သူများသိမလားလို့ မေးကြည့် မိပါတယ်"

ယိမ်း မကျေနပ်သံလေးနှင့် ပြောပြီး ဖုန်းကို ယူမိတဲ့နေရာ မှာပဲ ပြန်ချလိုက်သည်။ အလုပ်ဆက်လုပ်မယ်ဟု ထရပ်လိုက်စဉ်မှာပဲ အပြင်က ခြေသံကို ကြားလိုက်ရသည်။ ခဏကြာတော့ ကိုကြီးအခန်း ထဲကိုဝင်လာသည်လေ။

"ဟော ... မောင်ဘုန်းခ ပြန်လာတယ်"

"ဟုတ်တယ် ဒေါ်ဦး။ ဖုန်းကျန်ခဲ့လို့ ပြန်လာယူတာပါ"

"အော် ... အေး ... ဒီမှာ"

ဒေါ်ဦးက ပျာပျာသလဲနှင့် ဖုန်းကိုယူပြီး မင်းဘုန်းခလက်ထဲ သို့ ထည့်ပေးလိုက်လေသည်။ မင်းဘုန်းခ ဖုန်းကိုယူပြီး ပြန်လှည့်



www.burmeseclassic.com

www.burmeseclassic.com



ထွက်မည်ပြုပြီးမှ ပြန်လှည့်လာကာ . . .

"ယိမ်း"

". . ."

"ယိမ်း"

"ရှင်"

"နင် ငါ့ဖုန်းကို ယူပြီး ကလိသေးလား"

"ကိုကြီးနော် . . . ယိမ်းကို မစွပ်စွဲနဲ့။ စပ်စပ်စုစု ဘာလို့ ကလိရမှာလဲ။ လက်ဖျားနဲ့တောင် မထိဘူး။ မယုံရင် ဒေါ်ဦးကို မေးကြည့်"

ဩော် . . . ငါ့ကို မယုံရင် ငါ့မယား မေးကြည့်ဆိုတာမျိုးပါလား။ ဒေါ်ဦးက သူ့ကိုင်တော့ရော အတို့အထောင်လုပ်ပြီး ပြန်ပြောမှာမို့လို့လား။

"မကိုင်ရင်လည်း ပြီးတာပါပဲ"

✿ ✿ ✿



## အခန်း (၁၃)

ထမင်းဝိုင်းမှာ ထမင်းစားနေရင်း ယိမ်း ကိုကြီးမျက်နှာကို ခဏခဏ ခိုးကြည့်မိသည်။ မျက်ခုံးနှစ်ဖက်က သူများတွေလို မည်းနက်ထိဆက်နေတာ မဟုတ်တဲ့ ထိပ်စနှစ်ဖက်က လက်တစ်လုံးသာသာလောက် ခြားနေသည်။ အရောင်ကလည်း အရမ်းနက်နေတာမျိုး မဟုတ်။

မျက်ဝန်းအိမ်အောက်မှာ မျက်ရစ်ရှိနေပြီး မထူမပါးနှုတ်ခမ်းက နီတွေးတွေးနှင့်လေ။ နှာတံက နှာဖျားကောက်ပြီး ပွတာမျိုးမရှိဘဲ ဖြောင့်စင်းပြီး ပေါ်နေတာလေ။ မျက်နှာမှာ အဖုအပိန့်လည်း မရှိ။ ကိုယ့်ငါးချဉ် ကိုယ်ချဉ်တယ်ပဲပြောပြော။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက ချော့လိုက်တာလို့ တွေးနေမိသည်။

"သမီး"

"..."

"ယိမ်း"

"အင် ... ရှင် ကြီးကြီး"

"ထမင်းစားတော့ တို့ကနန်းဆိတ်ကနန်းနဲ့ ဘာဖြစ်လို့လဲ သမီး၊ ဗိုက်မဆာလို့လား။ ဒါမှမဟုတ် စားလို့မကောင်းလို့လား သမီး"

"ဩော် ... ဟို စားလို့ကောင်းပါတယ် ကြီးကြီးရဲ့။ မနက်က လမ်းထိပ်မှာ မုန့်ဟင်းခါး ဝယ်စားလိုက်လို့ သိပ်မဆာတာပါ။ မဆာဘူးဆိုပေမယ့် ပါးစပ်ထဲမှာ အရသာတွေ့နေတော့ စားလို့ဝင်နေတာပါပဲ"

ဘယ်လောက်တောင် ယိမ်း အတွေးလွန်သွားတယ် မသိပါဘူး။ ခုမှပဲ ထမင်းစားရတာဆီ အာရုံရောက်သွားတော့ စားလို့ကောင်းလိုက်တာ။ ရာသီဥတုက ပူတော့ ချဉ်ရည်ဟင်းက ကောင်းနေတာလေ။

"သား"

"ဗျာ"

"သမီးပန်းကန်ထဲကို ဟင်းခပ်ထည့်ပေးလိုက်ဦးလေ"

နောက်ထပ် ထမင်းလုတ်ကို ပါးစပ်ထဲ ခွံ့မလို့လုပ်ပြီးမှ မင်းဘုန်းခ မခွံ့ဖြစ်သေးဘဲ ယိမ်းကို ငုံ့ကြည့်လေသည်။ ပြီးတော့ ပြန်





လှည့်သွားပြီး ...

"ဖေဖေကလည်း သူ့မှာ လက်နဲ့ပဲဥစ္စာ။ သူ့ဘာသာသူ ကြိုက်တာ ခပ်စားလိမ့်မှာပေါ့"

"ဟုတ်တယ်၊ ယိမ်းမှာ လက်နဲ့ ကိုယ့်ဘာသာ ခပ်စားမယ် ... ဟွန့်"

နောက်ဆုံး ဟွန့်နဲ့ အဆုံးသတ်တာ မကျေနပ်ခြင်းပဲလေ။ မင်းဘုန်းခ မပြောတော့ပါ။ ဟင်းခပ်ထည့်မပေးတာကို အပြစ်တစ်ခုလို့ မသတ်မှတ်ပါနဲ့ ယိမ်းရယ်။ တကယ်ဆိုရင် မင်းအပေါ်မှာ ကိုကြီး ဒီထက်ပိုပြီး ဂရုစိုက်ပေးချင်တာပါ။ တို့တွေက တကယ်မောင်နှမ မဟုတ်ကြဘူးလေ။

ဒါကြောင့် ...

ပတ်ဝန်းကျင် အမြင်စောင်းမှာစိုးလို့ စည်းနဲ့ကမ်းနဲ့ နေတာပါ။ အိမ်မှာတစ်မျိုး၊ ပတ်ဝန်းကျင်ရှေ့မှာ တစ်မျိုးလည်း မင်းအပေါ်မှာ မဆက်ဆံချင်ဘူးလေ။ ဒါကြောင့် ဘောင်တစ်ခုအတွင်းမှာနေတာကို မင်း နားလည်ပေးပါ ယိမ်း။

"တီတီ ... တီတီ"

"..."

"တီ ... တီ"

အိမ်ရှေ့က ကားဟွန်းတီးသံကြောင့် မမြင်ရမှန်းသိသိနဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြည့်တွေက အသံကြားရာဆီသို့ မှန်းလို့သာ။

"တီ . . . တီ"

"ညှော့သည်လာတယ် ထင်တယ်။ ဘယ်သူများပါလိမ့်"

ဒေါ်စိုးစိုးစံ ခါးလေးမတ်ပြီး ပြောလေလျှင် –

"မင်းကလည်းကွာ . . . ဘယ်သူပဲ လာလာ၊ ခြံထဲမှာ ဗိုးကျော် ရှိနေတာပဲဥစ္စာ။ ပြီးတော့ ညှော့သည်ပဲ၊ အိမ်ရှင်ကို တွေ့ချင်ရင် ထိုင်စောင့်ရမှာ သူ့တာဝန်"

"ဟုတ်ပါပြီ . . . ကျွန်မ ပြောမိတာ မှားပါတယ်"

"ဘယ်သူလဲ သိရအောင် ကျွန်မ သွားကြည့်လိုက်ပါ့မယ် မမကြီး"

ပြောပြောဆိုဆိုနှင့် ဒေါ်ဦး ထွက်သွားလေတော့သည်။ ဘုန်းခ ထမင်းစပြီပေမယ့် ထတော့မသွားဖြစ်သေးပေ။ ဖေဖေ ပြောသလိုပဲ တွေ့ချင်တဲ့ ညှော့သည်က ထိုင်စောင့်လိမ့်မယ်ပေါ့။ ကိုယ့်မိတ်ဆွေတော့ မဖြစ်နိုင်ဘူး ထင်တာပဲ။ ကိုယ်က စီးပွားရေးသမားဆိုတော့ ကိုယ့်မိတ်ဆွေအိမ်လာမယ်ဆို အလုပ်ကိစ္စကြောင့်ပဲရှိတာ။

အလုပ်ကိစ္စကြောင့် လာမယ်ဆိုလည်း . . . အိမ်မှာလား ဘယ်ရောက်နေလဲသိရအောင် ကြိုပြီး ဖုန်းဆက်ကြတာပဲလေ။

"မောင်ဘုန်းခ"

"ဟင်"





ခဏကြာတော့ ဒေါ်ဦး ပြန်ရောက်လာပြီး . . .

"မောင်ဘုန်းခ ညှော့သည်တဲ့"

"ဟုတ်လား"

မင်းဘုန်းခ မျက်မှောင်ကြုတ်သွားလေသည်။ ဖုန်းကြိုမဆက် ဘာမဆက်နဲ့ ဘယ်သူများပါလိမ့်။

"ဘယ်သူများပါလိမ့်"

"မိန်းကလေးတစ်ယောက်ပါ . . . ခင်ဝါဆိုတဲ့။ သူ့ကိုကြည့် ရတာ မောင်ဘုန်းခကို ကန်တော့ရအောင် လာတာများလား မသိဘူး။ လက်ထဲမှာ စားစရာသောက်စရာတွေရော၊ အဝတ်အိတ်တွေရောပဲ ပါလာတယ်"

"ချှင်"

ဒေါ်စိုးစိုးစံ ဖွန်းကို ချလိုက်တာ အသံမြည်သွားလေသည်။ ဦးမင်းကိုက ဇနီးသည်၏လက်ကို လှမ်းကိုင်ပြီး ခေါင်းခါပြလေ၏။ မျက်လုံးက ပြောနေသော စကားတို့သည် . . .

"မင်းသား ကလေးမဟုတ်ဘူး။ နေရာတကာ လိုက်မပါနဲ့။ သူ့ကိစ္စ သူရှင်းလိမ့်မယ်"

ဆိုတာမျိုးပါ။

"ဒေါ်ဦးပဲ ပြန်သွားပြီး ပြောလိုက်ပါ။ ထမင်းစားနေတာ မဝသေးလို့ စောင့်နိုင်ရင် စောင့်လို့"



www.burmeseclassic.com

www.burmeseclassic.com



"သား"

ဖခင်က ခေါ်လေသဖြင့် မင်းဘုန်းခ ကြည့်လိုက်လေလျှင်–

"အဲဒီလိုတော့မလုပ်နဲ့ သား။ တစ်ဖက် မိန်းကလေးရဲ့သိက္ခာကို ထိခိုက်နေမယ် . . . သွားလိုက်ပါ။ ပြီးရင် ဖေဖေတို့လည်း ထွက်လာမှာပါ"

"ကိုမင်း"

"ဟင်"

"ရှင် ဘာဖြစ်နေတာလဲ။ မိန်းကလေးဖြစ်ပြီး သူတောင် သူ့သိက္ခာကို ထည့်မတွက်လို့ လာသေးတာပဲ။ မင်းဘုန်းခက ရှင့်သားနော်"

"ငါလည်း သူများသားပါလို့ မပြောမိပါဘူးကွာ"

"ခစ် . . . ခစ်"

ယိမ်း ရယ်လိုက်မိတော့သည်။ ဘာဘနဲ့ကြီးကြီး စကားပြောရင် တစ်ခါတလေ အဲဒီလို ရယ်ရသည်လေ။

"မင်းဘုန်းခက ငါ့သားပါ။ ဒါပေမဲ့ ကိုယ်က သားရှင်ဆိုပြီး ကိုယ့်သားနဲ့ပတ်သက်တဲ့ မိန်းကလေးတွေကို အထက်စီးကနေ မဆက်ဆံသင့်ဘူး။ မိန်းမချင်း ကိုယ်ချင်းစာစိတ် သမီးရှင်း စာနာစိတ်ကလေးတော့ ထားသင့်တာပေါ့"

ဒါလည်း ဟုတ်တာပါပဲ။





"ဟူး . . . ဖေဖေနဲ့မေမေ ပြောနေပုံက သားနဲ့ဝါဆို ဘာလိုလို ညာလိုလို ဖြစ်နေသလိုပဲ။ ကဲပါ . . . သား သွားလိုက်ပါ့မယ်"

ပြောပြီး မင်းဘုန်းခ ထွက်လာခဲ့တော့သည်။ ကိုယ်နဲ့ ဘာမှ မပတ်သက်ပေမယ့် လူမှုရေးတော့ ထားရမှာပေါ့။ နင် ငါ့အိမ်ကို မလာနဲ့လို့ ပြောလို့ဖြစ်မလား။ အခု ဝါဆိုနဲ့ အလုပ်ကိစ္စတွေ မတိုင်ပင်တော့ မဆွေးနွေးတော့သည့်တိုင် အရင်ကဆိုတဲ့ မျက်နှာကို ထောက်ရဦးမည်လေ။

"ကိုဘုန်း"

"ဝါဆို ဘယ်ကလှည့်လာတာလဲ"

"ဒီကိုပဲ တမင်လာခဲ့တာ ကိုဘုန်းရဲ့။ ဒါနဲ့ အန်ကယ်လ်နဲ့ အန်တီရော မမြင်ပါလား"

"ထမင်းစားနေကြတယ်လေ။ ဝါဆို ထမင်းတစ်ခါတည်း ဝင်စားလိုက်ပါလား"

"နေပါစေ ကိုဘုန်း . . . ဝါဆို စားလာခဲ့ပြီးပါပြီ"

"ဪ"

မစားမှန်းတော့ သိသားပဲ။ ဒါပေမဲ့ လောကွတ်နဲ့ ကျောပွတ် ရသေးတယ်လေ။ ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကို ဒီလိုလေးမှ လောကွတ်မချော်ရင် ဘယ်ဖြစ်မှာလဲ။

"ဝါဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"တမင်လာတာယ်ဆိုတော့ ကိစ္စရှိလို့လား မသိဘူး"

"ထွေထွေထူးထူးတော့ ကိစ္စမရှိပါဘူး ကိုဘုန်းရဲ့။ အန်ကယ်လ်နဲ့အန်တီကို ဝါဆိုက မိဘလိုသဘောထားနေတာလေ။ ဝါဆို့မှာ မိဘတွေမှမရှိကြတာ"

"ဝါဆိုမှာ မိဘတွေ မရှိတော့တာကို သိပါတယ်။ ဝါဆို ခဏခဏ ပြောဖူးတာပဲဥစ္စာ"

စကားက လိုရင်းကိုမရောက်နိုင်။ ဒါကြောင့် စကားကို နိုက်ယူလိုက်တာလေ။

"အင်း ... ဟုတ်ပါတယ်။ အခု ဝါဆိုလာတာ အန်ကယ်လ်နဲ့ အန်တီကို ကန်တော့ရအောင် လာတာပါ"

"ကိုကြီး"

ထမင်းစားခန်းထဲကနေ ထွက်လာရင်း ခပ်စွာစွာခေါ်လိုက်တဲ့ ယိမ်းကို ပြန်ငဲ့ကြည့်၍ ...

"ဘာလဲ"

"အပူ ... အအေး"

"ဘာမှမလုပ်နဲ့"

စကားတောင် အဆုံးမခံတဲ့ ပိတ်ပစ်လိုက်သည်။ ဒီကောင်မလေးအကြောင်း သူ သိတာပေါ့။





"ဟော ... ဟိုမှာ အန်ကယ်လ်နဲ့အန်တီ လာပြီ။ သမီးက အန်ကယ်လ်တို့ကို ကန်တော့ရအောင်လာတာ အန်ကယ်လ်ရဲ့"

"ဟော ... ဟုတ်လား"

မြင်မြင်ချင်း ပြောလိုက်တော့ ကိုယ်ကလည်း ဝမ်းသာအားရ ဟန်ပေါ့။ ဘာဖြစ်လဲ ကိုယ်က သူများပစ္စည်း လိမ်စားဖို့ ဟန်လုပ်တာမှမဟုတ်တာ။ သူတစ်ပါး စိတ်ချမ်းသာဖို့အတွက် ဟန်လုပ်ရတာပဲလေ။

"ဟုတ်ကဲ့ ... အန်ကယ်လ်။ သမီးက အန်ကယ်လ်တို့ကို မိဘလို သဘောထားပြီး လာကန်တော့တာပါ။ လက်ခံပေးပါနော်"

ဝါဆို ဆိုဖာပေါ်ကနေ ကြမ်းပြင်မှာ ကျုံ့ကျုံ့လေး ဆင်းထိုင်လေလျှင် ...

"ကိုမင်း"

"ဟင်"

"ကျွန်မဗိုက်လေ"

"ဘာဖြစ်လို့လဲ"

"နာလာလို့ ... အမယ်လေး မရတော့ဘူး သွားမှ"

ဒေါ်စိုးစိုးစံ ဗိုက်ကို လက်နှင့်နှိပ်ဟန်ပြုပြီး သုတ်သီးသုတ်ပျာနှင့် ထလာခဲ့တော့သည်။ အသားလိုလို့ အရိုးတောင်းတာမျိုးကို ကိုယ်မှ လက်မခံနိုင်ပဲလေ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"တုံ ... တုံ"

"ကို"

"တုံ ... တုံ"

"ကို"

ယိမ်း ဟိုဘက်က ဝင်လာတဲ့ စာကြောင့် ပြုံးလိုက်မိသည်။ သိရိုက်ပြေ့။ ပါးစပ်ကသာ စကားနည်းတာ စာနှင့်ကျတော့ ရယ်စရာ ပြောတတ်ပါ့။ ငါတော့ ငါရှေ့ရေးကို ကြိုတွေးပြီး ငှက်ပျောပင်ပဲ စိုက်တော့မယ်ဆိုပြီး ပို့တဲ့ပုံက ငှက်ပျောပင်တွေပါ။ ဒါကြောင့် ယိမ်းက

ယုန်နှင့်ဘူးသီးတွဲထားတဲ့ပုံလေးကို ပြန်ပို့လိုက်တာ ဖြစ်၏။ ကျောင်းပိတ်ပြီဆိုကတည်းက သူငယ်ချင်းတွေ ဒီလိုပဲ စာပို့ ဖုန်းဆက်





နဲ့ အလွမ်းဖြေနေရတာပေါ့။ Face book တော့ သိပ်မသုံးဖြစ်ပါဘူး။ ကိုကြီးက သိပ်မကြိုက်ဘူးလေ။ ယိမ်းပုံတွေလည်း မထင်ရဘူးတဲ့။

သုံးတယ် ထမင်းမေ့ဟင်းမေ့ သုံးတာမျိုး မဟုတ်တာပါ။

"တုံ ... တုံ"

"..."

"တုံ ... တုံ"

ယိမ်း သိရိုဆီ ပြန်ပို့ စာရိုက်နေတုန်းမှာပဲ နားထဲမှာ ဂစ်တာ တီးသံကို ကြားလိုက်ရသည်။ ဒါကြောင့် စာရိုက်နေပေမယ့် နား ကိုလည်း စွင့်ထားမိ၏။

ခဏကြာတော့ ...

သီချင်းသံက စထွက်ပေါ်လာသည်။

♬ အို xxx ဒီမှာ ကောင်မလေးရယ် xxx တစ်ချက်လောက် လှည့်ကြည့်ကွယ်

မင်းမျက်ဝန်းရဲ့အကြည့် တို့ မျှော်လှပြီ xxx

ဘယ်သူမြင်မှာလဲကွယ် xxx အပြုံးလေးတစ်ချက်နဲ့ ကိုယ့်ကို ခဏလောက်တော့ အို xxx ပြုံးပြပါတော့ မင်းရဲ့ပုံစံလေး မင်းမျက်နှာ လေးကို xxx နှလုံးသားမှာ ငါ တကယ်ပဲ စွဲလမ်းလွန်းနေလို့ xxx ပြောဖို့ခက်နေခဲ့ xxx စိုးထိတ်မှုတွေနဲ့ xxx ချစ်တဲ့စကားလေး တစ်ခွန်းအတွက်ကို ဝေးရမှာလား xxx



www.burmeseclassic.com

www.burmeseclassic.com



အချိန်ခဏလေးနဲ့ ရင်ထဲမှာ ××× ကိုယ်တန်ဖိုးထား ချစ်ခဲ့တာ ××× မင်းကို ငါ စိတ်ထဲက ကိုယ်လေမပြောဘဲ မင်းသိပါ ×××

ဒီရင်ထဲက အချစ်များစွာ ×××

မင်းကို ငါ ချစ်လွန်းလို့ပါ ××× အိုး ××× ♫

သီချင်းနဲ့ အသံက လိုက်ဖက်ပြီး နားထောင်လို့ကောင်းနေတာ အဝေးကမို့လို့လားတော့ မသိပါဘူး။ ဒါ အိမ်ရှေ့ကနေ လာဆိုနေတဲ့ အသံ။ ဘယ်ကောင်တွေပါလိမ့်။ သူတို့သီချင်းလာဆိုတာက အရေးမကြီးဘူး။ တော်ကြာ ကိုကြီးက ယိမ်းကို ဆူမှာလေ။ ဘာတွေဖယားရှိလဲ ဘာညာဆိုတာ လာဦးမှာ။

ဟူး ... စိတ်ညစ်ပါတယ်နော်။ သူတို့ သီချင်းလာဆိုလည်း ပါးစပ်ပြို အာခေါင်နာရုံပဲ ရှိမယ်။ သူတို့ ဘယ်သူတွေပဲဖြစ်ဖြစ် ယိမ်းက စိတ်ဝင်စားမှာမှ မဟုတ်တာ။

"တုံ ... တုံ"

"ဟင်"

"တုံ ... တုံ"

တစ်ဖက်မှာ ဖုန်းဆီကလည်း စာတွေဝင်နေတာ သိရိတစ်ယောက်တည်း မဟုတ်တော့ပေ။ ဥမ္မာပါ တက်လာပြီလေ။ ဒါကြောင့် သူတို့ဆီသို့ ကမန်းကတန်း စာပို့လိုက်ရ၏။

"ခဏလေး ... ကိစ္စရှိလို့"





ဆိုတာကို သိရိဆီပို့ပြီး ဥမ္မာဆီကိုကျတော့ ...

"ပြီးမှ ငါ ဖုန်းဆက်လိုက်မယ်"

ဟု ပို့ပြီး အင်တာနက်ပိတ်ကာ အပြင်သို့ ထွက်လာခဲ့တော့သည်။ သွားပြောရမယ်လေ။ နောက်ကို ဒီမှာ သီချင်းလာမဆိုပါနဲ့လို့။ တော်ကြာ ကိုကြီးထွက်လာရင် ယိမ်း ပယောဂမကင်းဖြစ်ဦးမယ်။

"ယိမ်း"

"..."

"ဟဲ့ ... ယိမ်း"

"ရှင်"

ယိမ်းနောက်သို့ ကမန်းကတန်းနှင့် လိုက်လာသူက ဒေါ်ဦးပါ။

"ဒါ ... ဘယ်ကိုသွားမလို့လဲ ယိမ်း"

"ဟိုကောင်တွေကို သွားပြောမလို့လေ။ ဒီမှာ သီချင်းလာမဆိုပါနဲ့လို့"

"ဟင်"

"မဟုတ်ရင် ကိုကြီးက ယိမ်းကိုပဲ တစ်မျိုးထင်ဦးမယ်"

"ဒါဆို ... ဒေါ်ဦးပါ လိုက်မယ်"

လိုက်ချင်လိုက် မလိုက်ချင်နေ ... ယိမ်းကတော့ သွားကိုသွားရမှာပဲမို့ ခြေထောက်တွေက လျင်မြန်သွက်လက်စွာ ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

♬ ဒီမှာ ကောင်မလေးရယ် ××× တစ်ချက်လောက် လှည့်ကြည့်ကွယ် မင်းချစ်ခြင်းကို တို့ မျှော် ××× လှ ××× ပြီ ×××

ကြင်နာနိုင်ရင် ကလေးရယ် ××× မင်းရဲ့အပြုံးနဲ့ ကိုယ့်ကို ××× ခဏလောက်တော့ ပြုံးပြပါတော့ ××× မင်းရဲ့ပုံစံလေး ××× မင်းအမူအရာလေး--ကို ××× နှလုံးသားမှာ ငါ တကယ်ပဲ စွဲလမ်းလွန်းနေလို့ ×××

ပြောဖို့ခက်နေတယ် ×××

စိုးထိတ်မှုတွေနဲ့ ××× ချစ်တဲ့စကားလေးတစ်ခွန်းအတွက် ကြောင့် ဝေးရမှာလား ××× ♬





လမင်းသာက သီချင်းဆိုပြီး အပေါ်ထပ်ဝရန်တာကိုသာ ကြည့်နေတာ။ အခြားကိုကြည့်သူမဟုတ်ပေ။ ဘေးကနေ ကိုယ်ကို ဟိုယိမ်းဒီယိမ်း လိုက်လုပ်နေတဲ့နှစ်ယောက်ထဲမှ တစ်ယောက်က ခြံတံခါးဆီသို့ အမှတ်မထင် ကြည့်မိပြီး . . .

"ဟင်"

တံခါးဖွင့်နေတာကို မြင်လိုက်သူက လင်းသစ်ပါ။ ထို့ကြောင့် သူကတော့ ပန်းလှုပ်တာ ရပ်သွားပြီး လမင်းကို လက်ကုတ်နေသည်။ ဒါကို လမင်းက ဂရုမစိုက်ဘဲ သီချင်းဆိုမြဲတမ်းပါပဲ။

အချိန်ခဏလေးနဲ့ ရင်ထဲမှာ ××× ကိုယ်တန်ဖိုးထားချစ်ခဲ့တာ ××× မင်းကိုပါ စိတ်ထဲက ကိုယ်လေ မပြောဘဲ မင်းသိပါ ××× ဒီရင်ထဲက ကျေနပ်စွာ မင်းကို ငါ ချစ်လွန်းလို့ပါ ××× အိုး ×××

"ဟော့ကောင်"

"အား"

လက်ကုတ်လို့မရတဲ့အဆုံး လင်းသစ်က လမင်းလက်မောင်းကို လိမ်ဆွဲလေလျှင် လမင်း သီချင်းဆိုသံက တိခနဲပြတ်သွားပြီး 'အား' ခနဲ အော်သံထွက်လာသည်။

"အား . . . နာလိုက်တာကွာ။ ဘာဖြစ်တာလဲကွ"

"ဟိုမှာ"

"ဒီမှာ . . . ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာဆိုလို့ လက်ညှိုးထိုးပြရာကိုကြည့်ရုံပဲရှိသေး ... ဒီမှာ သံက ဆက်လာသဖြင့် ...

"အင်"

ယိမ်းကိုမြင်တာနှင့် လမင်း ထရပ်လိုက်ကာ ...

"ယိမ်း"

"ရှင်တို့ ဒီမှာ ဘာလို့ သီချင်းလာဆိုနေတာလဲ။ အခြားမှာ သွားဆိုကြ ... ဒီမှာလာမဆိုနဲ့"

"ဟာ ... ယိမ်းကလည်း အခြားမှာသွားဆိုရင် အခြားသူ တွေပဲ ကြားမှာပေါ့။ ကိုယ်က ကိုယ်သီချင်းဆိုတာကို ယိမ်း ကြားစေ ချင်လို့ ယိမ်းတို့အိမ်ရှေ့ကို တကူးတက လာပြီးဆိုရတာကို"

"သေလိုက် ... သေလိုက်ပါလား။ ရှင့်ကို ဘယ်သူက လာ ဆိုခိုင်းလို့လဲ။ ရှင် ဖင်သနီတွက်အောင် အော်လည်း ကျွန်မ စိတ်မဝင် စားဘူး ... ရှင်းလား"

လိုအပ်ရင် ယိမ်းက အဲဒီလိုစွာသူပါ။ အဲဒီလို ခပ်စွာစွာနဲ့ ရန်တွေ့နေပုံကပဲ ပိုပြီးချစ်စရာကောင်းတယ်ထင်မိကာ လမင်း ပြန် ပြောဖို့စကားလုံးကို စဉ်းစားရမှာထက် ယိမ်းကိုပဲ ငေးနေမိတော့သည်။

"ဒီမှာ"

"..."

"ဒီမှာ"





"အင် ... ဟင်"

"အဟဲ ... သူ့နာမည်က လမင်းသာလေ ယိမ်းရဲ့"

ဒီမှာ ... ဒီမှာနဲ့ ခေါ်နေသဖြင့် အကြားမတော်စွာပဲ ငြိမ်း အောင် ဝင်ပြောလိုက်ရတာပါ။ လမင်းကတော့ မတ်တတ်မှေ့နေတဲ့ အတိုင်းပါ။

"ရှင့်ကို ဘယ်သူက မေးနေလို့လဲ"

"မေးတော့ မမေးဘူးလေ၊ ဒီမှာ ... ဒီမှာနဲ့ ခေါ်နေတာ အကြားမတော်လို့ပါ"

"အောင်မယ် ... အကြားမတော်ရင် နားပိတ်ထားပါလား။ ကျွန်မက နားဝင်ချိုအောင် မခေါ်တတ်ဘူး"

"အဲ ... အဟဲ စွာတယ်တော့"

"ဟော့ကောင်"

လင်းသစ်ပါးစပ်ကို လမင်းက အတင်းလိုက်ပိတ်လေသည်။ ကိုယ်က အဲဒီစွာတာလေးကို နှစ်သက်သဘောကျနေမိတာလေ။ အဲဒီလို စွာတာတာပြောတတ်တဲ့ ထူပြည့်ပြည့်နှုတ်ခမ်းလေးအားလည်း ကောင်း၊ မျက်တောင်တုတပ်မထားပါဘဲ ကော့ညွှတ်နေသော မျက် တောင်တွေ ဝန်းရံခံသည့် ညို့မျက်ဝန်းလေးတစ်စုံအားလည်းကောင်း၊ နှာသီးဖျားလေး ချွန်သလိုလိုနှင့် ဖြောင့်စင်းနေသော နှာတံလေးအား လည်းကောင်း၊ နဖူးစပ်မှာ ကကြီးပုံစံလိုနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်"

"အကုန်ချစ်တယ်"

"အမ်"

"ဟော"

စိတ်ထဲရှိတာ ပါးစပ်က ထွက်သွားတော့ လမင်းပါးစပ်ကို အမြန်ပိတ်လိုက်ရသည်။ ပြောချင်တာက ဆံစကနေ ခြေဖျားအဆုံး အကုန်ချစ်တယ်လို့လေ။

"ဘာလဲကွ . . . အကုန်ချစ်တာ"

"ဆံစကနေ ခြေဖျားအဆုံး အကုန်ချစ်တယ်လို့"

"ဘာပြောတယ်"

"အင် . . . ဘာပြောလို့လဲ။ ဒီကောင့်ကို ပြောတာပါ။ လင်းသစ်လေ ကိုယ့်သူငယ်ချင်းဆိုတော့ ဝဲစားရုပ်ပေါက်နေလည်း ဆံစကနေ ခြေဖျားအဆုံး အကုန်ချစ်တယ်လို့ ပြောတာ . . . အဟင်းဟင်း"

"ဘာအဟင်း . . . ဟင်းလဲ။ ရီးတီးယားတားမလုပ်နဲ့ ပါးကျိုးသွားမယ်၊ ဘာမှတ်လဲ"

"ကျွန်တော် မပါဘူးနော်"

"သွား . . . ကျွန်မအိမ်ရှေ့ကနေ အခုထွက်သွားကြ။ နောက်လည်း ဒီမှာ ဘယ်တော့မှ သီချင်းလာမဆိုနဲ့"





ယိမ်း အပြတ်ပြောပစ်လိုက်သည်။ ဟုတ်တယ်လေ။ သူတို့ သီချင်းလာဆိုတာက အရေးမကြီးဘူး၊ ကိုကြီးက ယိမ်းကို တစ်မျိုးမြင်သွားရင် မကောင်းဘူးပေါ့။ ဘယ်သူတွေ ဘယ်လိုပဲ ထင်ထင် ယိမ်း ဂရုမစိုက်ပါဘူး။ ကိုကြီး တစ်မျိုးထင်မှာကိုတော့ စိုးရိမ်ပါသည်။

"ဟယ် . . . ယိမ်း"

ဒေါ်ဦးက သူမလက်မောင်းလေးကို ပျာပျာသလဲပုံစံနှင့် လှုပ်ခါလေလျှင် လှည့်ကြည့်လိုက်တော့ . . .

"ဟိုမှာ . . . မောင်ဘုန်းခ လာနေပြီ"

"ဟင်"

ယိမ်းရင်ထဲမှာ ထိတ်ခနဲဖြစ်သွားလေသည်။

"ကိုကြီး"

"အဲဒါ ဘာဖြစ်နေတာလဲ"

"ဘာမှတော့မဖြစ်ပါဘူး ကိုကြီး။ ဒီမှာ သူတို့ သီချင်းလာဆိုနေကြလို့။ အဲဒါကြောင့် နောက်ဒီအိမ်ရှေ့မှာ လာမဆိုဖို့ ပြောနေတာပါ"

"အဲဒါ နင်ထွက်ပြောစရာလား။ နင်ကိုယ်တိုင် ထွက်ပြောစရာလား"

"မောင်ဘုန်းခ . . . ဒေါ်ဦး ပါတယ်လေ"

ယိမ်း နောက်ဆုတ်သွားလေသည်။ ဒီလိုအဆူခံရမှာစိုးလို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြောမှပဲ အပြောခံရပြီပေါ့။ သေနာကောင်တွေ။ အဲဒါ သူတို့ကြောင့် ...

လမင်းသာတို့အဖွဲ့မှာလည်း ... အခုမှ ဆက်ရပ်နေရအခက် လှည့်ပြန်သွားရအခက် ဖြစ်နေပြီလေ။ သုံးယောက်သား တစ်ယောက်ကိုတစ်ယောက် လက်တို့၍သာ ပေကပ်ရပ်နေရတော့၏။

"ဒေါ်ဦးမကာလို့ တစ်အိမ်လုံးမှာရှိတဲ့လူတွေပဲ ပါလာလာ သူထွက်လာဖို့ကို မလိုတာ"

"ကိုကြီး"

"ပါးစပ်ပိတ်ထား ဆင်ခြေမပေးနဲ့"

သူစိမ်းတွေရှေ့မှာဆိုတော့ ယိမ်း ထပ်မပြောတော့ပါဘူး။ တော်ကြာ ကိုကြီးကို အရှက်ခွဲရာရောက်နေမှာစိုးလို့ပါ။

"ဟော့ကောင်တွေ"

"..."

"ဟ ... ခေါ်နေတယ်လေကွာ"

"ဗျာ"

"မင်းတို့ကို ငါ ပွင့်ပွင့်လင်းလင်းပဲ မေးမယ်။ မှန်မှန်ဖြေမလား"

လင်းသစ်နဲ့ငြိမ်းအောင်က ခေါင်းမညိတ် ခေါင်းမခါနိုင် ငြိမ်သက်စွာ ရပ်နေကြသည်။ လမင်းကပဲ ...





"ဟုတ်ကဲ့ မေးပါ ခင်ဗျာ။ ကျွန်တော် အမှန်ပဲ ဖြေမှာပါ"

မင်းဘုန်းခ တွေခနဲဖြစ်သွားလေသည်။ မဆိုးပါဘူး။ ယဉ်ကျေးသားပဲ။ ကိုယ်က ဂျစ်ကန်ကန်ပြန်ပြောမယ်လို့ ထင်ထားတာလေ။

"မင်းတို့ ဒီမှာ သီချင်းလာဆိုတာ ... ငါ့ညီမယိမ်း ကြားအောင် လာဆိုတာလား။ ဒါမှမဟုတ် ..."

"ကျွန်တော် ဝန်ခံပါတယ် အစ်ကို။ ကျွန်တော် ဒီမှာ သီချင်းလာဆိုတာ ယိမ်း ကြားအောင်ပါပဲ။ အခြားနေရာတွေမှာ အခုလို ဟိုထိုင် ဒီထိုင်နဲ့ တစ်ခါမှ မဆိုဖူးပါဘူး။ ကျွန်တော် သူများအိမ်ရှေ့လမ်းဘေးမှာ ထိုင်ပြီး သီချင်းဆိုဖူးတာ ဒါ ပထမဆုံးအကြိမ်ပါ။ ကျွန်တော် မိကောင်းဖခင်သားသမီးပါ အစ်ကို"

သူ ယဉ်ကျေးတော့ ကိုယ်လည်း မရိုင်းပါဘူး။ ဒါကြောင့် မင်းဘုန်းခ ခေါင်းညိတ်လိုက်ပြီး ...

"ဒေါ်ဦးနဲ့ယိမ်း အိမ်ပြန်တော့"

"ကိုကြီးတစ်ယောက်တည်း"

"ဒီကောင်တွေ ငါ့ကို ရိုက်မသတ်ဘူး၊ သွားဆိုရင် သွား"

"ဟာ ... မရိုက်ပါဘူး အစ်ကိုရယ်။ ကျွန်တော်တို့ အစ်ကို့ကို လက်ဖျားနဲ့တောင် မတို့ပါဘူးဗျာ"

မင်းဘုန်းခ ပေစောင်းစောင်းနှင့်ကြည့်လေတော့ ယိမ်းနှင့် ဒေါ်ဦး ခြံထဲသို့ ပြန်ဝင်ရလေတော့သည်။ ပြန်သာပြန်ရတယ် စိတ်က



www.burmeseclassic.com

www.burmeseclassic.com



တော့ မချုပါဘူး။

မင်းဘုန်းခကတော့ . . .

"မင်းနာမည် ဘယ်လိုခေါ်လဲ၊ မင်းကို ငါ မြင်ဖူးသလားလို့"

"လမင်းသာပါ အစ်ကို၊ ဟို ရုပ်ရှင်ရုံမှာ တွေ့ဖူးတာပါ"

"လမင်းသာ"

"ဟုတ်ကဲ့"

မင်းဘုန်းခ တွေခနဲဖြစ်သွားလေသည်။ ပြီးမှ . . .

"မင်းမိဘတွေကရော ဘာအလုပ်တွေ လုပ်ကြလဲ"

"ကျွန်တော့်အဖေက ဦးနိုင်ထွန်း၊ အမေက ဒေါ်အိသူဇာပါ အစ်ကို။ ဖေဖေက ရာဇာထွန်းကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာပါ။ မေမေကတော့ ရွှေဆိုင်ဖွင့်ထားပါတယ်"

"ဩော်"

ဩော် . . . ဆိုပြီး ရှေ့ဘယ်လိုစကားဆက်ရမှန်းမသိတော့ပေ။ ရာဇာထွန်းကုမ္ပဏီက MD ဦးနိုင်ထွန်းဆိုတာကို မင်းဘုန်းခ သိနေတာပဲလေ။ ဦးနိုင်ထွန်းသားက လိမ္မာရေးခြားရှိတယ်ဆိုတာကိုလည်း သိထားတာမို့ . . . ။

❁ ❁ ❁



## အခန်း (၁၆)

ယိမ်း ညကကိစ္စမှာ လမင်းသာတို့ကို ကိုကြီး ဘယ်လိုများ ပြောလွှတ်လိုက်သလဲ။ အဲဒါကို သိချင်နေသည်။ ဘာဘနဲ့ကြီးကြီးကိုလည်း ပြောမပြဘူး ထင်ပါရဲ့။ ယိမ်း မေးခြင်း မြန်းခြင်း ဘာမှမရှိပေ။ ဒေါ်ဦးကိုမေးတော့လည်း ဘာမှပြောသံ မကြားဘူးတဲ့၊ ကိုကြီး ယိမ်းကို စိတ်ဆိုးနေတာများလား။

ထိုအတွေးတွေနှင့်ပဲ . . .

ယိမ်းစိတ်တွေ မကြည်လင်ပေ။ မဖြစ်သေးပါဘူး။ ကြီးကြီးကို မေးကြည့်ရတာပေါ့။

"ကလင် . . . ကလင် . . . ကလင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ယိမ်းရဲ့ဖုန်းက မြည်သံလေးပါ။ အခု ယိမ်း ဖုန်းသံကို ဒီအသံလေးပဲ သွင်းထားတာလေ။

"ကလင် . . . ကလင် . . . ကလင်"

". . ."

"ကလင် . . . ကလင် . . . ကလင်"

ယိမ်း ဖုန်းလေးကို ဆွဲပြီး နားမှာကပ်လိုက်ကာ . . .

"ဟယ်လို"

"ဟဲ့ ယိမ်း . . . နင် အခုဘာလုပ်နေတာလဲ"

"စိတ်ညစ်လို့ ထိုင်နေတာ"

"ဟင်"

'ဟင်' ဆိုပြီး တစ်ဖက်က ဥမ္မာ့အသံ တိတ်သွားလေသည်။ ပြီးမှ . . .

"ဘာဖြစ်လို့လဲ ယိမ်း၊ ငါ့ကို ပြောပြလို့ ရမလား။ အနည်းဆုံးတော့ ကူပြီး ခံစားပေးလို့ရတာပေါ့။ ဘာဖြစ်လို့လဲဟင်"

"ပြောပြလို့တော့ ရပါတယ်"

"အဲဒါဆို ပြောပြလေ"

ယိမ်း သက်ပြင်းလေးချလိုက်မိသည်။ ကိုယ့်မှာ ရင်ဖွင့်စရာဆိုလို့ ဒီသူငယ်ချင်းတွေပဲ ရှိတာလေ။ ယိမ်းရင်ဖွင့်ချင်နေတာပါ။





ကိုကြီးနဲ့ ပတ်သက်ပြီးတော့ပေါ့။ ကိုယ့်ရင်ထဲက ခံစားချက်တွေ . . .

"ယိမ်း ပြောလေဟာ"

"ဥမ္မာ"

"ဟင်"

"ညက လမင်းသာနဲ့ သူ့သူငယ်ချင်းတွေလေ"

"အင်း"

"တို့ခြံရှေ့မှာ ဂစ်တာတီးပြီး သီချင်းဆိုကြတယ်ဟ"

"ဟယ် . . . ဟုတ်လား"

"ဟုတ်တယ် ဥမ္မာ"

"အေး . . . ငါ ပြောပြမယ်သိလား ယိမ်း။ အဲဒီတစ်ယောက်က နင့်ကို တော်တော်စိတ်ဝင်စားနေပုံပဲနော်။ အဲဒါက ထားပါ။ နင့်ကို စိတ်ဝင်စားနေတာ သူတစ်ယောက်တည်းမှ မဟုတ်တာ။ ဒါပေမဲ့ သူကတော့ တော်တော်သန်တယ်နော် . . . ယိမ်း"

"ဟင် . . . ဘာသန်တာလဲ"

"ရုပ်ကို ပြောတာလေ . . . ဟဲ ဟဲ"

"ကောင်မစုတ်"

ဥမ္မာ ရယ်သံကြားရတော့ နည်းနည်းစိတ်သက်သာရာရသလိုလို ဘာလိုလိုပါ။ ဒါပေမဲ့ ရင်ဖွင့်စရာရှိတာတော့ ဖွင့်ကိုဖွင့်မှဖြစ်မှာပါလေ။ ဘာလို့လဲဆို ကိုကြီးနဲ့ ပတ်သက်ပြီး ယိမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း တွေး၊ တစ်ယောက်တည်း သုံးသပ်နေရတာ ဘာမှန်းကို မသိတော့ပါဘူး။

"အေး ... သီချင်းလာဆိုတော့ ဘာဖြစ်ရောလဲ၊ ဆက်ပြောပါဦး"

"ငါလည်း ကိုကြီး ငါ့ကို ဆူမှာစိုးတာနဲ့ ဒေါ်ဦးနဲ့အတူတူ ထွက်ပြောလိုက်တယ်ဟာ။ နောက်ကို ဒီမှာ သီချင်းလာမဆိုပါနဲ့လို့"

"အင်း ... အဲဒီတော့ သူက ဘာပြောလဲ"

"သူနဲ့ သူ့သူငယ်ချင်းတွေက စပ်ဖြဲဖြဲစကားတွေ ပြောနေတုန်းမှာပဲ ကိုကြီး ရောက်လာတယ်"

"ဟယ်"

ဉမ္မာနှုတ်မှ 'ဟယ်' ခနဲ ဖြစ်သွားလေသည်။ အဲဒီကနေ ကိုကြီး ပြောတာတွေနဲ့ ဖြစ်ခဲ့တာတွေအားလုံးကို ပြောပြလိုက်လေတော့သည်။

"အခု ... နင်က ဘာကိုစိတ်ညစ်နေတာလဲ ယိမ်း"

"ပြန်လာပြီးကတည်းက အခုထိ ကိုကြီး ငါ့ကို ဘာမှမပြောဘူးလေ။ လမင်းသာတို့ကို ဘယ်လိုရှင်းလိုက်လဲမသိဘူး"

"ဪ ... သိပြီ ... သိပြီ"

"ဘာလဲ"

"နင် လမင်းသာကို ကိုကြီး ပိုးစိုးပက်စက်ပြောလွှတ်လိုက်မှာ





စိုးနေတာ မဟုတ်လား"

"ဟာ ... ဘာဆိုင်လို့လဲ၊ နင်ကလေ ပြောလိုက်ရင် အလွဲပဲသိလား"

"ဟင် ... မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဒါဆို ဟုတ်တာကို ပြောပြလေဟာ"

ဟုတ်တာကို ပြောပြဆိုတော့ ယိမ်း ဘာပြောရမှန်းမသိပေ။ ကိုယ် စိုးရိမ်နေတာ ဘာကြောင့်လဲ၊ ကိုယ့်ဘာသာတောင် အမည်မတပ်နိုင်ပေ။ ဒါပေမဲ့ ရင်ထဲမှာ သိုသိပ်ထားတဲ့စကားတွေ သူငယ်ချင်းကိုတော့ ပြောပြချင်မိသည်လေ။ သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်ဆိုတဲ့ ကဗျာ။ ပြီးတော့ ...

ကိုကြီးနဲ့ယိမ်းက ဘာမှသွေးမတော်သားမစပ်တဲ့သူစိမ်းပြင်ပြင်ဆိုတာတွေ ပြောပြချင်မိတာလေ။ ကိုကြီး ယိမ်းအပေါ် ဘယ်လိုသဘောထားနေလဲဆိုတာကိုလည်း သိချင်တာပါ။

"ဉမ္မာ"

"ဟင်"

"တကယ်တော့လေ"

"အင်း"

"ငါနဲ့ကိုကြီးက သူများတွေအမြင်မှာ မောင်နှမလိုပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းမှာ ဘာမှသွေးမတော်သားမစပ်တဲ့ သူစိမ်းတွေပါ"

"ဟယ်"

ဥမ္မာ အံ့သြလို့ ချက်ချင်း ဘာပြောရမှန်းမသိတောင် မသိတော့ပေ။ သူမတို့ သိထားတာက ယိမ်းနဲ့ကိုကြီးက မောင်နှမ။ အစ်ကိုက ညီမကိုချစ်လို့ ပွဆာသမျှ ရစေသတည်း ဖန်ဆင်းရှင်။ ယောက်ျားလေးတွေနဲ့ ယိမ်းကို ရောရောယှက်ယှက်နေတာ မကြိုက်ခြင်းသည် ဟိုမသွားရဘူး။ ဒီဟာမလုပ်ရဘူး တားမြစ်တာတို့သည်-

ညီမလေးကို ချစ်လွန်းလို့ . . .

အစ်ကိုက သဝန်တိုနေတာလို့ပဲ ထင်ခဲ့တာပါ။ ဘယ်အစ်ကိုမဆို ညီမတွေကို လူဆိုးလူရှုပ်တွေနဲ့ တွေ့မှာစိုးတယ်လေ။ ပြီးတော့ ကိုယ်သာ မိန်းကလေးတွေကို ရှုပ်ချင်ရှုပ်မယ်။ ကိုယ့်နှမကျ အသေတိုတတ်ကြတာ မဟုတ်လား။

"နင်နဲ့ကိုကြီးက မောင်နှမအရင်း မဟုတ်ကြဘူး။ ဟုတ်လား ယိမ်း"

"ဟုတ်တယ် . . . အရင်းလည်း မဟုတ်ဘူး။ အဖျားလည်း မဟုတ်ဘူး"

"ခြောင်"

"နင့်ကို ငါ ကဗျာတစ်ပုဒ် ရွတ်ပြမယ် ဥမ္မာ။ အဲဒီကဗျာက ကိုကြီးရဲ့ Facebook မှာ ငါတွေ့တာ။ အဲဒီနေ့က ကိုကြီး ဖုန်းမေ့





ကျန်ခဲ့လို့ ငါလည်း စပ်စုလိုက်မိတာပါ"

"ဘာကဗျာလဲ"

"ခေါင်းစဉ်က သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် . . . တဲ့"

"ဟုတ်လား . . . နေဦးဟ"

"ဟင် . . . ဘာဖြစ်လို့လဲ"

"နင် ပါးစပ်က ရွတ်ပြရင် ငါ မမှတ်မိဘူးလေဟာ။ အဲဒါကြောင့် viber ကနေ ပို့လိုက်။ တို့ viber ကနေ ဆက်ပြောကြတာပေါ့"

"Ok . . . ဒါဆို ငါ ဖုန်းချလိုက်တော့မယ်နော်"

ပြောပြီး ယိမ်း ဖုန်းချလိုက်တော့သည်။ ဒီကဗျာရဲ့အဓိပ္ပာယ်ကို တစ်ယောက်တည်း သုံးသပ်ရတာထက် အများသုံးသပ်တဲ့အဖြေက ပိုမှန်မလားလို့ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ယိမ်း"

ကော်ဖီငုံသောက်နေရင်းမှ ယိမ်း ကိုကြီးကို မျက်လွှာပင့်ကြည့်လိုက်သည်။ ပြီးမှ ဘာမှဆက်မပြောသဖြင့် ကော်ဖီခွက်ကို ချလိုက်ကာ . . .

"ကိုကြီး ဘာပြောမလို့လဲ ပြောလေ"

"ညနေ ငါ မွေးနေ့ပွဲသွားစရာရှိတယ်။ အဲဒါ နင်လိုက်ရမယ်၊ လိုအပ်တာတွေ ကြိုပြင်ဆင်ထား"

"ဘယ်သူ့မွေးနေ့လဲ ကိုကြီး။ ယိမ်းလိုက်ဖို့ လိုအပ်လို့လား ဟင်"





"ဟာ . . . လိုအပ်လို့ ခေါ်တာပေါ့။ မလိုအပ်ရင် ကားထဲမှာ လူအပိုရှုပ်လို့မခေါ်ဘူး"

စကားပြောရင် အဲဒီလို။ ပြေရာပြေကြောင်း ပြောလည်း ရရဲ့သားနဲ့။ ယိမ်း ထပ်ပြီး ပြန်မပြောတော့ပါဘူး။ စိတ်ထဲမှာတော့ ပျော်သွားမိတာ အမှန်ပါ။ ဟိုပွဲဒီပွဲတွေဆို ကြီးကြီးကသာ ယိမ်းကို ခေါ်တာလေ။ ကိုကြီးနဲ့က ဘယ်ပွဲကိုမှ အတူတူမသွားဖူးပေ။

အခု . . .

အတူတူသွားရမယ်ဆိုတော့ ပျော်တာပေါ့။

"သား"

"ဗျာ . . . ဖေဖေ"

"ဘယ်သူ့မွေးနေ့လဲ သား"

"အဲဒီလူကို ဖေဖေ သိပါတယ်။ ဖေဖေနဲ့ အလုပ်တွဲလုပ်ဖူးပါတယ်။ ဦးနိုင်ထွန်းလေ ဖေဖေ၊ ရာဇာထွန်းကုမ္ပဏီရဲ့ မန်းနေဂျင်း ဒါရိုက်တာပါ"

"ဟာ . . . ကိုနိုင်ထွန်းဆို သိတာပေါ့ သားရဲ့။ အဲဒီလူက သိပ်တော်တာကွ၊ သားရော သူနဲ့ မိတ်ဆွေတွေလား"

"မိတ်ဆွေဆိုတာထက် ပိုပါတယ် ဖေဖေ။ အလုပ်ကိစ္စတွေနဲ့ပတ်သက်ပြီး သားကို အများဆုံး အလင်းပြပေးခဲ့သူက ဦးနိုင်ထွန်းပါ"

ဦးမင်းကို ခေါင်းတဆတ်ဆတ်ညိတ်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ် သားရယ် . . . သားအတွက်လည်း ဖေဖေ ဂုဏ်ယူပါတယ်"

တကယ့်ကို သားအတွက် ဦးမင်းကို ဂုဏ်ယူပါတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ စီးပွားရေးလောကမှာ ကိုယ့်ထက် ခြေဆန့်ပြီး အောင်မြင်အောင် လုပ်နိုင်ခဲ့သည်လေ။ ဒီသားတော်လို့ပဲ ကိုယ်က အစောကြီး အနားယူခဲ့တာပါ။ တကယ်လို့ သားကသာ ဒီအလုပ်တွေ ဆက်မလုပ်ဘူးဆိုရင် . . .

ကိုယ်ဆက်လုပ်နေလို့ကတော့ . . .

ဒီလောက်အထိ တိုးတက်လာမယ်လို့ မထင်ဘူးလေ။ ကိုယ်က ဒီလောက်အထိ တော်ခဲ့တာမှ မဟုတ်တာ။

"သမီး"

"ရှင် . . . ကြီးကြီး"

"သမီးလိုက်ရမယ်ဆိုတော့ အဝတ်အစားသွားဝယ်ဦးမလား သမီး"

"ရပါတယ် ကြီးကြီးရဲ့၊ ယိမ်းမှာ မဝတ်ရသေးတာတွေ ရှိနေတာပဲဥစ္စာ။ ဝယ်ပြီး အခုလိုပွဲမျိုးတွေ သွားတာ၊လာတာ သိပ်ရှိတာမှမဟုတ်တာ"

"လိုအပ်တာရှိရင်ပြောနော် . . . သမီး"

"ဟုတ်ကဲ့ပါ ကြီးကြီး"





ယိမ်း ကော်ဖီသောက်ခြင်းကို အဆုံးသတ်လိုက်ပြီး ထိုင်မြဲ ထိုင်နေလေလျှင် . . .

"ဩော် . . . ဒါနဲ့ သမီး"

"ဟုတ်ကဲ့ . . . ပြောပါ ကြီးကြီး"

"ဘုရားပန်းတွေ နည်းနည်းညှိုးနေသလားလို့၊ အဲဒါ ခြံထဲက နှင်းဆီပန်းတွေ ခူးပြီး လဲပေးလိုက်ပါဦးနော်"

"ဟုတ်ကဲ့"

ယိမ်း ချက်ချင်းပဲ ထသွားလေတော့၏။ ဒေါ်စိုးစိုးစံ သိနေသည်လေ။ ယိမ်းက တစ်ခုခုခိုင်းလိုက်ရင် ချက်ချင်းထလုပ်တတ်သူပါ။ ယိမ်းကို တကယ်က သူမခိုင်းချင်လို့ ခိုင်းတာမဟုတ်ပေ။ သားကို မေးစရာရှိလို့ 'ပ' ထုတ်လိုက်ခြင်းပဲလေ။ ယိမ်းရှေ့မှာ မေးဖို့ အဆင်မပြေလို့ပေါ့။

ယိမ်း ထွက်သွားပြီးမှ . . .

"သား"

". . ."

"သားကို မေမေ မေးစရာရှိတယ်"

"မေးလေ မေမေရဲ့။ သားအမိချင်း ပြောနေစရာမှ မဟုတ်တာ"

"သား . . . ယိမ်းကို ခေါ်သွားမယ်ဆိုတာ တကယ်လိုအပ်



www.burmeseclassic.com

www.burmeseclassic.com



လို့လား။ ဘာကြောင့်လိုအပ်တယ်ဆိုတာကိုရော မေမေ သိခွင့်ရှိမလား"

"ဘာဖြစ်လို့ မေးတာလဲ မေမေ"

"သားက အခုလိုမျိုး ယိမ်းကို တစ်ခါမှ ခေါ်မသွားဖူးလို့ မေးကြည့်တာပါ"

"ဩော် … မင်းကလည်း အရင်က မခေါ်ချင်လို့ မခေါ်တာ။ အခု ခေါ်ချင်လို့ ခေါ်တာပေါ့ကွာ"

"အဲဒါတော့ ရှင်ပြောမှလားရှင့်။ ရှင်ကလေ ကျွန်မပြောတဲ့ စကားဆို အမြဲတမ်း ကန့်လန့်တိုက်ရမှ ကျေနပ်တဲ့ လူ့ပုစွန်လုံးကြီး"

"ဟောဗျာ"

မိခင်နဲ့ဖခင်ကိုကြည့်ပြီး မင်းဘုန်းခ ပြုံးလိုက်လေသည်။ ဖေဖေနဲ့မေမေက တစ်ခါတစ်ခါ အဲဒီလိုပါ။ ဖေဖေကစရင် မေမေက စိတ်ကောက်၊ ဖေဖေက ပြန်ချော့နှင့် ပျော်ရွှင်စရာကောင်းတဲ့ မိသားစု လေးပါ။ ဖေဖေနဲ့မေမေ ကြီးကြီးကျယ်ကျယ်စကားများ ရန်ဖြစ်တယ် ဆိုတာ မင်းဘုန်းခ ဒီအသက်အရွယ်ထိ နှစ်ခါပဲ ကြုံဖူးခဲ့သည်။

တစ်ခါက …

မင်းဘုန်းခ ခြောက်တန်းနှစ်မှာပါ။ မေမေက ဘုန်းခကိုခေါ်ပြီး အိမ်ပေါ်ကနေ ဆင်းသွားတာလေ။ တစ်ပတ်တောင် မပြည့်ဘူး ဖေဖေက လာပြီး ပြန်ချော့ခေါ်တာ။ တစ်ခါက မင်းဘုန်းခ ဆယ်တန်း နှစ်မှာလေ။ မေမေက အိမ်ပေါ်ကနေ ဆင်းသွားတော့ သားက စာမေးပွဲ





နီးနေပြီ။

ကလေးကို စာမေးပွဲနီးမှ စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ ဆိုပြီး လိုက်ခေါ်တာပါပဲ။

"ဟား … ဟား … သားရေ … လုပ်ပါဦးကွာ … မင်း အမေက ငါ့ကို လူ့ပုစွန်လုံးကြီးတဲ့ကွ"

ဖေဖေက ရယ်တော့ မေမေက မျက်စောင်းထိုးလေသည်။ ဖေဖေက မေမေ့ကို သိပ်ချစ်တာလေ။ ဘာမဆို စိုးသဘောဆိုပြီး အလိုလိုက်သလို အစအနောက်လည်း သန်သည်။ ဖေဖေ စတာကို မေမေက မကြိုက်ဘူးလေ။ အဟဲ … မျက်စောင်းသာထိုးတာ … ။

ရင်ထဲမှာတော့ …

ကျေနပ်နေမယ်ဆိုတာ နှုတ်ခမ်းပေါ်မှ အပြုံးက သက်သေပါ။

"သား … မင်းအိမ်ထောင်ပြုရင် ဖေဖေ့လို မိန်းမကို ကန့် လန့်တိုက်တဲ့ စကားနဲ့ ခဏခဏစပေး ကြားလား။ စိတ်ကောက်ရင် ချော့ရတာက ကြည်နူးစရာတစ်မျိုးကွ"

"ဟား ဟား ဟား … ဖေဖေကတော့ လုပ်ပြီ။ မေမေ ဘာကယ်စိတ်ကောက်လိမ့်မယ်နော်"

"အဲဒါလည်း ရောဂါတစ်မျိုး သားရဲ့"

"ကိုမင်းကို"

"ဟော"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ပါးစပ်ကို ပိတ်ထားစမ်းပါ၊ ဒီမှာ ကျွန်မသားကို အကောင်းမေးမလို့ရှင့်"

"ကဲ ... မေးစေဗျာ ... မေးစေ"

မေမေ့အကြည့်က ကိုယ့်ဆီရောက်လာတော့ မင်းဘုန်းခ စောစောက မေမေ မေးတာကို ပြန်ပြီး သတိရသွားလေသည်။ ဘာပဲ ဖြစ်ဖြစ် မိဘတွေကို တိုင်ပင်ထားတာ ကောင်းပါတယ်လေ။ ကိုယ် တစ်ယောက်တည်း စိတ်ကူးနဲ့ လျှောက်လုပ်နေလို့ ဘယ်ဖြစ်မှာလဲ။ ဒီကိစ္စက လူနှစ်ယောက်ရဲ့ဘဝနှစ်ခုနဲ့ ဆိုင်နေတော့ ...

"မေမေ"

သူခေါ်တော့ မေမေက မေးဆတ်၍ ထူးလေလျှင် –

"သမီးကညာ အခါမလင့်စေနဲ့ဆိုတဲ့စကား ရှိတယ်နော်"

"အေးလေ ... အဲဒါ ဘာဖြစ်လဲ သားရဲ့"

"ဘာဖြစ်ရမှာလဲ မေမေရဲ့။ ယိမ်းက အရွယ်ရောက်နေပြီလေ။ သူ့ကို လူရှုပ်လူပွေတွေနဲ့ တွေ့မှာကို သား အရမ်းစိုးရိမ်တယ်"

"ဟင်"

ဦးမင်းကိုနဲ့ ဒေါ်စိုးစိုးစံ အကြည့်ချင်းဆုံသွားကြလေသည်။ သားပါးစပ်ကနေ ဒီစကားမျိုးထွက်လာလိမ့်မယ်လို့ ထင်မထားမိဘူးလေ။ ကိုယ်တွေက ယိမ်းကို ကလေးတစ်ယောက်လိုသာ မြင်မိနေတုန်းပါပဲ။ ယိမ်းရဲ့အိမ်ထောင်ရေးဆိုတာကိုလည်း ထည့်မစဉ်းစားမိပေ။





အခု သားက ဘာဖြစ်တာလဲ။

ကောက်ကာငင်ကာကြီး ထပြောတော့ နားလည်ရ ခက်သွားသည်လေ။

"သား"

"ဗျာ"

"မွေးနေ့ပွဲကို သွားမယ့်ကိစ္စနဲ့ ယိမ်းအိမ်ထောင်ရေးကိစ္စ သက်ဆိုင်နေလို့လား"

"ဟုတ်တယ် သက်ဆိုင်တယ်လို့ ဆိုရမှာပဲ"

ဒေါ်စိုးစိုးစံ မျက်ခုံးလေးနှစ်ဖက် စုကျုံ့သွားလေသည်။

"ပြောပါဦး ဘယ်လိုသက်ဆိုင်နေလို့လဲ သားရဲ့"

"ဦးနိုင်ထွန်းရဲ့သားအငယ်ကောင် လမင်းသာက ယိမ်းကို စိတ်ဝင်စားနေတယ် မေမေ။ အဲဒီကောင်လေးက လိမ္မာရေးခြားရှိတယ်ဆိုတာကို ယိမ်းနဲ့မပတ်သက်ခင်ကတည်းက သား သိထားပါတယ်။ အခု ယိမ်းနဲ့ ပတ်သက်နေတယ်ဆိုတော့ ..."

စကားမဆက်တော့ပေမယ့် သဘောပေါက်ပါသည်လေ။ သားက ဒီလိုစိတ်ကူးရှိတယ်တဲ့လား။ ကိုယ်တွေကတော့ ယိမ်းဆန္ဒမပါဘဲနဲ့တော့ မဖြစ်စေချင်ပါ။

"ယိမ်းကရော ကောင်လေးကို စိတ်ဝင်စားနေလို့လား သား"

"ယိမ်းက ဘယ်သူ့ကိုမှ စိတ်ဝင်စားတဲ့လက္ခဏာ မပြသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူး မေမေ။ လမင်းသာက သူ့ကို တကယ်ချစ်တာပါ။ သားသဘော ကတော့ ယိမ်းကို လမင်းသာနဲ့ပဲ ဖြစ်စေချင်တယ်"

"ဒီမှာ သား"

"ဟုတ်ကဲ့ ပြောပါ ဖေဖေ"

စောစောက ရယ်စရာပြော၍ မျက်နှာက ပြုံးစိစိဖြစ်နေသော်လည်း အခုအရေးကြီးတဲ့စကားပြောတော့လည်း ဦးမင်းကို မျက်နှာက ခပ်တည်တည်ပါ။

"ကိုနိုင်ထွန်းရဲ့သားဆိုတော့ အညံ့စားထဲက မဟုတ်နိုင်ဘူး ဆိုတာ ဖေဖေ သိပါတယ်။ သဘောမတူစရာ မရှိပါဘူး။ ဒါပေမဲ့ ကာယကံရှင်ရဲ့ဆန္ဒကို ဦးစားပေးပါသား"

"သူ ဒီလိုလူမျိုးကိုမှ မရွေးချယ်ရင် ဘယ်လိုလူမျိုးကို ရွေးချယ်မှာလဲ ဖေဖေ"

"အိမ်ထောင်ရေးကို အဲဒီလို ဈေးတွက်တွက်လို့မရဘူး သား။ နှလုံးသားဆိုတာ ချိန်ခွင်နဲ့ ထည့်ဆက်ရောင်းလို့ ရတဲ့ပစ္စည်း မဟုတ်ဘူးလေ"

"ဒီမှာသား"

"..."

"ကိုနိုင်ထွန်းရဲ့သား လမင်းသာက တော်တယ်ဆိုရင် မေမေ့သားက တော်လည်း တော်၊ တတ်လည်း တတ်ပါတယ်"





"ဗျာ"

ပြောပြီး ထသွားတဲ့ မိခင်ကို လိုက်ကြည့်ရင်း မင်းဘုန်းခ မျက်စိလည်သွားရသည်။ မေမေ ဘာပြောသွားတာလဲ၊ မေမေ့စကား အဓိပ္ပာယ်က ဘာလဲ။ မေမေကပဲ စကားပြော ပါးနပ်တာလား။ ကိုယ့် ဦးနှောက်ကပဲ ညံ့သွားတာလား။

လိုက်မမှီလိုက်တာတော့ အမှန်ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ယိမ်း လိုက်သာလာရတယ် မွေးနေ့ပွဲမှာ ကိုကြီးကလွဲပြီး ယိမ်းသိတဲ့သူ ရှိမှာမဟုတ်ပါဘူး။ ဒါပေမဲ့ ဟိုရောက်ရင်တော့ ကိုကြီးက မိတ်ဆက်ပေးမှာပေါ့။ ဘယ်လိုမိတ်ဆက်ပေးမှာလဲ။ ကျွန်တော့်ရဲ့ညီမလေးလို့ပဲ ဖြစ်မှာပါလေ။

အခြေအနေက ဒီလိုပဲ ဖြစ်နေတာကို။

ကားရပ်သွားတော့ ကိုကြီးကိုယ်တိုင်ပဲ တံခါးလာဖွင့်ပေးလေသည်။

"လာ . . . ဆင်း"

မင်းဘုန်းခ ကားပေါ်က ဆင်းလိုက်တဲ့ ယိမ်းပုံစံလေးကို





ငေးခန်ဲ ကြည့်မိသွားလေသည်။ ရှေ့က ဆံပင်ကို အပြောင်သိမ်းပြီး နောက်မှာ ခပ်မြင့်မြင့်စုစည်းထားတော့ မျက်နှာလေးက ရှင်းပြီး ချစ်ဖို့ကောင်းနေသည်။ ကိုယ်က အခုလို တစိမ့်စိမ့်ပဲ ကြည့်နေခွင့်ရှိတဲ့ ဥယျာဉ်မှူးပါ။

သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် –

ပန်ဆင်အလှ

တစ်ခဏနဲ့ ကြွေကျသွားမှာစိုးလို့

နေပါစေ သူ့အပင်နဲ့သူ

မချူရက်ဘူး မခူးရက်ဘူး

ဆူးခက်တွေ ခြံရံထား

သူ့အလှတရား သက်တမ်းရှည်ပါစေ . . .

တဲ့။ ကဗျာပထမပိုဒ်လေးကို သတိရစွာ စိတ်ထဲမှ ရွတ်လိုက်မိသည်။ ကိုယ်ကတော့ အဲဒီကဗျာနဲ့ အခုဆို အစွန်းငြိလိုက်မငြိလိုက်ပါ။

ဘာဖြစ်လို့လဲဆို . . .

မချူရက် မခူးရက်ပေမယ့် အခုဈေးကောင်းရလို့ ရောင်းဖို့ကြိုးစားနေတာလေ။ ရောင်းလို့ရတဲ့ တန်ဖိုးသည် ကိုယ့်အတွက်မဟုတ်။ ဒီပန်းကိုပဲ တန်ဖိုးမြင့်သထက်မြင့်အောင် ရွေးချယ်သိမ်းထားမယ့် သူလက်ထဲကို ထည့်ပေးတာပါ။ သူကတော့ ချူမယ် နမ်းမယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူပေါ့။

"ဟော . . . မောင်ဘုန်းခတို့ လာပြီ"

"ဟုတ်ကဲ့ အန်ကယ်လ်၊ ကျွန်တော် နောက်များကျနေမလား မသိဘူး။ ဆောရီးပါဗျာ . . . ကျွန်တော့်ညီမ အလှပရေးပြင်တာဆင်တာ စောင့်နေရလို့ပါ"

"နောက်မကျပါဘူး မောင်ဘုန်းခရဲ့"

ဦးနိုင်ထွန်း၏အကြည့်က ယမ်းဆီသို့ ဝေ့ခနဲရောက်လာကာ

"မောင်ဘုန်းခညီမလေးက အချောလေးပဲကွ"

"ဟုတ်တယ်နော် . . . ချစ်စရာကောင်းလိုက်တာ။ အန်တီ သမီးလေးဖြစ်ရင် ဘယ်လောက်ကောင်းလိုက်မလဲ"

"အဲဒါ သူ့ ရေချိုးတာ ဆပ်ပြာမတိုက်သေးဘူး အန်တီရဲ့"

အားလုံး ရယ်ကြတော့ ယမ်းလည်း ရှက်ရိပ်ဖြာမျက်နှာလေးနှင့် လိုက်ရယ်လေသည်။ အခွင့်အခါကြုံရင်တော့ ခင်ဗျား သမီးဖြစ်လာနိုင်ပါတယ် ဒေါ်အိသူဇာ။ အဲဒီအခါကျရင်သာ ဒီပန်းလေးကို ခင်ဗျားတို့ တန်ဖိုးထားပေးကြပါ။

"ကဲ . . . မောင်ဘုန်းခ လာကွာ ဟိုဘက်သွားရအောင် အိမ်သားကို သွားခေါ်လိုက်ပါဦး သမီးလေးနဲ့ မိတ်ဆက်ပေးရအောင်"

"ဒါဆို အိ သားကို သွားခေါ်လိုက်ဦးမယ်"

ဒေါ်အိသူဇာက သူ့သားကို ရှာဖို့ ထွက်သွားလေသည်။





သူတို့မှာ သားနှစ်ယောက်ရှိသည်လေ။ သားကြီးနေမင်းသာက အမေရိကားမှာ။ သားငယ် လမင်းသာကတော့ သူများနိုင်ငံမသွားချင်ဘူးတဲ့လေ။ မြန်မာပြည်မှာပဲ ကိုယ့်ဘဝ တိုးတက်ကြီးပွားအောင် လုပ်မယ်တဲ့။

ယမ်း . . .

မွေးနေ့ရှင်က သူ့သားနှင့် မိတ်ဆက်ပေးမယ်ဆိုတော့ စိတ်ရှုပ်သွားသလိုပါပဲ။ ဟန်ဆောင်ပြုံးနဲ့ ပြုံးမပြချင်ဘူးလေ။

"ဖေကြီးရေ . . . ဒီမှာ သားငယ် လာပြီ"

"လာ . . . သားငယ်။ ဒီမှာ မောင်ဘုန်းခ ညီမလေးနဲ့ သားငယ်ကို မိတ်ဆက်ပေးမလို့ကွ"

ယမ်း သားငယ်ဆိုတဲ့လူကိုအံကြည့် သူကလည်း ယမ်းကို ကြည့်လေလျှင် . . .

"ဟင်"

"ယမ်း"

လမင်းသာ ယမ်းနဲ့ မျက်နှာချင်းမဆိုင်တဆိုင်နေရာမှာ ဝင်ထိုင်လိုက်ပြီး . . .

"မျှော်လိုက်ရတာ ယမ်းရယ်။ ကိုယ်က ယမ်းပါမှ ပါလာပါ့မလားလို့ စိတ်ပူနေတာ"

ယမ်း ကိုကြီးကို လှည့်ကြည့်လိုက်တော့ ကိုကြီးက သူ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမသိသလိုမျိုးပုံစံနဲ့ အပြုံးမပျက်ပေ။ ယိမ်းကိုလည်း လှည့်မကြည့်ဘူးလေ။ ဒါ ကိုကြီး ဘယ်လိုအချိုးမျိုး ချိုးတာလဲ။ စိတ်ထဲမှာ တင်းခနဲဖြစ်သွားပေမယ့် လူမှုရေးအရ ယိမ်းလည်း ဟန်မပျက်ဘဲနေလိုက်သည်။

"သားနဲ့သမီးက သိနေကြတာလား"

"သိတယ်ဆိုတာထက် ပိုတယ် ဖေဖေရ"

"ဟေ ... ဟုတ်လား"

ဦးနိုင်ထွန်းအကြည့်က ယိမ်းဆီသို့ရောက်လာကာ မျက်နှာက ပြုံးစိစိဖြစ်သွားလေသည်။ ဘာကိုသဘောပေါက်သွားလဲတော့ မသိပါဘူး။

"ယိမ်း ... ကိုယ် အမှန်အတိုင်း ပြောလိုက်ရမလား"

"အဲဒါတော့ ရှင့်ရဲ့ကိုယ်ပိုင်လွတ်လပ်ခွင့်ပဲ မဟုတ်လား"

"ဟာ ... မင်းကလည်း ငါ့ကို အားနာဦးလေ လမင်းရဲ့ မင်းနဲ့တော့ကွာ"

မင်းဘုန်းခ ရယ်ပြီး ပြောလိုက်တော့ ...

"ဆောရီးပါ အစ်ကို ... ဆောရီးပါ။ ကျွန်တော် စိတ်လောသွားတာ ... ဟဲ ... ဟဲ"

ရယ်ပြီး ပြောလိုက်ရပေမယ့် မင်းဘုန်းခရင်ထဲမှာ မကောင်းပေ။ ရယ်လိုက်တဲ့နှုတ်ခမ်းထဲမှာ ဘာတွေသွားကြားညပ်သွားတာလဲ





ဆိုတာ ကိုယ်တိုင်ပင် မဝေခွဲတတ်တော့ပေ။

"ကောင်းပါတယ် ... သားတို့နှစ်ယောက်က သိနေကြပြီး သားဆိုတော့ ဖေဖေတို့ မိတ်ဆက်ပေးစရာ မလိုတော့ဘူးပေါ့"

"ကဲ ... သား"

"ဗျာ ... မေမေ"

"သမီးလေးနဲ့ စကားပြောလိုက်ဦး။ သေသေချာချာ ဂရုစိုက်နော်"

"ဟုတ်ကဲ့ပါ မေမေရ"

"မောင်ဘုန်းခ ... လာကွာ အန်ကယ်လ်နဲ့ ဟိုတက်လိုက်ခဲ့ မောင်သိန်းသန်းထူးက အဲဒီဘက်မှာကွ"

"ဟုတ်လား ... ဒီကောင်ကြီးရောက်နေတာ ကြာပြီလား။ စားကြောသောက်ကြောဆို ဒီကောင်ကြီးက တယ်မြန်ပါလား"

ပါးစပ်က စကားပြောရင်းပဲ မင်းဘုန်းခ ထလိုက်သွားလေတော့သည်။ လမင်းသာကတော့ ကျေနပ်နေသည်လေ။ တော်လိုက်တဲ့ ယောက်ဖဆိုပြီးတော့ပေါ့။ ယိမ်းနဲ့သူတို့နှစ်ယောက်တည်း စိတ်ချစွာ ထားခဲ့ခြင်းသည် ရှောင်ပေးတာမဟုတ်လို့ ဘာဖြစ်ရဦးမှာလဲ။

သူကသာ ကျေနပ်နေတာ ...

ယိမ်းမျက်နှာက စူပုပ်နေလို့ပါ။ ယိမ်းကို ဟိုနေရာ စိတ်မချ ဒီနေရာ စိတ်မချနဲ့ အရိပ်လိုကြည့်လာခဲ့သမျှ အခုတော့ စိတ်ချပြီလား



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး။

"ယိမ်း"

"..."

"ဒီနေ့ ကိုယ် တကယ်အရမ်းပျော်တာပဲ သိလား။ ယိမ်း ပါလာမယ်လို့ မျှော်လင့်မထားတော့လေ"

"ရှင် ကိုကြီးကို ဘာတွေလာဘ်ထိုးထားလဲ"

"ဟာ ... ဘာမှလာဘ်မထိုးရပါဘူး ယိမ်းရယ်။ ဘုရားပေးပေး ကျမ်းပေးပေးပါ။ အဟဲ ... ကိုကြီးက သူ့ညီမနဲ့အသင့်တော်ဆုံးလူက ကိုယ်လို့ထင်လို့ သဘောကောင်းတာ ဖြစ်မှာပေါ့"

"ဘာ"

ယိမ်း သူ့ကို ခပ်စူးစူးကြည့်လိုက်သည်။

"ယိမ်း"

"..."

"ကိုယ် ယိမ်းကို တကယ်ချစ်တာပါ ယိမ်းရယ်။ ကိုယ့်အကြောင်းကို ယိမ်း စုံစမ်းကြည့်ပါ။ မိန်းကလေးတွေနဲ့ ခင်တာမင်တာကလွဲရင် စိတ်ဝင်စားခဲ့ဖူးတာ ယိမ်းက ပထမဆုံးလို့ ပြောရမှာပဲ။ စတာ နောက်တာတော့ ရှိတယ်။ တကယ်ချစ်ဖူးတာက အခုမှ။ ယိမ်းက ပထမဆုံးချစ်ခဲ့ဖူးသူဖြစ်သလို နောက်ဆုံးချစ်သူပဲ ဖြစ်ချင်တယ်"





"ရှင် စာရေးဆရာလုပ်ပါလား"

"ကိုယ်က တကယ်ပြောနေတာကို မလှောင်ပါနဲ့ ယိမ်းရယ်။ ကိုယ် ယိမ်းကို စမြင်ဖူးလိုက်ကတည်းက ရင်ခုန်ခဲ့တာပါ"

"ရှင် ကျွန်မကို ဘယ်မှာစပြီး မြင်ဖူးတာလဲ"

ကိုယ့်ဘက်က စိတ်မဝင်စားပေမယ့် သူ ကိုယ့်ကို ဘယ်လိုတွေ့ပြီး ဘယ်လိုစိတ်ဝင်စားတယ်ဆိုတာကိုတော့ မိန်းကလေးပီပီ သိချင်သည်လေ။ မိန်းကလေးအတော်များများက ကိုယ့်ကို စိတ်ဝင်စားသူရှိပြီ စိတ်ဝင်စားသူပေါ်သည်ဆိုလျှင် ဂုဏ်ယူတတ်ကြသည် မဟုတ်လား။

ယိမ်းကတော့ ဂုဏ်မယူပါဘူး။

သိချင်ရုံသက်သက်ပါပဲ။

"ဘယ်မှာစပြီး မြင်ဖူးတာလဲဆိုတော့ အဲဒီနေ့ကို ကိုယ် အခုထိ အမှတ်ရနေတုန်းပဲ။ အင်းယားကန်မှာလေ။ ယိမ်းနဲ့ယိမ်းသူငယ်ချင်း ထိုင်နေတုန်း လူတစ်ယောက်က ယိမ်းတို့ခုံမှာ ထိုင်ပါရစေဆိုပြီး ခွင့်တောင်းတာ။ သူ့ကို ထိုင်ခွင့်ပေးပြီး ယိမ်းတို့သူငယ်ချင်းနှစ်ယောက်က ထထွက်သွားတာလေ"

ဪ ... ယိမ်းမှတ်မိတာပေါ့ အဲဒီနေ့ကို။ ယိမ်း အဲဒီနေ့ကို မမေ့တာ ကိုကြီးကို ခင်ဝါဆိုဆိုတဲ့မိန်းမနဲ့ တွဲပြီး တွေ့လိုက်ရတာလေ။ ဒါကြောင့် အဲဒီနေ့ကို မမေ့ခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့က ယိမ်းတို့ဝိုင်းဘေးက ဝိုင်းမှာ ထိုင်နေကြတာ ကိုယ်တို့သူငယ်ချင်းတွေပါ။ ယိမ်းက သတိမထားပေမယ့် အဲဒီကတည်းက ကိုယ် ယိမ်းကို စိတ်ဝင်စားပြီး ယိမ်းအကြောင်းတွေ စုံစမ်းခဲ့တာပါ"

"..."

"ယိမ်း"

"..."

"ယိမ်းကို ကိုယ်ချစ်တယ်။ ကိုယ့်ကို မျှော်လင့်ခွင့်တော့ ပေးပါနော်"

ယိမ်း မဲ့ပြုံးလေး ပြုံးလိုက်မိပြီး ...

"လက်စသတ်တော့ ရှင်ရည်းစားစကားပြောတာ ခံရဖို့ ကျွန်မက အိမ်တိုင်ရာရောက် လာပေးရသလို ဖြစ်နေတာပဲ"

"ဟာ ... မဟုတ်ပါဘူး ယိမ်းရယ်၊ အဲဒီလိုတော့ မတွေးလိုက်ပါနဲ့ကွာ၊ ကိုယ် အစက ယိမ်းကို အခုချိန်မှာ ဖွင့်ပြောဖို့ ရည်ရွယ်ချက်မရှိခဲ့ပါဘူး။ အခုက ..."

"အခွင့်အရေးရတုန်း ပြောလိုက်တယ်ဆိုပါတော့ ... ဟုတ်လား"

"ယိမ်း"

ယိမ်းပြောပြီး လွဲသွားတဲ့မျက်နှာလေးကိုပဲ လမင်း လိုက်





ကြည့်မိလေတော့သည်။ ယိမ်း ကိုယ့်ကို တစ်မျိုးထင်သွားတာပဲ။ ကိုယ် မှားသွားပြီလားမသိပေ။ တကယ့်ကို အခုဖွင့်ပြောဖို့ ကိုယ့်မှာ ရည်ရွယ်ချက်မရှိပါဘူး။ စကားက အရှိန်ရနေတာနှင့် ဖွင့်ပြောမိသွားတာပါ။ ဒါကိုပဲ ... အခွင့်အရေးသမားလို့ ယိမ်း အထင်လွဲသွားပြီလား။

"အဲဒီလိုတော့ ကိုယ့်ကို အထင်မလွဲပါနဲ့ ယိမ်းရယ်။ တကယ်က ကိုယ် မခံစားနိုင်တော့လို့ ဖွင့်ပြောလိုက်မိတာပါ။ ယိမ်းကို တန်ဖိုးမထားတာ မဟုတ်ပါဘူး။ ကိုယ် ယိမ်းအပေါ် တကယ်ကို မြတ်မြတ်နိုးနိုးနဲ့ ချစ်မိလို့ စိတ်လောသွားတာပါ"

"ကျွန်မ ရှင့်ကို တိကျတဲ့အဖြေတစ်ခုတော့ ပေးနိုင်ပါတယ်"

"ဟာ"

တိကျတဲ့အဖြေဆိုတာနှင့် ကိုယ်လိုရာဆွဲတွေးပြီး ဝမ်းသာပီတိဖြစ်သွားသူက လမင်းသာပါ။

"ဘာလဲဟင် ယိမ်း"

ယိမ်း သူ့မျက်နှာကို တည့်တည့်ပဲ စိုက်ကြည့်ပစ်လိုက်သည်။ သူများတွေက အားနာရင် နောက်ခိုင်းပြောတတ်သတဲ့။ ယိမ်းကတော့ အားမနာသလို နောက်ခိုင်းပြောစရာလည်း အကြောင်းမရှိပေ။ ဒီတော့ တည့်တည့်ပဲ ကြည့်ပြီး ...

"ရှင်နဲ့ကျွန်မ ရေစက်ပါလို့ ဆုံကြတယ်။ ရှင်က ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားတယ်"

"ဟုတ်တယ်လေ"

"ရှင်နဲ့ကျွန်မ ရေစက်ပါလို့ ဆုံပေမယ့် ဖူးစာကတော့ ပါမလာဘူးလို့ ထင်တာပဲ"

"ဟာ . . . ယိမ်းကလည်း ကိုယ်က အကောင်းမှတ်လို့ နားထောင်နေတာ။ ယိမ်းက နောက်တတ်တာပဲ"

"ကျွန်မနောက်နေတာ မဟုတ်ဘူး လမင်းသာ"

ခပ်တည်တည်နဲ့ပြောနေတာ နောက်တာမဟုတ်မှန်းတော့ သိသားပဲ။ ဒါပေမဲ့ စကားလမ်းကြောင်းလွှဲသွားမလားလို့ပါ။

"ယိမ်း"

"ကျွန်မ ရှင်းအောင် ထပ်ပြောမယ်။ ကျွန်မနှလုံးသားကို ကျွန်မ တစ်ဦးတစ်ယောက်အတွက် အပိုင်စားပေးပြီးပါပြီ။ ရှင် ကျွန်မဆီက အဖြေကို မမျှော်လင့်ပါနဲ့"

ပြောပြီး ယိမ်း ထထွက်လာခဲ့လေလျှင် –

"ယိမ်း"

ယိမ်း ရှေ့ဆက်ထိုင်နေရင် ငိုမိတော့မှာပါ။ ကားပေါ်ကနေပဲ ကိုကြီးကို စောင့်တော့မည်လေ။ ကိုကြီး ယိမ်းကို စိတ်နာအောင် လုပ်နေတာလား ကိုကြီးရယ်။

✿ ✿ ✿



## အခန်း (၁၉)

"ဟင်"

ယိမ်း ကားထဲမှာ စောင့်နေမယ်လို့ မက်ဆေ့ချ်ပို့လိုက်တော့ စိတ်ထဲမှာ ထင့်ခနဲ ဖြစ်သွားလေသည်။ လမင်းသာနဲ့ ထိုင်စကားပြောနေရင်း ခုလိုဆိုတော့ ဘာဖြစ်လို့ပါလိမ့်။ စိတ်ထဲ ထင့်ပေမယ့် ချက်ချင်းထသွားလို့က မရပြန်။ ကိုယ်နဲ့စကားပြောနေကြတာက လူကြီးလူကောင်းတွေလေ။

ဒါကြောင့် . . .

ဆက်ထိုင်ပြီး စကားပြောနေရပေမယ့် စိတ်ကမပါ[illegible] သူများတွေ သောက်တာစားတာရှိပေမယ့် သူက စား[illegible]စားပြီး

www.burmeseclassic.com



မသောက်ပေ။ အစကတော့ သောက်ဖို့ တိုက်တွန်းကြပေမယ့် ဦးနိုင်ထွန်းကပဲ . . .

"မသောက်ချင်တဲ့သူကို အတင်းမတိုက်ကြပါနဲ့ဗျာ။ သူတစ်ယောက်တည်း လာတာဆိုရင်တောင် တော်သေး။ အခု မောင်ဘုန်းခမှာ ညီမလေးပါလာတယ်ဗျ"

"ဩော် . . . ဟုတ်လား"

"ဒါဆိုလည်း မသောက်ပါနဲ့"

သိန်းသန်းထူးက ဘုန်းခကို ကြည့်ပြီး မဲ့ပြုံးပြုံးလေသည်။ ပြုံးလည်း ပြုံးပါစေတော့။ ဒီကောင် ကိုယ့်ရင်ထဲက ခံစားမှုကို သိပေမယ့် သူများကို ပြောမပြဘူးဆိုတာတော့ ယုံကြည်သည်လေ။ အဲဒီလို နှုတ်စောင့်စည်းလို့ပဲ ကိုယ်က အချို့ကိစ္စတွေမှာ ရင်ဖွင့်ဖြစ်တာပေါ့။

"အန်ကယ်လ်"

"ပြောလေ မောင်ဘုန်းခ"

"အန်ကယ်လ်တို့ကို အားတော့နာပါတယ်ဗျာ။ ကျွန်တော် ဒီက ပြန်လာတာနဲ့ သွားစရာကိစ္စလေးရှိလို့ အဲဒါ"

"ဩော် . . . မောင်ဘုန်းခက ပြန်ချင်နေပြီလား။ ပြန်လေ ရပါတယ် မောင်ဘုန်းခရဲ့။ အန်ကယ်လ်ကို အားမနာပါနဲ့ အချင်းချင်းတွေပဲ ဥစ္စာ"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် အန်ကယ်လ်။ ဒါဆို





ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ မောင်ဘုန်းခ"

နောက်မှရောက်တဲ့သူက အရင်ပြန်ရတာ စိတ်တော့မကောင်းပါဘူး။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ။ ကားပေါ်မှာ ယိမ်းတစ်ယောက်တည်း ရှိနေတာကို စိတ်မှမချတာ။ လမင်းသာနဲ့ စကားပြောရတာ အဆင်မပြေဘူးလား မသိပါဘူး။

ဟူး . . .

ယိမ်းက လမင်းသာကို စိတ်မဝင်စားလို့များလား။ ဟိုကောင်ကတော့ အရူးအမူးဖြစ်နေတာပဲလေ။

"ဟယ် . . . မောင်ဘုန်းခ ပြန်တော့မလို့လား"

"ဟုတ်ကဲ့ အန်တီ၊ ဒီက ပြန်တာနဲ့ ကျွန်တော် သွားစရာလေး ရှိသေးလို့ပါ"

"ဩော် . . . အေး . . . အေး ဒါဆိုလည်း ပြန်ပါကွယ်"

အခုမှ မုသားတွေ သုံးနေရပါလား။ မင်းဘုန်းခ ကားအနားကိုရောက်တော့ ကားပေါ်မတက်ခင် ယိမ်းကို တစ်ချက်ကြည့်လိုက်သေးသည်။ ယိမ်းက ကိုယ့်ကို မကြည့်ဘဲ မျက်နှာလွှဲနေတော့ ဘာမှ မမေးတော့ပါဘူး။

ပြီးတော့ ကားပေါ်တက်ပြီး မောင်းထွက်ခဲ့တော့သည်။ လမ်းရောက်မှပဲ ယိမ်းကို လှည့်ကြည့်လိုက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ယိမ်းမျက်ဝန်းမှာ မျက်ရည်တွေနဲ့ပါလား။ မင်းဘုန်းခ ကားကို ဂရုစိုက်မောင်းရသေးတော့ ချက်ချင်းမမေးဖြစ်ပေမယ့် ကားရပ်လို့ရတဲ့နေရာရောက်တော့ ကားကို လမ်းဘေးချရပ်လိုက်ပြီး . . .

"ယိမ်း"

". . ."

"နင် ဘာဖြစ်နေတာလဲ၊ ဘာလဲ ဟိုကောင်နဲ့ စကားပြောရတာ အဆင်မပြေလို့လား။ အဲဒီကောင်က ဘာပြောလို့လဲ။ ငါ့ကို ပြောစမ်းပါ"

ငိုချင်လျက် ယက်တို့ဆိုသလို အခုမှ မျက်ရည်တွေက ပိုပြီး ပိုးသိုးပေါက်ပေါက်ကျလာတာ မိမနိုင် ဖမနိုင်သားသမီးများလိုပါ။

"ယိမ်း"

"အဟင့်"

"ဟာ . . . ငါမေးနေတယ်လေ။ ဘာဖြစ်လို့ ငိုတာလဲလို့"

ယိမ်း စိတ်ကိုတင်းပြီး မျက်ရည်တွေကို လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်သည်။ မျက်ရည်တွေ သွေ့ခြောက်သွားသည်အထိ အကြိမ်ကြိမ်သုတ်ပစ်ပြီးမှ ခေါင်းကို ဆတ်ခနဲ မော့လိုက်ကာ

"ကိုကြီး"

". . ."





"ကိုကြီး ယိမ်းကို မွေးနေ့ပွဲ ခေါ်လာတာ အရုက်မရှိတဲ့ မိန်းကလေးဖြစ်စေဖို့လား။ ကိုကြီးကလေ အခုလက်ရှိအလုပ်ကို မလုပ်ဘဲ အိမ်ထောင်ရေးပွဲစား၊ အချစ်ရေးပွဲစားလုပ် လုပ်ရင် ဒီထက်ပိုအောင်မြင်ပြီး ဒီထက်ပိုကြီးပွားချမ်းသာမှာ ကျိန်းသေတယ် သိလား"

"ဟင်"

"မိန်းကလေးတစ်ယောက် ရည်းစားစကား အပြောခံရဖို့အတွက် ယောကျ်ားလေးဆီကို ရှေ့မှောက်အရောက်ခေါ်သွားပေးနိုင်တဲ့ ကိုကြီးရဲ့အစွမ်းအစက သေးသေးကွေးကွေးမှ မဟုတ်တာ"

"ဟင်"

မင်းဘုန်းခကိုယ်ကြီး တောင့်မတ်သွားလေသည်။ ကိုယ့်လုပ်ရပ်က အဲဒီသဘောသက်ရောက်သွားပြီလား။ စေတနာက ဝေဒနာတွေဖြစ်ကုန်ပြီ ထင်ပါရဲ့။ ကိုယ်က ယိမ်းဘဝရှေ့ရေးကောင်းစားစေချင်လို့ လမင်းသာလိုလူမျိုးနဲ့ နီးစပ်စေချင်တာ၊ ရွှေပင်နားတော့ ရွှေကျေ၊ ငွေပင်နားတော့ ငွေကျေဖြစ်စေချင်တာလေ။

ရှင်ဘုရင်နဲ့ညားပြီး မိဖုရားဖြစ်စေချင်တဲ့ ကိုယ့်စေတနာက သူမကို သိကွာချသလိုဖြစ်သွားပြီလား။ သေသေချာချာ ပြန်တွေးကြည့်တော့ ယိမ်းပြောတာလည်း ဟုတ်နေပြီ။ အခု လမင်းသာက ရည်းစားစကားပြောလိုက်ပြီ ထင်ပါရဲ့။ အဲဒီတော့ ကိုယ်ကပဲ ဒီမှာ ညီမမင်းရည်းစားစကားပြောပေးတော့လို့ ပါးစပ်က ဖွင့်မပြောသည့်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားမိတာနဲ့ ရှောင်ပေးသလိုဖြစ်တာက ကိုယ့်အပြစ်ပဲပေါ့။

ဟား ...

မင်းမှားသွားပြီ မင်းဘုန်းခ။

"ယိမ်း"

"..."

"ကိုကြီး မင်းကို တောင်းပန်ပါတယ်။ ကိုကြီးရဲ့လုပ်ရပ်က ငါ့ညီမလေးသိက္ခာကို ချသလိုဖြစ်သွားတဲ့အတွက် ကိုကြီး တကယ် တောင်းပန်ပါတယ်ကွာ။ တကယ်တော့ ကိုကြီး အဲဒီလိုမရည်ရွယ်ခဲ့ပါဘူး"

"မရည်ရွယ်ပေမယ့် အခုဖြစ်သွားပြီ ကိုကြီး"

"အဲဒီအတွက် ယိမ်း ကျေနပ်တဲ့အထိ ကိုကြီးကို"

"ယိမ်း တစ်ခုပဲ မေးပါရစေ ကိုကြီး"

ယိမ်း ဖြတ်ပြောလိုက်တော့ မင်းဘုန်းခ ပါးစပ်အဟောင်းသားနှင့် ယိမ်းကို ကြည့်လေသည်။

"ကိုကြီးက လမင်းသာနဲ့ ယိမ်းကို နီးစပ်စေချင်တာလား"

ဒီလိုမေးတော့ လေးတွဲစွာ ခေါင်းညိတ်လိုက်မိသည်။ ကိုယ်ပျိုးတဲ့ပန်း ကိုယ်ကမှ ချိုးပြီး မနမ်းရက်ပဲလေ။ အဲဒီတော့ ...

"ကိုကြီး"

"..."





"ကိုကြီး သူနဲ့ယိမ်းကို ဘာကြောင့်ဖြစ်စေချင်တာလဲ။ ကိုကြီး ယိမ်းမျက်နှာကို မမြင်ချင်တော့ဘူး။ ယိမ်းအသံကို မကြားချင်တော့ဘူးဆိုရင် ယိမ်းထွက်သွားမှာပါ"

"ယိမ်း"

မင်းဘုန်းခ ယိမ်းပါးစပ်ကို လှမ်းပိတ်လိုက်ကာ ...

"အဲဒီလိုတော့ မပြောပါနဲ့ ယိမ်းရယ်။ ကိုကြီးရဲ့စေတနာတွေက ယိမ်းအတွက် ဝေဒနာတွေဖြစ်သွားတယ်ဆိုရင် ကိုကြီး တောင်းပန်ပါတယ်။ ယိမ်း ဘယ်ကိုမှထွက်သွားစရာ မလိုဘူး"

"ကိုကြီးက ... ဒါဆို"

"ယိမ်းကို အမြင်တင့်စွာနဲ့ ပင်မြင့်မှာ စံစေချင်တဲ့ ဆန္ဒပါ။ ကိုကြီးလေ ... ကိုကြီး"

မင်းဘုန်းခ ယိမ်းကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းပြီး ဖက်ထားလိုက်မိသည်။ ဒီအချိန်လေးမှာ အသိစိတ်က မသိစိတ်ကို မတွန်းလှန်နိုင်ပေ။

ကိုယ့်ရင်ထဲက လျှို့ဝှက်သံစဉ်တွေကို မထိန်းချုပ်နိုင်စွမ်းကြောင့် ပွင့်ထွက်လာခြင်းသည် ဒီမျှသာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဒေါက် ... ဒေါက်"

"သမီး ယိမ်း"

"ဒေါက် ဒေါက်"

"ယိမ်း"

ယိမ်း အပြင်ကနေ တံခါးခေါက်ပြီး ခေါ်သံကြောင့် အိပ်ရာထဲမှ ထထိုင်လိုက်သည်။ တစ်ညလုံး အိပ်မပျော် တွေးလိုက် ငိုလိုက်နှင့် ခေါင်းတွေကိုက်နေပြီလေ။ အခု ဘယ်အချိန်ရောက်နေပြီလဲ မသိတော့ပါဘူး။ မိုးလင်းပိုင်းမှ အိပ်ပျော်သွားတာဆိုတော့လေ။ အတွေးပေါက်တိုင်း ငိုတာလည်း မပြောနဲ့။





မွေးနေ့ပွဲက ပြန်လာပြီး လမ်းမှာ ...

အပေါ်မြှောက်တင်ပြီး တုတ်နဲ့ ပြန်ရိုက်ချတဲ့အဖြစ်မျိုးနဲ့ ကြုံရတာ။ သူ့ရင်ခွင်မှာ ခေါင်းတိုးဝင်ခွင့်ရလို့ ကိုယ့်မျှော်လင့်ချက် အရောင်လက်မယ်ထင်ခဲ့တာ။ ယိမ်းက ကိုကြီးရဲ့တာဝရ ညီမလေး အရင်းပါတဲ့။ ကိုကြီးက ကိုယ့်ညီမလေးကို လူရှုပ်လူပွေတွေနဲ့ တွေ့မှာစိုးလို့ အိမ်ထောင်ဘက်ကောင်း ရွေးပေးတာတဲ့။

ပြန်တွေးကြည့်တော့ ...

ရင်ထဲမှာ ဆစ်ခနဲ နာကျင်ရသည်။ ကိုယ်က ကိုကြီးရဲ့ညီမ တာဝရမဖြစ်ချင်ဘူးလေ။ ခဏလည်း မဖြစ်ချင်ပါဘူး။

"အစ်ကိုကြီး အဖအရာတဲ့။ ကိုကြီးက ညီမလေးအတွက် စေတနာနဲ့ပါ။ စည်းစိမ်ဉစ္စာက ငါ့ညီမလေးအတွက် မလိုဘူး။ ကိုကြီး ပိုင်တဲ့စည်းစိမ်က ညီမလေးပိုင်တဲ့ စည်းစိမ်ပါကွာ။ ဒါပေမဲ့ လူတော် လူကောင်းတစ်ယောက်နဲ့ ဖူးစာဖက်ခွင့်ရဖို့က မလွယ်ဘူးလေ။ အဲဒါကြောင့် ကိုကြီးက လမင်းသာကို သဘောကျပြီး"

"ကိုကြီး"

"ဟင်"

"ကိုကြီးကရော လူတော်လူကောင်းမဟုတ်ဘူးလား"

ယိမ်းအမေးကြောင့် ပထမတော့ ကိုကြီး အံ့သြသွားနဲ့ ကြောင်သွားတဲ့ပုံလေ။ နောက်မှ ပြုံးလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးပြောသလိုပဲ ကိုကြီးက လူတော်လူကောင်းဆိုရင် ကိုယ့်ညီမကိုလည်း ကိုယ့်လိုလူတော်လူကောင်းနဲ့ ဖူးစာဖက်စေချင်တာပေါ့။ အဲဒါ ကိုကြီးရဲ့စေတနာပါ"

"ကိုကြီး"

"..."

"ကိုကြီး သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်ဆိုတဲ့ ကဗျာကို ဘာကြောင့်ကြိုက်တာလဲ"

"ဟင်"

ကဗျာအကြောင်းကိုမေးလိုက်တော့ ကိုကြီးမျက်နှာပျက်သွားတယ်လေ။ ပြီးတော့ ယိမ်းကို မကြည့်တော့ဘဲ မျက်နှာလွှဲထားတာဘာသဘောလဲ။

"ကိုကြီး"

"နင် ငါ့ဖုန်းကို ဘာလို့ယူကိုင်တာလဲ။ စပ်စုတာကို ငါ မကြိုက်ဘူး ယိမ်း"

"ကိုကြီး မေ့ကျန်ခဲ့လို့ပါ"

"ဟုတ်တယ် ... ငါ အဲဒီကဗျာကိုကြိုက်တာ အကြောင်းရှိလို့ပဲ"

လေသံက မာသွားပြီလေ။ ယိမ်းကတော့ ဘာဆက်ပြောမလဲလို့ ရင်ဖိုစွာ မျှော်လင့်နေပေမယ့် သူ့နှုတ်က ထွက်လာတဲ့စကားသည်





ယိမ်းရဲ့မျှော်လင့်ခြင်းကမ်းပါးကို ဖြိုချလိုက်ခြင်းပါပဲ။ ခပ်တည်တည်မျက်နှာက ယိမ်းဘက်သို့ ပြန်လှည့်လာပြီး ...

"ငါ မိန်းကလေးတစ်ယောက် ငယ်ငယ်လေးကတည်းက ပညာရေးအတွက် ထောက်ပံ့ခဲ့တယ်။ သူ့အတွက် လိုအပ်တာတွေ ဖြည့်ဆည်းပေးခဲ့တယ်။ အဲဒီတော့ သူက ငါယိုးတဲ့ ငါ့ဥယျာဉ်ထဲက ပန်းပေါ့။ အခု ငါ သူ့ကို ချစ်မိနေပြီ။ မြတ်မြတ်နိုးနိုးနဲ့ကို တန်ဖိုးထားပြီး ချစ်ခဲ့တာ။ ဒါပေမဲ့ ငါက ဥယျာဉ်မှူးကောင်းပဲ ဖြစ်ချင်တာ။ ငါ့စေတနာတွေကို ဘယ်တော့မှ အစွန်းထင်းမခံဘူး။ အဲဒါကြောင့် ငါ သူ့ကို ဘယ်တော့မှ ဖွင့်မပြောဘူးလို့ ဆုံးဖြတ်ထားတယ်"

"ဟင်"

ဒါ ကိုယ့်ကို သွယ်ဝိုက်နည်းနဲ့ ပြောတာလားလို့ ယိမ်း တွေးမိခဲ့သည်လေ။ ဖွင့်မပြောဘူးလို့ ဆုံးဖြတ်ထားတယ်ဆိုတော့ သွယ်ဝိုက်နည်းနဲ့ ကိုယ့်ကို အသိပေးတယ်လို့ ထင်ခဲ့တာ။

နောက်တော့ ...

"သူ့နာမည်က ပန်းဝတ်လွှာတဲ့"

"ရှင်"

"ပန်းဝတ်လွှာက ယိမ်းထက် နှစ်,နှစ်လောက်တော့ ကြီးမယ်ထင်တယ်။ အခု ကုမ္ပဏီတစ်ခုမှာ စက္ကူထရီလုပ်နေတယ်လေ။ ငါ့ကုမ္ပဏီမှာ မလုပ်နိုင်းတာက ပတ်ဝန်းကျင်အံ့မြင်စောင်းမှာစိုးလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်အေးချမ်းတဲ့ ပန်းဝတ်လွှာကို ငါ ဘာကြောင့်မှ အစွန်းအထင်း မခံနိုင်ဘူး။ အဲဒါကြောင့်ပါ"

ကိုကြီးရဲ့စကားတွေက ယိမ်းရဲ့ရင်ကိုခွဲပြီး နှလုံးသားကို ဆားသိပ်လိုက်တဲ့အတိုင်းပါပဲ။ ဒါဆို ကိုကြီးရဲ့ဥယျာဉ်ထဲက ပန်းဆိုတာ ယိမ်းမဟုတ်ဘူးပေါ့။ ယိမ်းကတော့ ကိုယ်လို့ထင်ပြီး စိတ်ကူးတွေယဉ် မျှော်လင့်ခဲ့ရတာ။ အခု ကိုယ်မဟုတ်တဲ့ အခြားတစ်ယောက် ဖြစ်နေတော့ . . .

နှလုံးသားက နာကျင်ခံရခက်စွာ . . .

ဒီတော့ ယိမ်းက ချစ်နေမိသူဆိုတော့ ကိုယ်ချစ်ရတဲ့သူ စိတ်ချမ်းသာဖို့အတွက် သူစေလိုရာမှာ ကြွေလိုက်ရတော့မှာလား။

"ကိုကြီး"

". . ."

"ယိမ်း လမင်းသာရဲ့အချစ်ကို လက်ခံလိုက်ရင် ကိုကြီး စိတ်ချမ်းသာမှာလား"

"ငါပြောပြီးပြီပဲ . . . အစ်ကိုကြီး အဖအရာအနေနဲ့ ကိုယ့်ညီမကို ပင်မြင့်စံတော်ဝင်ပန်းတစ်ပွင့် ဖြစ်စေချင်တာ အစ်ကိုတိုင်း ဖခင်တိုင်းရဲ့ စေတနာမေတ္တာပါ"

ယိမ်း အောင့်သက်သက်နှင့်ပဲ . . .

"ကောင်းပြီလေ . . . ကိုကြီး စိတ်ချမ်းသာစေရပါ့မယ်။





ဒါပေမဲ့ . . . ကိုကြီး တစ်ခုတော့ သိထားပေးပါ"

"ဘာလဲ"

"ယိမ်း လမင်းသာကို ဘယ်တော့မှ ချစ်မှာမဟုတ်ဘူးဆိုတာပဲ"

ယိမ်း ကိုယ့်အဖြစ်ကိုယ်တွေးပြီး ညက တစ်ညလုံး ငိုခဲ့တာလေ။ မိုးလင်းပိုင်းမှ အိပ်ပျော်သွားလို့ အခု ခေါင်းတွေလည်း ကိုက် ဘယ်အချိန်ရှိမှန်းလည်း မသိတော့ပေ။

"သမီး . . . ယိမ်း"

အခုမှ ယိမ်း အပြင်က ခေါ်သံကို သတိရကာ တံခါးပြေးဖွင့်လိုက်သည်။

"ကြီးကြီး"

"ဟော် . . . ဒီကလေးနှယ် အိပ်ပုပ်ကြီးလိုက်တာ။ နေ့တိုင်း စောစောထပြီး ဒီနေ့မှ နောက်ကျလိုက်တာ . . . ဟင်"

ဒေါ်စိုးစိုးစံ ပြုံးပြီး ပြောနေရင်း ယိမ်းမျက်နှာကို သေသေချာချာကြည့်မိတော့ . . .

"သမီး မျက်ခွံတွေ မို့နေပါလား။ ငိုထားတာလား သမီး။ ဘာဖြစ်လို့လဲ ကြီးကြီးကိုပြောစမ်း ဟိုကောင် သမီးကို ဆူပြန်ပြီလား"

"မဟုတ်ဘူး ကြီးကြီး။ ညက ယိမ်းခေါင်းတွေ တအားကိုက်လို့ ငိုမိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . အခုရော ကိုက်သေးလား။ ဘယ်လိုနေသေးလဲ၊ အဲဒါ ကြီးကြီးကို လာနှိုးရောပေါ့ သမီးရဲ့"

"အခုက သက်သာပါတယ်။ ကိုက်တော့ ကိုက်သေးတယ်၊ ညကလောက် မဆိုးတော့ပါဘူး"

"သက်သာလည်း ကိုက်တာက ကိုက်တာပဲ၊ လာ . . . လာ ဆေးသောက်ရအောင်။ လက်စသတ်တော့ ဒါကြောင့် အိပ်ရာထ နောက်ကျတာကိုး"

ကြီးကြီးက နဖူးလေးစမ်း။ နားထင်လေး နှိပ်ပေးတော့ ယိမ်းဝမ်းနည်းရပြန်ပါပြီ။

ကိုကို . . .

အဲလေ . . . ကိုကြီးသာ ယိမ်းကို အဲဒီလိုဂရုစိုက်ရင် ဘယ်လောက်များ ကောင်းလိုက်ပါမလဲနော်။

❁ ❁ ❁



## အခန်း (၂၁)

ရဲရင့် . . .

တစ်ခါသာ မြင်ဖူးလိုက်တဲ့ ရဲရင့်ပုံရိပ်က မျက်ဝန်းထဲမှာ ခပ်ရေးရေးပေါ်လာသည်။ ပေါ်လာပုံက မသဲကွဲတော့ပေမယ့် အဖြစ်အပျက်တွေကတော့ မနေ့တစ်နေ့ကလိုပါပဲ။ ပထမဆုံးမြင်ဖူးလိုက်ခြင်းမှာပဲ ရဲရင့်က နောက်ထပ်မြင်ခွင့်မရအောင် လူ့လောကကြီးထဲက နေ ထွက်ခွာသွားခဲ့သည်လေ။

ထွက်ခွာသွားတာလည်း . . .

ကိုယ့်အတွက် သူ့အသက်ကို ပေးသွားခဲ့တာပါ။ မငြေရား တာမြင်လို့ သူတစ်ပါးကို ကူညီရင်း အသက်ပေးသွားတဲ့ ရဲရင့်။ မင်း



www.burmeseclassic.com

www.burmeseclassic.com



လူသေပေမယ့် နာမည်ကတော့ မသေပါဘူး ရဲရင့်ရာ။ အဲဒီနေ့က မှတ်မှတ်ရရပါပဲ။ မင်းဘုန်းခ ကိုယ့်မွေးနေ့မို့ သူငယ်ချင်းတွေနဲ့ အပြင်မှာ အပီကဲတဲ့နေ့ပေါ့။

သူငယ်ချင်းတွေနဲ့ လျှောက်လည်ပြီး ...

အချိန်တန်လို့ အိမ်ပြန်လာတဲ့လမ်းမှာတော့ ...

"ဟာ"

ကိုယ့်ကားရှေ့ကို လူတစ်ယောက် ပြေးဝင်လာတာ မင်းဘုန်းခ မြင်လိုက်ကတည်းက မျက်စိကို ပြာဝေသွားတာပါပဲ။ အချိန်မီ ဘရိတ်အုပ်လိုက်ပေမယ့် လဲကျသွားတဲ့သူက ပြန်ထမလာတော့ပေ။

"ဟာ ... ဒုက္ခပါပဲ ... ကျွတ်"

မင်းဘုန်းခ ကားပေါ်က ဆင်းမလို့ တံခါးကို တွန်းဖွင့်လိုက်စဉ်မှာပဲ ...

"ဟာ ... တိုက်မိသွားတာထင်တယ် မလှုပ်တော့ဘူး။ သေပြီလားမသိဘူးကွ"

"အား ... ကျွတ် ... ကျွတ်"

"မသေဘူးကွ ... မသေဘူး၊ လှုပ်လာပြီ"

လူနှစ်ယောက် ရောက်လာပြီး တစ်ယောက်က လဲသွားတဲ့လူကို ပွေ့ထူပေးပြီး တစ်ယောက်ကတော့ မင်းဘုန်းခဆီသို့ ရောက်လာကာ ...





"ဟေ့ကောင် ... ဆင်းလေ ဘာလုပ်နေတာလဲ။ မင်း ဒီအတိုင်းပဲ ကြည့်နေမှာလား။ တာဝန်မဲ့လိုက်တာကွာ။ တောက် ..."

"ကျွန်တော်လည်း ဆင်းမလို့ပါဗျ"

"ဆင်းမယ်ဆို မြန်မြန်ဆင်းလေကွာ"

မျက်နှာပေါက်ဆိုးဆိုးနှင့်လူက မင်းဘုန်းခကို ကားပေါ်က နေ ဆွဲချတော့မတတ်ပါပဲ။ မင်းဘုန်းခ ကားပေါ်ကဆင်းပြီး လဲကျသွားတဲ့သူကို ကြည့်ကာ ...

"ဘာဖြစ်သွားလဲ မသိဘူး ကျွန်တော် ဘာကူညီရမလဲ ခင်ဗျ။ ဟို ... ကျွန်တော့်ကားနဲ့တော့ မတိုက်မိဘူးနော်"

"ဘာမတိုက်မိရမှာလဲ၊ တိုက်မိလို့ လဲကျသွားတာပေါ့ကွ"

"ဗျာ"

"ဟေ့ကောင် ကြားလား။ တိုက်မိတယ်တဲ့။ တို့လည်း မြင်တာပဲလေ။ ကဲ ... မင်း ဘယ်လိုတာဝန်ယူမလဲ ပြော"

"ကျွတ်"

မင်းဘုန်းခ စိတ်ရှုပ်စွာနှင့် ခေါင်းကုတ်လိုက်မိတော့သည်။ ကိုယ့်ကားနဲ့ မတိုက်မိဘူးဆိုတာကို ကိုယ်လည်း သေသေချာချာ သိနေတာပဲ။ ကိုယ်ပဲ ကြောက်အားလန့်အားနဲ့ မျက်စိမှောက်သွားသလားတော့ မသိပေ။

"ခြေထောက် ဘာဖြစ်သွားပြီလဲမသိဘူး၊ အား ကျွတ် ကျွတ်



www.burmeseclassic.com

www.burmeseclassic.com



... သေပါပြီဗျာ"

"ဒါ ... ဒါဆို ... ကျွန်တော် ဆေးခန်းလိုက်ပို့မယ်ဗျာ"

"ဒီမှာ ဟေ့ကောင်"

"ဗျာ"

"ဆေးခန်းလိုက်ပို့ရင် ဆရာဝန်က မေးမှာကွ။ ဘာဖြစ်တာလဲ မေးလို့ ဖြေလိုက်ရင် မင်းအမှု ပိုကြီးသွားလိမ့်မယ်နော်"

"ဟင်"

အဲဒီတုန်းက မင်းဘုန်းခဆိုတာ ဥပဒေရေးရာကို နားမလည်သေးဘူးလေ။ ဒီတော့ ခြောက်တော့လည်း ကြောက်တာပေါ့။

"အဲဒါဆို ကျွန်တော်က ဘာလုပ်ရမှာလဲဗျ"

နောက်မှရောက်လာတဲ့ နှစ်ယောက်ထဲမှ တစ်ယောက်က မင်းဘုန်းခကို ခပ်စူးစူးကြည့်ပြီး ...

"မင်း သူ့ကို တစ်သိန်းပေးလိုက်၊ သူ့ဘာသာ သူ နားလည်မှုနဲ့ ကြည့်ရှင်းလိမ့်မယ်"

"ဗျာ ... တစ်သိန်းတောင်"

"ဟုတ်တယ် တစ်သိန်းပေးလိုက်"

အဲဒီတုန်းက တစ်သိန်းရဲ့တန်ဖိုးက အခုတစ်သိန်းနဲ့မတူဘူးလေ။ ဒါကြောင့် မင်းဘုန်းခ မျက်လုံးပြူးရပြီပေါ့။ ကိုယ့်မှာက အဲဒီလောက်မှ မပါတာ။





"ကျွန်တော့်မှာ အဲဒီလောက် မပါဘူးဗျ"

"မပါရင် ပါတာပေးခဲ့ပေါ့ကွ"

"ဗျာ"

"ဗျာမနေနဲ့၊ ဒီမှာက နာလို့ သေတော့မယ်။ ကြာတယ်ကွာ ... မင်းမှာ လက်စွပ်ရှိတယ်၊ အဲဒီလက်စွပ် ချွတ်ပေးခဲ့"

မင်းဘုန်းခ သက်ပြင်းချလိုက်မိ၏။ သူတို့က သုံးယောက်ပေါင်းမိနေပြီလေ။ မပေးလို့ ကိုယ့်ကို ဝိုင်းသမရင်ဒုက္ခ။ လူ့အသက်ထက် ဘာမှတန်ဖိုးမရှိပါဘူးလို့တွေးပြီး လက်စွပ်ကို ချွတ်နေစဉ်မှာပဲ

"ဟေ့ကောင်"

"ဟင်"

မင်းဘုန်းခ ကိုယ့်နောက်က အသံရှင်ကို လှည့်ပြီး မော့ကြည့်သလို ဟိုလူတွေကလည်း ထိုင်နေရာမှ မော့ကြည့်လေသည်။

"မင်းက သူတို့တောင်းတာနဲ့ လက်စွပ်ချွတ်ပေးမလို့လား ဟေ့ကောင်။ မချွတ်နဲ့ ဘာမှပေးစရာမလိုဘူး"

ပြောရင်း ကိုယ်နဲ့ရွယ်တူကောင်က ကိုယ့်အင်္ကျီကုတ်စကို ဆွဲမပြီး ထစေလျှင် မင်းဘုန်းခ အလိုက်သင့်ပဲ ထရပ်လိုက်မိ၏။

"ဒီကောင်တွေ တစ်ဖွဲ့တည်းကွ၊ လူလိမ်တွေ၊ မင်းကားနဲ့ ဘာမှမတိုက်မိဘူး။ မင်းဆီကနေ ပိုက်ဆံလိုချင်လို့ ခွင်ဖန်တာ အသံသာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်"

"ဟင်"

*မင်းဘုန်းခ တကယ်ပဲ အံ့ဩသွားပါသည်။* စောစောကတော့ အရိုးပဲ ကျိုးသလိုလိုနဲ့ ရှုံ့မဲ့ညည်းတွားနေတဲ့သူက အခု ဒေါသနဲ့ ထရပ်လိုက်တာ အကောင်းကြီးပါလား။ ဟိုကောင်ပြောတာ ဟုတ်နေပါပြီ၊ ဒီလူတွေ လူလိမ်တွေပါလား။

"မင်း ကိုယ့်လမ်းကိုယ်သွား။ ဝင်မရှုပ်နဲ့"

"အေးလေ ... မင်းက ဘယ်သူလဲ၊ ဘာကောင်လဲကွ"

"ငါ့နာမည် ရဲရင့်။ ဘယ်ကောင်မှမဟုတ်ဘူး။ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ကောင်။ ငါက ဝင်ရှုပ်တာ မဟုတ်ဘူးကွ၊ ရှုပ်နေတာကို ဝင်ရှင်းပေးတာ"

"ဘာကွ"

"ဟုတ်တယ်လေ ... မင်းတို့လုပ်ရပ်တွေကို ငါ အစအဆုံး အကုန်မြင်တယ်ကွ။ ရှေ့ ဘာဆက်ဖြစ်မလဲလို့ စောင့်ကြည့်နေတာ။ ခင်ဗျားတို့ဟာ ယောက်ျားရင့်မာကြီးတွေဖြစ်ပြီး ကိုယ့်ဘာသာ လုပ်ကိုင်စားပါလား။ အခုတော့ သူများဆီက မတရားယူ အချောင်နိုက်ချင်တာ"

"တောက်"

"ဟာ"





"ခွပ်"

ပွဲက ရှုပ်ထွေးသွားလေတော့သည်။ ကားနဲ့အတိုက်ခံရလို့ ခြေကျိုးမလိုဖြစ်တဲ့သူက ရဲရင့်ကို စထိုးပြီး ရဲရင့်က ပြန်ထိုး။ ဟိုနှစ်ယောက်ပါ ဝင်ပါလာတော့ ဘုန်းခလည်း ဝင်ထိုးလေရတော့သည်။ နှစ်ယောက်နဲ့သုံးယောက် အင်အားက မမျှဘူးလေ။

"ခွပ်"

"အ"

"ဘုန်း"

"ခွပ်"

ရဲရင့်က သွက်သည်။ သူတစ်ယောက်က နှစ်ယောက်ကို ထိန်းနိုင်သည်လေ။ ဘုန်းခမှာသာ တစ်ယောက်ချင်းကို အကြိတ်အနယ်ပါ။

"ခွပ်"

"အ"

"ဘုန်း"

ဘုန်းခ တစ်ဖက်လူရဲ့လက်သီးစာမိသွားပြီး မျက်နှာလည်သွားစဉ်မှာပဲ နောက်ထပ် ဗိုက်ကို ဖြတ်ကန်တာ ခံလိုက်ရတော့ လဲကျသွားတာ ပြန်မထနိုင်တော့ပေ။ အဲဒီတုန်းက ဘာကိုယ်ခံပညာမှ မတတ်သေးဘူးလေ။ အဲဒီဖြစ်ရပ်ကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



နောက်မှသာ သင်ယူလေ့လာခဲ့တာပါ။

သူ ထကြည့်ဖို့ ကြိုးစားပေမယ့် ဘယ်လိုမှ ထလို့မရပေ။ ရဲရင့် တစ်ယောက်တည်း သုံးယောက်နဲ့။ တစ်ယောက်က ရဲရင့်လက်ကို ဖမ်းဆုပ်မိပြီး နောက်သို့ လိမ်လိုက်လေလျှင် ရုပ်ဆိုးဆီက ဓား ရောင်လက်ခနဲ မြင်လိုက်ပြီး . . .

"ရဲရင့် သတိထား"

"ကဲကွာ"

"စွပ်"

"အား"

"ရဲရင့်"

"စွပ်"

". . ."

အဲဒီမြင်ကွင်းက ယနေ့ထက်ထိ မေ့လို့မရအောင် သွေးပျက်ချောက်ချားဖွယ်ရာပါ။ ဓားအဏ်ရာနှစ်ချက်နဲ့ မျက်နှာဟာ ရှုံ့မဲ့ပြီး ရဲရင့် ပျော့ခွေကျသွားလေတော့သည်။

"ရဲရင့်"

". . ."

"ရဲရင့်"

လူလိမ်သုံးယောက်လည်း အချင်းချင်း မျက်စပစ်ပြပြီး





ထွက်ပြေးသွားကြလေလျှင် မင်းဘုန်းခ ရဲရင့်ကိုယ်ကို ပွေ့ထူလိုက်ပြီး . . . .

"ရဲရင့်"

"အား"

"ရဲရင့် သူငယ်ချင်း"

"မင်း"

"ငါ့နာမည် ဘုန်းခ၊ မင်း ဘာမှမဖြစ်စေရဘူး ရဲရင့်။ မင်းကို ငါ ဆေးရုံပို့မယ်။ မင်း ဘာမှမဖြစ်ရဘူးနော် သူငယ်ချင်း"

အခုမှ တွေ့ဖူးမြင်ဖူးရပေမယ့် အချိန်ခဏလေးအတွင်းမှာ ကိုယ်နဲ့သွေးစည်းသွားတဲ့သူငယ်ချင်း။ ရဲရင့်က ကိုယ့်အတွက် အကောင်းဆုံးသူငယ်ချင်းပါ။

"ရဲရင့်"

"ဘုန်းခ"

"ဟုတ်တယ်၊ ငါ့နာမည် ဘုန်းခပါ သူငယ်ချင်း။ မင်း ဘာမှ မဖြစ်ရဘူးနော်"

"ဘုန်းခ"

သူ ရဲရင့်ကိုယ်ကို ပွေ့ခေါ်မယ်လုပ်စဉ်မှာပဲ ရဲရင့်က သူ့လက်မောင်းကို ဆုပ်ကိုင်ပြီး ခေါ်လေသည်။ ဗလက တူနေတော့ ရွေ့နိုင်သည်။ ပွေ့မသွားနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းခ"

"ပြောလေ သူငယ်ချင်း၊ မင်း ဘာပြောစရာရှိလို့လဲ၊ ပြောပါ ကွာ"

ကိုယ်က ပြောပါဆိုပေမယ့် သူ့ခမျာ ချက်ချင်း ပြန်မပြော နိုင်ပေ။

"ငါ သေသွားရင်"

"ဟာ ... မဟုတ်တာ ရဲရင့်ရာ၊ မင်းက ဘာလို့ သေရမှာလဲ၊ မင်း မသေရဘူး။ မင်း ဘာမှမဖြစ်ပါဘူးကွာ"

"ငါ့ ... ငါ့မှာ"

သူက ပြောချင်နေတာမို့ ဘုန်းခ နားထောင်ပေးရတော့သည် သာ။

"မိဘ ... တွေ ... မရှိဘူး"

"..."

"ညီမလေး ... ရှိ ... ရှိတယ်"

"ရဲရင့်"

"ငါ ... သေ ... သွားခဲ့ရင်"

"..."

"ငါ့ညီမလေးကို ... မင်း ... ငါ့ကိုယ်စား"

"ဟာ ... ဟိုမှာ ဘာဖြစ်တာလည်းမသိဘူး။ ဟိုတစ်





ယောက်မှာ သွေးတွေနဲ့ လာကြပါဦး။ လုပ်ကြပါဦးဟ"

ဘေးကလူတွေ ရောက်လာကြပြီး ပြောတော့ ဘုန်းခလည်း

"လုပ်ကြပါဦးဗျာ ... ကျွန်တော့်သူငယ်ချင်း ဗားထိုးခံရတာ ပါ။ ရန်ဖြစ်ရင်း ဗားထိုးခံရတာ ကူညီပါဗျာ၊ ကျွန်တော့်သူငယ်ချင်းကို ဆေးရုံပို့ပေးကြပါ"

"ထိုးတဲ့ကောင်တွေ ဘယ်ရောက်ကုန်ပြီလဲကွ"

"ပြေးကုန်ကြပြီဗျ ... စောစောက ရန်ဖြစ်တာ မြင်တယ်၊ ကျွန်တော်လည်း အခုလောက်အထိ ဖြစ်မယ်မထင်လို့ လာမဆွဲ ဖြစ်တာပါဗျာ။ အခု ဟိုကောင်တွေပြေးမှ လာရတာဖြစ်နေပြီ"

"ဟာ ... မင်းတို့ တော်တော်ခက်တဲ့ကောင်တွေပဲ၊ အဲဒီ ကောင်တွေကို မင်းတို့ မှတ်မိလား"

"ဟုတ်ကဲ့ ... မြင်ရင် မှတ်မိပါတယ်"

"ဒါဆို မင်းတို့နှစ်ယောက် ငါနဲ့လိုက်ခဲ့။ အဲဒီကောင်တွေမိ ဖို့က အရေးကြီးတာ။ ကျန်တဲ့သူတွေက ဒီကလေးကို ဆေးရုံပို့ပေးဖို့ ကူညီကြ ... ဟုတ်ပြီလား"

လူတွေက ထပ်ရောက်လာကြတာတွေနှင့် များသည်ထက် များလာလေသည်။ လူလိမ်တွေနောက်လိုက်သူတွေက လိုက်၊ ရဲရင့် ကို ဆေးရုံပို့သူက ပို့နှင့်ပေါ့။ လူလိမ်လူညာ အချောင်သမားတွေ ရှိသလို ဒီလိုကူညီရိုင်းပင်းတတ်တဲ့သူတွေလည်း ရှိနေတော့ လောကသေး



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ လူလိမ်တွေကိုတော့ ဖမ်းမိခဲ့ကြတယ်တဲ့။ သူတို့ကို ဥပဒေအရ အရေးယူခဲ့ကြတယ်လေ။

ရဲရင့်ကတော့ ...

ဆေးရုံရောက်ပြီး ခဏအကြာမှာပဲ ဓားဒဏ်ရာနှစ်ချက်နှင့် သေဆုံးသွားခဲ့သည်။

သူ ကိုယ့်ကြောင့် သေရတာ ...

ကိုယ့်ကို ကူညီရင်း သေသွားတာ ...

ကိုယ် ရှူရှိုက်နေတဲ့ အသက်က ရဲရင့်ပေးခဲ့တာပဲပေါ့။

❁ ❁ ❁

## အခန်း (၂၂)

"ကိုကြီး ... ကိုကြီးရေ ... အီး ... ဟီး ... ဟီး"

"..."

အသက်မဲ့နေတဲ့ အစ်ကိုဖြစ်သူကို ဖက်ငိုနေတဲ့ ကလေးမလေး သနားဖို့ကောင်းလိုက်တာ။ မောင်နှမနှစ်ယောက်တည်း နေရရှာတာတဲ့။ မိဘတွေမရှိကြတော့ ဒီအစ်ကို၊ ဒီညီမပဲ ရှိတာတဲ့လေ။ စမြင်လိုက်ကတည်းက ရင်ထဲမှာ ဆို့နင့်သွားခဲ့တာ။

ရဲရင့်အိမ်ကို သူ စုံစမ်းပြီး လိုက်သွားတော့ ...

အစ်ကိုဖြစ်သူ ပြန်အလာကို အိမ်ပေါက်ဝကနေ ထွက်ပြီး မျှော်နေရှာတဲ့ကလေး။ ပတ်ဝန်းကျင်ကို အကျိုးအကြောင်းမေးမြန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ကလေးမလေးကို ခေါ်လာတဲ့အချိန်မှာ ပတ်ဝန်းကျင်က လူတွေလည်း ရဲရင့်ကိုစွ စီစဉ်ပေးဖို့ လိုက်လာကြသည်။ ရဲရင့်က ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ လုပ်ကိုင်စားသောက်နေတာတဲ့။

ပြီးတော့ . . .

ပတ်ဝန်းကျင်နဲ့လည်း အဆင်ပြေအောင် ပေါင်းတတ်လို့ အားလုံးက ချစ်ကြခင်ကြသည်တဲ့လေ။ ဒီလိုလူတစ်ယောက် ကိုယ့်ကြောင့် အသက်ဆုံးရှုံးသွားရတာ ရင်နာလို့ မဆုံးပါဘူး။

"ကိုကြီး . . . ကိုကြီး ညီမလေးကို မထားခဲ့ပါနဲ့"

". . ."

"ကိုကြီး . . . ဟီး . . . ဟီး"

". . ."

"ညီမလေးကို ချစ်တယ်ဆို ကိုကြီးရဲ့။ ညီမလေးကို မထားခဲ့ပါနဲ့။ ကိုကြီးမရှိရင် ညီမလေး ဘယ်သူနဲ့ နေရမှာလဲ"

". . ."

"ကိုကြီး"

"သမီး . . . သမီးလေး"

"ညီမလေးကို မထားခဲ့ပါနဲ့။ ကိုကြီးရေ ညီမလေးကိုပါ ခေါ်သွားပါ"

"အီ . . . အီ"





"ဟီး . . . ဟီး"

ကလေးကိုကြည့်ပြီး သနားလွန်းလို့ ဘေးကနေကြည့်နေတဲ့ သူတွေပါ မျက်ရည်မထိန်းနိုင်ဘဲ ငိုကုန်ကြလေသည်။ ဘုန်းခလည်း မျက်ရည်မထိန်းနိုင်အောင် ဖြစ်ခဲ့ရသည်သာ။ ရဲရင့်ပတ်ဝန်းကျင်မှ လိုက်လာတဲ့လူတို့သည်လည်း . . .

"သား . . . ရဲရင့်ရေ . . . ဟီး"

"အင်မတန် လိမ္မာရေးခြားရှိတဲ့ ကလေး . . . နောက်ဘဝမှာ ဒီလိုအဖြစ်ဆိုးမျိုးနဲ့ မကြုံရပါစေနဲ့လို့ တို့ ဆုတောင်းပေးပါတယ် ရဲရင့်ရာ"

"ကိုကြီး . . . ဟီး"

ရဲရင့်ရဲ့အလောင်း လာသယ်ကြတော့ . . .

"ကဲ . . . ဖယ်ကြ ဖယ်ကြ"

"ကိုကြီး . . . ကိုကြီးကို ခေါ်မသွားကြပါနဲ့။ ကိုကြီးကို ခေါ်မသွားကြပါနဲ့"

ကလေးက ကြောက်ရကောင်းမှန်းမသိ အစ်ကိုရဲ့သက်မဲ့ခန္ဓာကို အတင်းဖက်ထားလေသည်။

"ကိုကြီးမရှိရင် သမီး ဘယ်သူနဲ့နေရမှာလဲ"

"ရဲရင့်ရာ"

မချိတင်ကဲလေသံနှင့် ဘုန်းခ မျက်ရည်တွေ ကျလာရသည်



www.burmeseclassic.com

www.burmeseclassic.com



သွား။

“သမီး ဖယ်ပေးလိုက်ပါကွယ်”

“ကိုကြီး”

“ကိုကြီးမရှိပေမယ့် အန်တီတို့ ရှိပါတယ်ကွယ်။ သမီး အန်တီတို့နဲ့နေနော်”

ကလေးရဲ့လက်တွေကို ဖယ်ပြီး ရဲရင့်အလောင်းကို သယ်သွားကြတော့ ကလေးမလေးမှာ လူကြီးနှစ်ယောက် ဆွဲနေရတဲ့အထိပါ။

“ကိုကြီးကို ပြန်ခေါ်ပေး။ ကိုကြီးကို ပြန်ခေါ်ပေးကြပါ။ အီး . . . ဟီး”

“သမီးလေး”

“. . .”

“သမီးလေး”

ကလေးက ငိုရင်းပဲ သတိလစ်သွားတဲ့အထိပါ။ အဲဒီကလေးက အခု ယိမ်းဆိုတဲ့ ယိမ်းနွဲ့ဟန်ပဲပေါ့။ ငယ်ငယ်တုန်းကတော့ ကိုယ့်ညီမလေးပဲဆိုတဲ့စိတ်နဲ့ အပေါ်ထပ်ကနေ အောက်ထပ်ကို ကျောပိုးဆင်းခဲ့ဖူးသလို ညီမလေးခြေညောင်းမှာစိုးလို့ဆိုပြီး သူမကို ကျောပိုး၍ အပေါ်ထပ်ကို တက်ခဲ့ဖူးသည်။

စက်ဘီး အတူတူလျှောက်စီးခဲ့ကြတယ်။





ယိမ်း လိုချင်တာမှန်သမျှ မရဆိုတာ မရှိသလောက် ရှားအောင်လည်း ဖန်ဆင်းပေးခဲ့သည်လေ။ အလိုလိုက်ခဲ့သည်၊ ချစ်ခဲ့သည်။

ဒါပေမဲ့ . . .

ယိမ်း အရွယ်ရောက်လာတော့ မသင့်တော်ခြင်း အကြောင်းအရာတွေကြောင့် မျက်နှာကို မတည့်ချင်ပဲ တည့်၊ မဆူချင်ပဲ ဆူနေခဲ့ရတာ။

ပတ်ဝန်းကျင်ကြောင့် . . .

စည်းခြားလိုက်ခြင်းပါလေ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

မင်းဘုန်းခ . . .

အတွေးနယ်ထဲမှာ စိတ်တို့က လွင့်မျောနေသည်။ တကယ်တော့ မင်းကို ကိုကြီးချစ်ပါတယ် ယိမ်းရယ်။ နှမလိုတစ်မျိုး ချစ်သူလိုတစ်သွယ်ပေါ့။ ဒါပေမဲ့ . . . ကိုယ်မွေးတဲ့ကြက်ကို ကိုယ် ရိုက်ချက်စားတယ်ဆိုတဲ့ စကားလုံးရိုင်းရိုင်းမျိုး ကိုကြီး အပြောမခံနိုင်လို့ပါ။

အဓိက,က ယိမ်းပေါ့။

ယိမ်းကို သူများ လက်ညှိုးထိုးပြီး ဝိုင်းမေးငေါ့တာမျိုး မဖြစ်စေချင်ဘူးလေ။ ဥယျာဉ်မှူး ပန်းမခူးရဆိုတဲ့စကားက ကိုယ့်အတွက် သီးသန့်များ ဖြစ်နေရော့သလား။





"ဘုန်းခ"

". . ."

"ဟော့ကောင် ဘုန်းခ"

"အင် . . . ဟင်"

နောက်ကနေ ပခုံးကို ခပ်ဆတ်ဆတ်ရိုက်ပြီး ခေါ်လိုက်မှပဲ ဘုန်းခ အတွေးနယ်ထဲကနေ နှုတ်ထွက်ဖြစ်သည်။

"ဩော် . . . သိန်းသန်းထူး"

"အေး . . . မင်းအဖေ ငါခေါ်နေတာ မကြားဘူးမို့လား။ ဘယ်လိုဖြစ်ရတာလဲကွာ ခေါ်မကြား၊ အော်မကြားနဲ့"

"ဆောရီး . . . ငါ အတွေးလွန်သွားလို့ပါ"

"ဖြစ်ရမယ် မင်းကတော့ . . . ဟိုကိစ္စပဲ မဟုတ်လား"

"ဟုတ်တယ် . . . အဲဒီကိစ္စပဲ ငါ စဉ်းစားနေတာကွ။ ပြောလိုက်တာတော့ ပါးစပ်ထဲ တွေ့ရာပဲ။ အခု ဘယ်လိုလုပ်ရမှန်း မသိတော့ဘူး။ ငါ့ကို အကြံလေး ဘာလေးပေးပါဦးကွာ"

"ကျွတ်"

ယိမ်းကို လိမ်ညာခဲ့တုန်းကတော့ ဖြီးဖြီးရောဆိုပြီး ပါးစပ်ထဲ တွေ့ရာနာမည် ကောက်ထည့်ပြောလိုက်တာ ပန်းဝတ်လျှာ။ အခု ယိမ်း ယုံအောင် လုပ်ပြဖို့အတွက် အဲဒီပန်းဝတ်လျှာကို ဘယ်မှာသွားရှာရမလဲ။ မဟုတ်ရင်လည်း မေးတော့မှာကို သိနေသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ယိမ်းက အမှတ်သည်းခြေကြီးတော့ . . .

ဒီနာမည်ကို သူမေ့မှာ မဟုတ်ပါဘူး။ ပြီးတော့ လိုက်စုံစမ်းလို့ ပေါ်သွားရင် မကောင်းဘူးလေ။

"ဟူး . . . ငါ မကယ်ရင်တော့ မင်း သေဖွယ်ရာရောက်တော့မယ်"

"အဲဒီလိုသာ သေသွားတာမှ ကောင်းသေးတယ်"

"အဲဒီလိုတော့ မင်း မပြောနဲ့လေကွာ။ ဒီကိစ္စမှာ မင်းက မလည်ပဲ ရှုပ်တဲ့ မလည်ရှုပ်လုပ်နေတာ"

"ဘာ"

"ဟုတ်တယ်လေ . . . မင်းကောင်မလေးကို ဖွင့်ပြောလိုက်ရင် ပြီးနေတဲ့ကိစ္စကို၊ အခုတော့ ဥယျာဉ်မှူးလေး ဘာလေးနဲ့ ရင်ဘတ်ဆူးစူးခံနေတာ"

ပြောလည်း ပြောပါစေတော့။ ကိုယ်က ကိုယ်ပိုးတဲ့ပန်းကို ကိုယ်ချိုးနမ်းတာမျိုး မလုပ်ချင်ဘူးလေ။ လိပ်ပြာသန့်သန့်နဲ့ပဲ အခြားသူတော်ကောင်းလက်ထဲကို ထည့်ပေးလိုက်ချင်တာပါ။

"ဟင်း . . . ငါကတော့ မျက်နှာပူရဦးမယ်"

ဘုန်းခ သိန်းသန်းထူးကို လှည့်ကြည့်ပြီး . . .

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ . . . ငါ့ညီမဝမ်းကွဲကို အကူအညီတောင်းရ





မှာမို့လို့ပါကွာ"

"ဟာ"

သူငယ်ချင်းက ကူညီဖို့ပြောလာတော့ မင်းဘုန်းခ စောစောက စိတ်ညစ်လို့ ညှိုးနေတဲ့ မျက်နှာက ဝင်းပသွားလေသည်။ အခုမှပဲ ကူညီကြပါခင်ဗျာ . . . ကူညီကြပါခင်ဗျာလို့ အော်နေရမလို အဖြစ်ကနေ မျှော်လင့်ချက်လေး ရှိလာပြီကိုး။

"မင်း . . . မင်း တကယ်ပြောတာလား သိန်းသန်းထူး"

"ဟာ . . . ဒီကိစ္စ ငါက မင်းကို နောက်နေစရာလားကွ"

"ကျေးဇူးကြီးပါပေ့ သူငယ်ချင်းရာ၊ မင်းကို ငါ တစ်ဝိုင်းပေးတယ်ကွာ။ မင်းစိတ်ကြိုက်"

"ဟာ . . . ဟောကောင် . . . ဟောကောင် အဲလိုတော့ မလုပ်နဲ့"

"ဟင် . . . ဘာဖြစ်လို့လဲ"

"မင်း စဉ်းစားကြည့်လေကွာ၊ ငါက ငါ့နှမ ခထာငှားရမယ့်ကောင်၊ မဖြစ်ဘူး . . . သန့်သန့်ရှင်းရှင်း ကူညီကြတာပဲ ကောင်းတယ်"

ဘုန်းခ ရယ်လိုက်မိ၏။ ဟုတ်တော့ ဟုတ်ပါတယ်။ သိန်းသန်းထူးကို အားနာဖို့တော့ အကောင်းသား။ သူလည်း ကိုယ့်လိုသာ သူ့ညီမကို အကူအညီတောင်းမယ် ပြောတာ၊ တကယ်သာမိမ်း ထိခိုက်နစ်နာစရာရှိရင် မိန်းကလေးက ပိုပြီးနစ်နာမှာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... မင်း လက်မခံဘူးဆိုတော့လည်း နေပေါ့။ ကျေးဇူးတော့တင်ပါရစေကွာ"

"ဪ ... ဟုတ်ကောင်"

"ပြော"

"မင်းကို တစ်ခုတော့ ငါ ကြိုမှာထားမယ်နော်"

"ဘာလဲ"

"ငါက အစ်ကိုတစ်ယောက်အနေနဲ့ မှာသင့်တာတော့ မှာရမှာပဲ။ မင်းသဏ္ဌာန်လုပ် သရုပ်တူဆိုသလို သရုပ်ဆောင်တဲ့နေရာမှာ လိုသည်ထက် မပိုစေနဲ့နော်။ ငါ့ဘက်က မိန်းကလေးကွ။ နစ်နာစရာရှိရင် ငါ့ညီမပဲ နစ်နာမှာ"

"ဟား ဟား ဟား ဟား"

ဒီတစ်ခါတော့ မင်းဘုန်းခ ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်မိသည်။

"စိတ်ချပါ သိန်းသန်းထူးရာ၊ မင်းညီမကို ငါ လက်ဖျားနဲ့တောင် မတို့ဘူး စိတ်ချ"

"အင် ... လက်ဖျားနဲ့တောင် တကယ်မတို့ဘူးလား"

ဒီလိုကျတော့လည်း ပြုံးတူးပြတဲပုံစံနှင့် မေးပြန်လေသည်။ အဲဒါက စကားအဖြစ် ပြောတာပါ။ ချစ်သူဟန်ဆောင်ပါတယ်ဆိုမှ ချစ်သူတို့ရဲ့အပြုအမူနဲ့ နည်းနည်းတော့ ငြိစွန်းမှာပေါ့။





"မင်းကလည်း ကတ်ဖိုးကတ်ဖဲ့ မေးနေပြန်ပြီ။ ချစ်သူလို ဟန်ဆောင်ပါတယ်ဆိုမှတော့ ချစ်သူနဲ့ တူအောင် ပြုမူရတဲ့အခါ လက်ကလေးကိုင်တာတော့ ရှိမှာပေါ့ကွ"

"ဟူး"

သိန်းသန်းထူး သက်ပြင်းချပြီး ခေါင်းခါမိလေတော့သည်။ ဟန်ဆောင်ရတဲ့အလုပ်ဆိုတာ လူလိမ်လူညာတွေအတွက် ထမင်းစားရေသောက်ပေမယ့် ကိုယ်တွေအတွက်ကျတော့ မလွယ်ပေ။ ကိုယ့်သူငယ်ချင်းကို ယုံကြည်လို့သာ ကူညီရမှာ။ ဒီကိစ္စမျိုးကို ...

ဘယ်အစ်ကိုက ကူညီချင်မှာတဲ့လဲ။

အခြားမိန်းကလေးတစ်ယောက်ဆိုမှာ အကူအညီတောင်းရင်လည်းမဖြစ်။ မင်းဘုန်းခဆိုတာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီနိုင်လေ။ တစ်ဖက်မိန်းကလေးက သူ့အပေါ် ဟန်ဆောင်တာကနေ စွဲလမ်းသွားရင် အဲဒါမှ ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုးရင် ဒုက္ခပေါ့။

"အေးပါ ... ဒီလောက်တော့ ကြည်ဖြူပေးရမှာပေါ့။ ကူညီမယ်လို့ ပြောထားမိပြီဆိုတော့ ... တစ်ခုတော့ ရှိတယ်။ မင်းဖက်ကို မင်းနိုင်အောင်က"

"စိတ်ချပါ ... ဒါနဲ့ မင်းညီမမှာ ရည်းစားတွေ ဘာတွေ မရှိဘူးလား။ ရှိရင် သူ့ရည်းစားသိလို့ ပြဿနာတွေ ရှင်းပြနိုင်ဦးမယ်



www.burmeseclassic.com

www.burmeseclassic.com



နော် ဟောကောင်''

ဒါလည်း တွေးရသေးသည်လေ။ အရွယ်ရောက်လာပြီဆိုရင် အချစ်နဲ့ ကင်းသူက အရှားသားလား။

''ချစ်သူတော့ ရှိတယ်။ ဒါပေမဲ့ ဂျပန်မှာ။ အဲဒီအတွက်တော့ တွေးပူမနေနဲ့''

''ဒါဆိုလည်း ပြီးတာပါပဲ''

ယိမ်းယုံအောင်တော့ ဇာတ်လမ်းတစ်ကွက်နှစ်ကွက် ကပြရမည်သာ။

ဒါမှ . . .

ကိုယ်နဲ့ပတ်သက်ပြီး ယိမ်းစိတ်ထဲမှာ သံသယတစ်ခု ရှင်းသွားတော့မှာပေါ့။

❁ ❁ ❁



## အခန်း (၂၄)

''ယိမ်း''

''. . .''

''ယိမ်း''

ဘုန်းခ ယိမ်းကို တကြော်ကြော်ခေါ်ရင်း မီးဖိုချောင်ထဲသို့ ဝင်လာလေသည်။ ဒီအချိန်ဆို ယိမ်းက မီးဖိုချောင်ထဲမှာ ခေါင်းနဲ့ ကုချက်နေကျလေ။ ဒါကြောင့် မီးဖိုချောင်ထဲမှာ ရှိနေမယ်ဆိုတာ သိလို့လာခဲ့တာပါ။ သူခေါ်ရင်း ဝင်သွားတော့ ယိမ်းက ကြက်သွန်နီ အခွံနွှာနေရင်းကနေ လှည့်ကြည့်ကာ . . .။

''ဟုတ်ကဲ့ . . . ကိုကြီး ဘာခိုင်းစရာရှိလို့လဲ မသိဘူး။ ယိမ်း



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ပေးရမလဲ"

"ဟင်"

ဘုန်းခ မျက်မှောင်ကြုတ်သွားလေသည်။ လေသံက တော်တော်နူးညံ့ချိုသာနေပါလား။ ခါတိုင်း ဒီလိုလည်း တစ်ခါမျှ မမေးဘူးပေ။ နေပါစေ ... မသိချင်ယောင်ဆောင်နေလိုက်တာပဲ ကောင်းပါတယ်။

"ခိုင်းစရာရှိလို့ မဟုတ်ပါဘူး။ ပြောစရာရှိလို့"

"ပြောစရာရှိ ပြောလေ။ ယိမ်းက လက်မအားလို့။ ဒီအတိုင်း ပြောလည်း ရတယ်မဟုတ်လား"

"အမယ် ... ဒီအတိုင်း မပြောလို့ ငါက ကင်းမြီးကောက်ထောင်ပြီး ပြောရမှာလား"

"မဟုတ်ပါဘူး ... ယိမ်းပြောတာက ယိမ်း ကိုကြီးအနားမလာလည်း ရတယ်မဟုတ်လားလို့ မေးတာပါ"

"ရတယ်"

မေးတဲ့သူက ကန့်လန့်၊ ဖြေတဲ့သူက ခွကျကျ။ ဟုတ်တော့ ဟုတ်နေတာပါပဲ။

"နင် ရေချိုးပြီး အလှပြင်၊ ပြီးရင် ငါနဲ့လိုက်ခဲ့"

"ဟင် ... ဘယ်ကိုလဲ ကိုကြီး"

"နင့်ကို လူတစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့ နေရာဒေသ





ထပ်မမေးနဲ့။ လိုက်မှာသာ လိုက်ခဲ့။ နင့်ကို ငါ ရောင်းမစားဘူး"

ယိမ်း ကိုကြီးကို ခပ်တွေတွေလေး ကြည့်နေမိသည်။ ယိမ်းကို ဘယ်သူနဲ့ တွေ့ပေးဦးမှာလဲ။ ဘာပဲဖြစ်ဖြစ် ယိမ်းလိုက်ရမှာပေါ့။ ယိမ်းက ကိုယ့်ဘဝကိုယ် နားမလည်ဘဲ စိတ်ကူးယဉ်ခဲ့မိတာပါ။ တကယ်ဆို ယိမ်းက မြေလွှာနဲ့ အနီးကပ်မှာပွင့်တဲ့ စံပယ်ပန်းလေး။

သူတို့က ဘယ်လောက်ပဲ ဦးစားပေးပေး ယိမ်းက သိတတ်ရမှာ မဟုတ်လား။ ပညာသင်ပေးတာနဲ့ သူဌေးသမီးလိုနေနိုင်တဲ့ အခွင့်အရေး။ ဒါတွေပေးတာနဲ့တင် ဒီကျေးဇူးတွေက ဆပ်လို့မကုန်ဘူးလေ။

"ဟုတ်ကဲ့ ယိမ်း ခုပဲ ရေသွားချိုးလိုက်ပါ့မယ်။ ကြက်သွန်တော့ ပြီးအောင် လှီးပေးခဲ့ပါရစေ"

"ရတယ် ... ထားခဲ့လေ ယိမ်း။ ဒေါ်ဦးဘာသာပဲ လှီးလိုက်ပါ့မယ်။ ထားခဲ့ ... ထားခဲ့"

"ဟုတ်ကဲ့ ... ဒေါ်ဦး"

ဘုန်းခ ပြုံးလိုက်မိသည်။ တော်တော့်ကို နူးညံ့ပျော့ပျောင်းနေပါလား။ စိတ်တော့ မကောင်းပါဘူး။ ကိုကြီးကို ခွင့်လွှတ်ပါ ယိမ်းရယ်။ တကယ်တော့ ကိုကြီးက ယိမ်းကို အရင်စပြီး ချစ်ခဲ့သူပါ။

ဒါပေမဲ့ ...

အခြေအနေက ပေးမှမပေးပဲလေ။ ဥယျာဉ်မှူး ပန်းမခူးရ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အစွဲကပဲ ကိုယ်တို့ကို နှိပ်စက်နေတာပါ။

"သား"

"ဗျာ"

နောက်က ခေါ်သံကြောင့် ဘုန်းခ လှည့်ကြည့်ပြီး ထူးလိုက်လေသည်။

"သားကို မေမေ မေးစရာရှိလို့၊ မေးမယ် ... မေးမယ်နဲ့ကို မမေးဖြစ်တာ"

"ဟုတ်ကဲ့ ... မေးပါ မေမေ"

"သား ယိမ်းကို ဆူထားတာလား"

"ဟင် ... သူက ဘာပြောလို့လဲ"

"ဘာမှမပြောလို့ကို ခက်နေတာလေ။ အခုတလော အရင်လို ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် မရှိတော့ဘူး။ မေမေက ဘာဖြစ်လို့လဲ မေးတော့လည်း ဘာမှမဖြစ်ပါဘူးတဲ့။ အဲဒါကြောင့် သားကို မေးကြည့်ရတာပါ"

"ကျွန်တော် သူ့ကို မဆူပါဘူး။ သူ့အကြောင်းနဲ့သူပဲ ဖြစ်မှာပါ"

ဒေါ်စိုးစိုးစံ တွေခနဲဖြစ်သွားလေသည်။ သူ့အကြောင်းနဲ့သူ ဆိုရင် ဘာအကြောင်းဖြစ်နိုင်မလဲ စဉ်းစားကြည့်တော့ အဖြေက မထွက်ပေ။ စဉ်းစားစရာကတော့ တစ်ခုပဲ ရှိတယ်။ ယိမ်း အခုလို





ပြောင်းလဲသွားတာ မွေးနေ့ပွဲကို လိုက်သွားပြီးကတည်းကလေ။

အရင်တုန်းက ...

အင်မတန် တွတ်တီးတွတ်တာပြောပြီး ကိုယ့်အပေါ် ချွဲတတ်တဲ့ ကလေးက ခုရက်ပိုင်းမှာ စကားနည်းနေသည်။ တစ်ယောက်တည်း နေတဲ့အခါမျိုးဆို ငိုင်ငိုင်တွေတွေနဲ့လေ။ ပြီးတော့ အလုပ်တစ်ခုခု လုပ်နေတာ ဟုတ်ရင်ဟုတ်၊ မဟုတ်ရင် တစ်ယောက်တည်း ခွဲနေတဲ့ အခါက များနေသည်။

မဟုတ်မဟာ် တွေးကြည့်ရအောင်ကလည်း ယိမ်းမှာ ချစ်သူ ရှိတယ်လည်း မကြား။ ယောကျ်ားလေးတွေနဲ့ သိပ်ရင်းနှီးပတ်သက်သူ မဟုတ်ပေ။

"မဟုတ်သေးဘူး သား"

"ဗျာ"

"ဒီကလေး တစ်ခုခုတော့ တစ်ခုခုဖြစ်နေတယ်"

"မေမေက ဘယ်လိုထင်လို့လဲ"

"အရင်ကဆို မေမေ့ကို ကလေးလိုကပ်ချွဲနေတာလေ။ အခု လုပ်ပေးစရာရှိရင် လာလုပ်ပေးတယ်။ အရင်လို မေမေ့အနား သိပ်မကပ်တော့ဘူး။ အဲဒီလိုကျတော့ မေမေ မနေတတ်ဘူးကွယ်"

"ဟူး"

ဘုန်းခ ခေါင်းကိုမော့ပြီး သက်ပြင်းမှုတ်ထုတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေပြောတာ ဟုတ်တော့ ဟုတ်ပါတယ်။ အခုတလော ယိမ်း ကိုယ့်ကိုလည်း ရှောင်နေသည်လေ။

“အဲဒီအတွက် မေမေ စိတ်မပူပါနဲ့”

“ဟင်”

“အခု သား သူ့ကို အပြင်လိုက်ခဲ့ဖို့ ခေါ်ထားတယ်။ သူ ဘာတွေခံစားနေရလဲ၊ ဘာဖြစ်နေလဲဆိုတာကို ချော့ပြီး မေးကြည့်ရမှာပေါ့။ အချိန်တန်ရင်တော့ ပုံမှန်ဖြစ်သွားမှာပါ မေမေ”

ပြောပြီး မင်းဘုန်းခ မေမေ့ရှေ့မှ ထွက်လာခဲ့တော့သည်။

“မမကြီး”

“ပြောလေ မဦး”

“ယိမ်းက မဦးကို ပြောဖူးတယ် သိလား”

“ဟင် … ဟုတ်လား။ ဘာပြောတာလဲ မဦး”

“သူ … သူ့ဘဝမှန်ကို ဘယ်တော့မှ မမေ့ပါဘူးတဲ့။ မမကြီးတို့ ကျေးဇူးကို တစ်နေ့ပြန်ဆပ်နိုင်အောင် ကြိုးစားမယ်တဲ့”

“အိုကွယ်”

ဒေါ်စိုးစိုးစံ စိတ်မကောင်းစွာနှင့် ညည်းတွားလိုက်မိသည်။

ဒီကလေးရဲ့အတွေးထဲမှာ ဒီလိုတွေရှိနေတယ်လား။ ကိုယ်တွေက သူ့ကို သမီးအရင်းလို့ သတ်မှတ်ထားတာ။ သူက ဒါကို ဘဝမှန်ပြန်တွေးပြီး အားငယ်နေတာလား။





“ပြီးတော့ ပြောသေးတယ် မမကြီး”

“ဘာပြောလဲ မဦး”

“မောင်ဘုန်းခ စိတ်ချမ်းသာဖို့အတွက် သူ လမင်းသာဆိုတဲ့ ကောင်လေးကို လက်ခံလိုက်တော့မယ်တဲ့”

“ဟင်”

“မောင်ဘုန်းခက အဲဒီကောင်လေးနဲ့ယိမ်းကို သဘောကျနေတော့ ယိမ်း ကိုကြီးရဲ့ဆန္ဒကို မဆန့်ကျင်ချင်ဘူးလို့ပြောတယ် မမကြီး”

“အို … မဟုတ်တာကွယ်။ ဒီကိစ္စကို မမကြီးကတော့ သဘောမတူဘူး မဦး”

အဲဒါ တကယ်ပါ။ ယိမ်းရဲ့အိမ်ထောင်ရေးကို ဒေါ်စိုးစိုးစံကတော့ ယိမ်းဆန္ဒမပါဘဲ အစီစဉ်မခံနိုင်ပေ။ ယိမ်းက ငယ်ပေမယ့် အကောင်းနဲ့အဆိုးကို ခွဲခြားတတ်တာပဲဟာ။ မိုက်လုံးကြီးတဲ့အလုပ်မျိုး လုပ်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဒီကလေးရဲ့အိမ်ထောင်ရေးကိစ္စမှာ–

သူမဘာသာ ရွေးချယ်ပြီး …

သူမဘာသာပဲ ဆုံးဖြတ်စေချင်သည်။ ဒေါ်စိုးစိုးစံနဲ့ဒေါ်ဦး စကားပြောနေချိန်မှာ …

မင်းဘုန်းခလည်း …

ရေချိုးအဝတ်လဲပြီး ယိမ်းကို ဧည့်ခန်းထဲကနေ ထိုင်စောင့်



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်သည်။ တစ်ဖက်က ပန်းဝတ်လွှာအမည်ခံ ငြိမ်းငြိမ်းအိဇော်ကိုလည်း ချိန်းထားပြီးပြီဆိုတော့ ဦးတည်ချက်ကိုလည်း ပြောင်းမပစ်ချင်တော့ပေ။

"ကိုကြီး"

"ဟင်"

"..."

"ဩော်"

အတွေးလွန်သွားသဖြင့် ကိုယ့်အနားကို ယိမ်း ဘယ်အချိန်ရောက်လာမှန်းပင် မသိလိုက်ပေ။

"သွားလို့ရပါပြီ"

"အကုန်အဆင်သင့်ဖြစ်ပြီလား"

"ဟုတ်ကဲ့ အဆင်သင့်ပါ"

"ဒါဆို သွားကြရအောင်"

ဘုန်းခရှေ့မှ ထွက်လာခဲ့တော့ ယိမ်းက နောက်မှ လိုက်လာခဲ့သည်။ ကားပေါ်တက် မောင်းထွက်လာခဲ့ပြီး လမ်းရောက်မှတော့ –

"ယိမ်း"

ယိမ်းက လှည့်ကြည့်လေလျှင် –

"အခုတလော နင် ဘာဖြစ်နေတာလဲ။ ငါ့ကို မကျေနပ်လို့လား"





"ဘာမှမဖြစ်ပါဘူး။ ကိုကြီးအပေါ် မကျေနပ်စရာလည်း မရှိပါဘူး"

"မဟုတ်သေးဘူး ... နင် ငါ့ကို မျက်နှာချင်းမဆိုင်ဘဲ ဘာလို့ရှောင်နေတာလဲ။ အခု မေမေကတောင် ငါ့ကို မေးနေပြီ။ နင် အရင်လိုမဟုတ်တော့ဘူးတဲ့။ အဲဒါ ငါ့ကို သား ယိမ်းကို ဆူထားသေးလား၊ ဘာလားနဲ့ မေးနေတာ"

"ယိမ်း ဘယ်သူ့အပေါ်မှ မကျေမနပ်မဖြစ်ပါဘူး ကိုကြီး၊ ကိုယ့်ကိုယ်ကိုယ်ပဲ မကျေမနပ်ဖြစ်မိတာပါ"

"..."

"ပြီးတော့ ယိမ်း ကိုယ့်တာဝကိုယ် နားလည်လိုက်တာပါ ကိုကြီး"

"ဘယ်လို"

"ကိုကြီး မကြိုက်ဘူးဆိုရင် မကြိုက်တဲ့အချက်တွေ ယိမ်းကို ပြောပါ။ ယိမ်း ကိုကြီးစိတ်တိုင်းကျနေပေးပါ့မယ်"

ယိမ်းစကားကြောင့် ဘုန်းခရင်ထဲမှာ အောင့်သက်သက်ဖြစ်သွားလေသည်။ ကိုယ့်စိတ်တိုင်းကျနေပေးမယ်ဆိုတော့ ကိုယ့်မှာ ရှေ့ဆက်စရာစကားမရှိတော့ပါလား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

စောင့်ရတဲ့အလုပ်ကို စိတ်မရှည်ဆုံးပါဆိုတဲ့ ယိမ်းက ဒီတစ်ခါ စိတ်ရှည်လက်ရှည် ထိုင်စောင့်ပေးသည်လေ။

မရှည်တတ်တဲ့စိတ်ကို ဆွဲဆန့်ထားနည်းကတော့ ကောင်းပါ့။

သူ့သူငယ်ချင်းကို လိုင်းဖွင့်ပြီး စကားပြောဖို့ ဖုန်းဆက် အရင်ပြောတာလေ။ အခု လိုင်းဖွင့်ပြီး စာပို့ စကားပြောနေတာ။

"တုံ . . . တုံ"

ဟုတ်လည်း ဟုတ်တဲ့ စိတ်ရှည်နည်းပါပဲ။

"ဟော"





ပန်းဝတ်လွှာ လာပြီ။ အဲ . . . ကိုယ်အတွက်ကတော့ ပန်းဝတ်လွှာ သူကတော့ ငြိမ်းပေါ့လေ။

"ယိမ်း"

". . ."

"ယိမ်း"

"အင် . . . ရှင်"

ယိမ်း ဖုန်းကိုကြည့်နေရာကနေ သူ့ကို မော့ကြည့်လေလျှင်

"ဝတ်လွှာ လာနေပြီ"

"ဟုတ်"

ဟုတ်ဆိုပြီး ခေါင်းပြန်ငုံ့ပြီး စာရိုက်နေပြန်လေသည်။ ဝတ်လွှာဆိုတာကို ဟုပျာသလဲ လိုက်ကြည့်ခြင်း မျက်လုံးက လိုက်ရှာခြင်း မပြုပါဘူး။

အဲဒီလောက်ကိုပဲ စိတ်ဝင်စားတာပေါ့။ ဘုန်းခကိုယ်ပဲ ထရပ်ပြီး အပြုံးနှင့် ကြိုဆိုလိုက်လေသည်။ အနားရောက်လာတဲ့ ဝတ်လွှာက ဘုန်းခဘေးက ခုံမှာ ဝင်ထိုင်ရင်းပဲ . . .

"ဆောရီးနော် ကိုကို . . . စောင့်နေရတာ ကြာပြီလားမသိဘူး။ ဝတ်လွှာ နောက်ကျသွားတယ်"

"ရပါတယ် ကိုကိုက ဝတ်လွှာနဲ့ပတ်သက်ရင် အစစအရာရာ စိတ်ရှည်ပြီးသားပဲဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ကျေးဇူးပါ ကိုကို"

ဪ . . . သူက ကိုကြီးကို ကိုကိုတဲ့လား။ သူမက ကိုကိုလို့ ခေါ်ခွင့်ရတဲ့သူပေါ့နော်။ ကိုကတော့ ကိုကြီးလို့ပဲ ခေါ်ခဲ့တာဆိုတော့ အေးလေ . . . ကိုကြီး သူ့ဘက်ကို ယိမ်းယိုင်ခဲ့တာ မဆန်းတော့ပါဘူး။ ယိမ်းက ကိုကြီးကို အစကတည်းက ဘာကြောင့်များ ကိုကိုလို့ မခေါ်ခဲ့မိပါလိမ့်။

ဒီဥယျာဉ်မှူးက ဖျိုးတဲ့ပန်းချင်းအတူတူ . . .

ယိမ်းဆိုတဲ့ ပန်းကိုကျတော့ မေတ္တာအရောင်မထိုးပဲ ညှိုးစေသတဲ့လား။ အေးလေ . . . ယိမ်းက ခပ်ဆိုးဆိုးကောင်မလေးဆိုတော့ ကိုကြီးအတွက် . . .

"ယိမ်း"

". . ."

"သူက ငါပြောတဲ့ ပန်းဝတ်လွှာလေ။ ဝတ်လွှာလည်း မှတ်ထားနော် သူက ယိမ်းနွဲ့ဟာနိုတဲ့။ အားလုံးကတော့ ယိမ်းလို့ပဲ ခေါ်ကြတယ်"

ဝတ်လွှာက ခေါင်းညိတ်ပြီး ပြုံးပြလေတော့ ယိမ်းလည်း ပြုံးပြလိုက်လေသည်။ ပြုံးမပြလို့မှ မရဘဲလေ။ ယိမ်း ပြန်ပြုံးမပြရင် ရိုင်းရာကျသွားမှာပေါ့။

"တွေ့ရတာ ဝမ်းသာပါတယ် ယိမ်း"





"ယိမ်းလည်း ဝမ်းသာပါတယ် မမ။ ဒါနဲ့ ကိုကြီး ယိမ်းကို လူတစ်ယောက်နဲ့ တွေ့ပေးမယ်ဆိုတာ မမဝတ်လွှာကို ပြောတာလား"

"ဟုတ်တယ်လေ . . . ဘာဖြစ်လို့လဲ"

"မဖြစ်ပါဘူး"

ဝတ်လွှာ ရောက်လာပြီဆိုတော့ ဘုန်းခ စားစရာသောက်စရာတွေ မှာယူလိုက်သည်။

ကိုယ့်လုပ်ရပ် မှားနေပြီလား။ ဘာပဲဖြစ်ဖြစ် ဦးတည်မိပြီးမှတော့ နောင်တမရချင်တော့ပေ။

ကိုကြီးကို ခွင့်လွှတ်ပါ ယိမ်း။ အချစ်နဲ့ပတ်သက်ပြီး သွေးကြောင်တဲ့ကောင်လို့ပဲ ပြောပြော . . .

ကိုယ့်ရင်ထဲကအစွဲကို ကိုယ်ပြန်မချွတ်နိုင်သရွေ့ မင်း ခံစားရသလို ငါလည်း နာကျင်နေရဦးမှာပါ။

"ယိမ်းက အရမ်းလှတာပဲနော်။ မမတော့ မြင်မြင်ချင်းကို ချစ်မိသွားပြီ သိလား"

"ဪ . . . ဟော် . . . မမကလည်း ပြောတော့မယ်။ မမကမှ လှတာပါ"

"ဟာ . . . ယိမ်းက မမကို ပြန်မြှောက်နေပြန်ပြီ။ ယိမ်းလောက်မလှမှန်း မမကိုယ်မမ သိပါတယ် ယိမ်းရဲ့။ သိပ်မမြှောက်ပါနဲ့ . . . မမက မြှောက်တတ်တယ် ယိမ်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



“ယိမ်းက မြှောက်တာ မဟုတ်ပါဘူး မမ။ တကယ်ပြောတာပါ။ မမက ယိမ်းကို ချစ်တဲ့မျက်လုံးနဲ့ ကြည့်လို့ ချစ်စရာကောင်းသလို ယိမ်းကလည်း မမကိုချစ်တဲ့ မျက်လုံးနဲ့ ပြန်ကြည့်လို့ လှနေတာ ထင်ပါတယ်”

ဝတ်လွှာ ရယ်လိုက်ပြီး ...

“ယိမ်းရယ် ... ယိမ်းက စကားလည်း တတ်တယ်။ မမက အဲဒီလို စကားတတ်တဲ့လူမျိုးကို အရမ်းသဘောကျတာပဲ သိလား”

မဆိုးပါဘူး။ ဆက်ဆံရေးတော့ ကောင်းသားပဲ။ ခင်ဝါဆိုနဲ့တော့ ကွာတယ်လေ။ ဟိုက စတွေ့ကတည်းက အထက်စီးလေသံနဲ့ ဆက်ဆံတာ။ အဲဒါကြောင့် ခင်ဝါဆိုနဲ့ဆို သဘောမတူပေမယ့် မမဝတ်လွှာနဲ့တော့ ကြည်ဖြူပါသည်လေ။ အင်း ... မကြည်ဖြူချင်လို့လည်း ရမှမရတာ။

“ဝတ်လွှာ”

“ရှင်”

“ဝတ်လွှာအတွက် ဘာတွေလိုအပ်သေးလဲ။ လိုအပ်တာရှိရင် အပြင်ထွက်တုန်း တစ်ခါတည်း ဝယ်သွားနော်။ နောက်နေ့မှဆို တစ်ခါတလေ ကိုကိုက မအားလို့ လိုက်မပို့နိုင်ရင် ဝတ်လွှာ စိတ်စနောင့်စနင်းဖြစ်မှာစိုးလို့ပါ”

“ရပါတယ် ကိုကိုရဲ့။ ငြိမ်း ... အဲ ... ဝတ်လွှာ ကိုကို့ကို





နားလည်ပါတယ်”

ဟူး ... ကံကောင်းလို့ပါလား။ ငြိမ်းက စကားပြောရင် ငြိမ်းက ... ငြိမ်းကလို့ ထည့်ပြောနေကျလေ။ ဒီဇာတ်မှာ သရုပ်ဆောင်ရမယ်ဆိုကတည်းက ကိုယ်သည် ဝတ်လွှာဖြစ်ဖို့ မနည်းကြိုးစားခဲ့ရတာ။ အစ်ကိုက နိုင်းလို့သာ ကူညီရတာ ဟန်ဆောင်လိမ်ညာခြင်းအလုပ်က မလွယ်ပါလား။

မကူညီချင်လို့လည်း မရဘူးလေ။

ငြိမ်းတို့ဘဝက နွမ်းပါးသည် မဟုတ်လား။ ဒါကို ကိုကြီးသိန်းသန်းထူးက ကူညီပေးမနေလို့သာ ခုလို ချောင်ချောင်လည်လည် ဘဝလေးနဲ့ ရပ်တည်နေရတာပါ။ ချစ်သူကလည်း အရမ်း ချမ်းချမ်းသာသာကြီး မဟုတ်ဘူးလေ။

ဒါကြောင့် ...

သူ့ဘက် ကိုယ့်ဘက် ရှေ့ရေးတွေ တွေးပြီး နိုင်ငံခြားကို ထွက်သွားရတာပါ။ ကိုကြီးသိန်းသန်းထူးရဲ့ကျေးဇူးတွေ ငြိမ်းတို့မိသားစုအပေါ်မှာ အများကြီးရှိနေတော့ ဒီကိစ္စခိုင်းတာကို ခေါင်းညိတ်ခဲ့ရတာပေါ့။

“ဟာ ... အစ်ကို ... အစ်ကိုဘုန်းခ”

“ဟင်”

ခေါ်သံကြားလို့ လှည့်အကြည့် သူ့အနားကိုရောက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



လမင်းသာပါ။

"အစ်ကိုကို ကျွန်တော် ဆိုင်ထဲဝင်လာကတည်းက ကြည့်နေတာမျှ . . . တူပါတယ်လို့၊ အခု တကယ် အစ်ကိုတို့ဖြစ်နေတာကိုး"

"ငါ့ကိုပဲ မြင်တာလားကွ"

"အဟဲ . . . အစ်ကိုကလည်း"

"ဝင်ထိုင်လေကွာ"

"ဟုတ်ကဲ့ပါ . . . အစ်ကို"

ဘုန်းခ ထိုင်ခိုင်းလိုက်တာနှင့် လမင်းက ဝင်ထိုင်လေသည်။ ပြီးတော့ သူ့အကြည့်က ယိမ်းဆီရောက်သွားတာ မြှားတစ်စင်းလို ပါပဲ။

"ဪ . . . ဝတ်လွှာနဲ့မိတ်ဆက်ပေးရဦးမယ် . . . ဝတ်လွှာ"

"ရှင် ကိုကို"

"မှတ်ထားနော် . . . သူ့နာမည်က လမင်းသာတဲ့။ ကိုကို့ဆရာလို့ ပြောလို့ရတဲ့ ကိုကို့မိတ်ဆွေတစ်ယောက်ရဲ့သားပါ"

"တွေ့ရတာ ဝမ်းသာပါတယ် မောင်လေး"

"ဟုတ်ကဲ့ အစ်မ၊ ကျွန်တော်လည်း အစ်မနဲ့ ခုလိုတွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ"

ဘုန်းခ ကိုယ့်ကိုယ်ကိုယ် ကိုကို . . . ကိုကိုနဲ့ ထည့်ပြောနေရတာ ပါးစပ်က ခပ်ယားယားပါ။ ဟူး . . . ဟန်ဆောင်လိမ်ညာခြင်း





ဆိုတာ ကိုယ့်အတွက်ကတော့ ကိုယ့်ကိုယ်ကိုယ် အကျဉ်းချလိုက်သလိုပါပဲ။

"လမင်းလည်း မှတ်ထားပေါ့။ သူက ပန်းဝတ်လွှာတဲ့"

"ဟုတ်ကဲ့ . . . မှတ်ထားပါ့မယ် အစ်ကို"

"လမင်း"

"ဟင်"

ခေါ်လိုက်တာက ယိမ်းမို့ လမင်း ပျာပျာသလဲဖြစ်သွားကာ–

"ယိမ်း ဘာပြောမလို့လဲ . . . ပြောလေ ယိမ်း"

"ရှင့်ကို အကူအညီတစ်ခုလောက် တောင်းချင်လို့ပါ။ ကိုကြီးက မဝတ်လွှာနဲ့ဆိုတော့ ယိမ်း သွားချင်တဲ့နေရာကို လိုက်ပို့ခိုင်းဖို့ အားနာလို့ပါ"

"ဟုတ်လား . . . ယိမ်းက ဘယ်ကိုသွားချင်လို့လဲ။ ယိမ်း သွားချင်ရင် ကိုယ် လိုက်ပို့မယ်လေ။ ဟို . . . အစ်ကိုက ခွင့်ပြုမယ်ဆိုရင်ပေါ့"

"ယိမ်းက ပြည်သူ့ရင်ပြင်ကို သွားချင်တာ လမင်းရဲ့။ အဟွန်း . . . ကစားချင်လို့လေ"

"ဟောဗျာ . . . ဒီအရွယ်ကြီးက ကစားချင်လို့ ဟုတ်လား"

"ဟာ . . . ဒီအရွယ်ကစားတော့ ဘာဖြစ်လဲ။ သူများတွေလည်း ကစားနေကြတာကို"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ... ဟုတ်ပါပြီဗျာ"

ပြောပြီး လမင်းက ဘုန်းခကိုကြည့်လေလျှင် သူ့ ပြုံးပြလိုက်ရသည်သာပေါ့။ ဒီလမ်းကို ကိုယ်ခင်းပေးခဲ့တာပဲလေ။ အခုမှ ကျောက်ကြမ်းမယ်၊ ဆူးစူးမယ်ဆိုတဲ့အကြောင်းပြချက်နဲ့ တားဆီးလို့ သင့်တော်မတဲ့လား။

"အစ်ကို"

"..."

"ကျွန်တော် ယိမ်းသွားချင်တဲ့နေရာကို လိုက်ပို့လိုက်မယ်နော်။ ဟိုလေ ... ကျွန်တော် အိမ်ရောက်အောင် ပြန်ပို့ပေးမှာပါ"

"အေးလေ ... သူက သွားချင်နေတယ်ဆိုတော့လည်း သွားပါ။ ဒါပေမဲ့ အိမ်ပြန်တာတော့ နောက်မကျစေနဲ့ပေါ့"

"ဟုတ်ကဲ့ပါ အစ်ကို"

လမင်း ယိမ်းကို ကြည့်လိုက်တော့ ယိမ်းက ခေါင်းညိတ်ပြီး ထရပ်လေသည်။ ယိမ်းပါးစပ်က ဒီလိုတောင်းဆိုခြင်းအတွက် လမင်း ရင်ထဲမှာတော့ မြင်မြင်ရသမျှ ပန်းတို့ ပွင့်နေသလိုပါပဲ။

"မမဝတ်လွှာ"

"ဟင်"

"ယိမ်းကို ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီ ညီမလေး"





နှုတ်ဆက်ပြီး ကျောခိုင်းထွက်လာခဲ့ခြင်းမှာ ဝမ်းနည်းခြင်းတို့သည် ကိုယ့်ကျောထဲကို ဖောက်ဝင်လာသော ကျည်တစ်တောင့်လိုပါပဲလား။ ကျောကနေ နှလုံးသားကို ဖောက်ထွက်သွားခဲ့တာလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ယိမ်း သူများတွေ ကစားနေတာကို ကြည့်ပြီး အသည်းတယားယားနှင့်ပါ။ အမြင့်မှာ ပုခက်လွှဲသလို လွှဲနေတာ သူတို့အစား ယိမ်းရင်ထဲမှာ အေးခနဲ အေးခနဲနှင့်ပါ။ အေးမှာပေါ့ အမြင့်မှာဖြစ်တဲ့ အပြင်ကို လွှဲနေတာက အရမ်းကြီးပဲလေ။

"ယိမ်း"

"..."

"ယိမ်း"

"ဟင်"

"ယိမ်း ကစားချင်တယ်ဆိုပြီး ဘာမှလည်း မကစားသေး





ပါလား။ အဲဒါကြီး စီးမလား"

"ဟင့်အင်း ... မစီးရဲပါဘူး ကြောက်စရာကြီးကို။ သူများစီးတာကို ကြည့်ရုံနဲ့တောင် ရင်ထဲကို အေးခနဲ အေးခနဲ ဖြစ်သွားတာပဲ"

"ဟား ဟား ... တော်တော်သတ္တိကောင်းတာပဲ၊ ဘာဖြစ်လဲ ယိမ်းရဲ့ သူများတွေတောင် စီးနေကြတာကို"

"ဟင့်အင်း မစီးရဲပါဘူး"

ယိမ်းက နှာခေါင်းလေး ရှုံ့၊ ပခုံးလေး တွန့်ပြောလေတော့ လမင်း အသည်းယားသွားလေသည်။ ကိုယ်နဲ့က ဘာမှမဆိုင်သေးလို့ပေါ့သာပေါ့။ ကိုယ့်ချစ်သူသာဆိုရင် နှာသီးဖျားလေး လိမ်ဆွဲမိမလား။ ပါးမို့မို့လေးကိုပဲ ဖျစ်ညှစ်မိမလား။

ဒါမှမဟုတ် ...

ပါးပြင်လေးကိုပဲ ဖျတ်ခနဲ ငုံနမ်းမိမလား မပြောတတ်တော့ပါဘူး။ အဲဒီအထဲက တစ်ခုခုတော့ လုပ်မိမှာ အသေအချာပါ။

"ဒါဆို ယိမ်း ဘာစီးမလဲ။ ရေလွှာမိကျောင်းစီးမလား"

"အင်း ... အဲဒါလောက်တော့ စီးရဲပါတယ်"

"ဒါဆို သွားစီးရအောင်"

"Ok"

နှစ်ယောက်သား ထွက်လာခဲ့ကြတော့သည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ရေလွှာမိကျောင်းစီးကြသည်လေ။ ချစ်သူတွေ မဟုတ်ကြပါပဲနှင့် အခုလို အတူသွား အတူလာ ရှိနေတာအတွက် မသိတဲ့လူတွေကတော့ ချစ်သူလို့ပဲ ထင်ကြမှာပေါ့။ တကယ်တမ်းမှာ လမင်းအဖြစ်က . . .

နာမည်ကြီး ထမင်းငတ်အဆင့် ရောက်နေတာလေ။ ဒါပေမဲ့ ကိုယ်က ချစ်တယ်လို့ ဖွင့်ပြောထားပြီးပြီပဲ။ သူ့ဘက်က လေပြေသွေး နေချိန်မှာ ကိုယ့်ဘက် သူ့မအချစ်ကိုရအောင် ယူနိုင်ဖို့ ကြိုးစားရမှာ ပေါ့။

"ယိမ်း"

"ဟင်"

"ကိုယ် ဗိုက်ဆာနေပြီ . . . တစ်ခုခုစားရအောင်နော်"

"လမင်း ဆာရင်စားလေ။ ယိမ်း ကစားလာခဲ့ပြီးပြီပဲဥစ္စာ၊ ထပ်မစားချင်တော့ပါဘူး"

"ကိုယ်က ယိမ်းအမြင်ပဲလေ။ ဘာမှမစားရသေးဘဲ ထလာ ခဲ့တာကို။ အဟဲ . . . အဲဒီတုန်းကတော့ ဗိုက်က အလိုလို ပြည့်သွား တာ"

သူ ဘာပြောချင်တယ်ဆိုတာ ယိမ်း သိတာပေါ့။ ဒါကြောင့် မျက်စောင်းထိုးလိုက်လေတော့သည်။ ဒါကို လမင်းကတော့ ပန်းမျက် စောင်းလို့ ထင်နေသလား မသိပါဘူး။ ရယ်နေသည်လေ။

"ယိမ်း"





". . ."

"ယိမ်းက ဘယ်လိုပဲနေနေ အရမ်းချစ်စရာကောင်းတာပဲ သိလား"

"ပြောတော့ ဗိုက်ဆာလို့ တစ်ခုခုစားမယ်ဆို . . . လာ . . . သွားရအောင်"

ယိမ်းက ရှေ့မှထွက်သွားတော့ လမင်းက နောက်မှလိုက်ရင်း ပန်းချင်း ယှဉ်လျှောက်မိကြတော့ လမင်းက သီချင်းလေး ခပ်တိုးတိုး ဆိုလေသည်။

အို ဒီမှာ ကောင်မလေးရယ် xxx တစ်ချက်လောက် လှည့်ကြည့်ကွယ် xxx

မင်းမျက်ဝန်းရဲ့အကြည့်ကို မျှော်လို့ပြီ xxx ဘယ်သူ့မြင်မှာလဲ ကွယ် xxx အပြုံးလေးတစ်ချက်နဲ့ကိုယ့်ကို ခဏလောက်တော့ အို xxx ပြုံးပြပါတော့ xxx မင်းရဲ့ပုံစံလေး မင်းမျက်နှာလေးကို xxx နှလုံးသားမှာ ငါ တကယ်ပဲ စွဲလမ်းလွန်းနေလို့ xxx

ပြောဖို့ခက်နေခဲ့ xxx စိုးထိတ်မှုတွေနဲ့ xxx

ချစ်တဲ့စကားလေးတစ်ခွန်းအတွက်ကို ပေးရမှာလား

အချိန်ခဏလေးနဲ့ ရင်ထဲမှာ xxx ကိုယ်တန်ဖိုးထားချစ်ခဲ့တာ xxx မင်းကို ငါ စိတ်ထဲက ကိုယ်လေမပြောပဲ မင်းသိပါ

ဒီရင်ထဲက အချစ်များစွာ xxx



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ငါ ချစ်လွန်းလို့ပါ ××× အိုး ×××

ယိမ်း လွန့်ခနဲ ပြုံးလိုက်မိသည်။ မချိုပြုံးလား၊ ခနဲ့ပြုံးလား ဆိုတာတော့ ကိုယ့်ကိုယ်ကိုယ်တောင် ဝေခွဲလို့ မရပါဘူး။ လမင်း ဒီသီချင်းကို ယိမ်းတို့အိမ်ရှေ့မှာလာဆိုလို့ ကိုကြီးနဲ့ ဆုံဖြစ်သွားတာလေ။ ဒါ ... သူ့တို့ကြားက ရေစက်လာတော့ မသိပါဘူး။

အဲဒီရေစက်က ...

ယိမ်းနှလုံးသားကို ဖွဲ့ခြွေဖို့များ ဖြစ်လာလေရော့သလား။

ဩော် ...

တွေးကြည့်တော့လည်း မဆိုင်ဘူး ထင်ပါရဲ့။ သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်ဆိုတာ အဲဒီပန်းက ကိုယ်မှမဟုတ်ပဲလေ။ ဒီတော့ လမင်းမဟုတ်လည်း ကိုကြီးက အခြားသူတစ်ယောက်နဲ့ ယိမ်းကို သဘောတူချင် တူမှာပဲဥစ္စာ။

"ယိမ်း"

"ဟင်"

"ကိုယ်တို့ ဒီဆိုင်မှာပဲ ဝင်စားကြရအောင်"

"လမင်းသဘောပဲလေ"

ဆိုင်ထဲဝင်ခဲ့ကြပြီး လမင်း ကစားစရာတွေ မှာလေသည်။ ဟုတ်တော့လည်း ဟုတ်ပါသည်။ လမင်း ဘာမှမစားခဲ့ရဘူးလေ။ ယိမ်းက သွားချင်တယ် လိုက်ပို့ပေးပါလားဆိုတာနဲ့ သူ့ခမျာ ထလိုက်





လာရှာတာ မဟုတ်လား။

"ယိမ်းက ဘာမှမစားမသောက်တော့ ကိုယ် မျိုလို့တောင်မကျချင်တော့ဘူး"

"ကဲ ... မျိုကျအောင် စားစမ်းပါ။ ယိမ်းက တကယ်မိုက်ပြည့်နေတာပဲဥစ္စာ"

"ယိမ်းကို ကိုယ် တစ်ခုမေးလို့ရမလား"

"မေးလေ"

မေးလေဆိုတော့ ချက်ချင်းမမေးပေ။ မိုက်အတော်ဆာနေလို့ ထင်ပါရဲ့။ ထမင်းနှစ်ဇွန်း သုံးဇွန်းဆက်စားပြီးမှ ...

"ယိမ်း ... ကိုယ့်မှာ သဘောမကျစရာအချက် ဘာရှိလဲ မသိဘူး။ ရှိရင်ပြောပြပါလား။ ကိုယ်ပြုပြင်နိုင်တာဆိုရင် ပြုပြင်ရအောင်ပါ"

ဩော် ... သူက သူ့မှာ ယိမ်းသဘောမကျတဲ့အချက်ရှိလို့ ပြန်မချစ်နိုင်ဘူးလို့ ထင်နေတာလား။

"မရှိပါဘူး။ လမင်းမှာ ယိမ်းတင်မဟုတ်ဘူး၊ အခြားမိန်းကလေးတွေ သဘောမကျလောက်စရာအချက်လည်း မရှိပါဘူး လမင်း။ လမင်းက အရာရာမှာ ပြည့်စုံမှုရှိတဲ့သူပါ"

"ဒါဆို ယိမ်း ကိုယ့်ကို ဘာလို့ပြန်မချစ်နိုင်တာလဲ"

"အဲဒါက ပြောရခက်တယ် လမင်းရဲ့။ နှလုံးသားရဲ့ဆန္ဒကို



www.burmeseclassic.com

www.burmeseclassic.com



သာ ဦးနှောက်က မတွန်းလှန်နိုင်တာ။ ဦးနှောက်ရဲ့ဆန္ဒကိုကျတော့ နှလုံးသားက လက်မခံနိုင်ဘူးလေ။ အဲဒီတော့ နှလုံးသားက လက်ခံမှ လမင်းကို ယိမ်း ချစ်နိုင်မှာပေါ့"

"ဒါဆို ယိမ်းနှလုံးသားက လက်ခံလာနိုင်တဲ့အထိ ကိုယ် ကြိုးစားရမှာပေါ့"

"ဒါပေမဲ့ . . . တစ်ခုတော့ရှိတယ် လမင်း"

"ဘာလဲ"

သူနဲ့ကို သဘောတူပါတယ်ဆိုတဲ့ ကိုကြီးရဲ့ဆန္ဒ။ သူနဲ့ဆိုရင် တကယ် စိတ်ချမ်းသာနိုင်မယ်လို့ ပြောတဲ့ ကိုကြီးစကား သူ စိတ်ချမ်းသာဖို့အတွက် . . .

"လမင်းကို ယိမ်း လက်ထပ်နိုင်ပါတယ်။ ယိမ်းဘဝကို နားလည်ပေးနိုင်မယ်ဆိုရင်ပေါ့"

"ကိုယ်က ဘာကိုနားလည်ပေးရမှာလဲ ယိမ်း။ ပြောကြည့်လေ"

"ယိမ်းရဲ့ဘဝကိုပေါ့"

လမင်း မျက်မှောင်လေး ကြုတ်လိုက်မိသည်။ ယိမ်းကပဲ စကားပြောပါးနပ်တာလား၊ ကိုယ့်အတွေးအခေါ်တွေကပဲ ညံ့ဖျင်းနေသလား။ လိုက်မမှီတော့ဘူးလေ။

"ယိမ်း . . . ဘာကိုပြောချင်တာလဲ။ ကိုယ့်ကို ပွင့်ပွင့်လင်း





လင်း ပြောပါလား"

"ယိမ်းရဲ့ဘဝမှန်ကို ပြောတာပါ"

"ယိမ်း ပြောကြည့်ပါ။ လက်ခံတာ, မခံတာကတော့ ကိုယ့်ဘက်က အပိုင်းပဲလေ။ တစ်ခုတော့ရှိတယ် ယိမ်း၊ ကိုယ် ယိမ်းကို ချစ်ခဲ့တာ အကြောင်းပြချက်မရှိဘူးလို့ ထင်တယ်၊ စတွေ့ဖူးလိုက်တုန်းက ယိမ်းရဲ့လုပ်ရပ်လေးကို သဘောကျတာ။ ယိမ်းရဲ့အလှအပကို စိတ်ဝင်စားတာ။ အခု အဲဒီလိုအကြောင်းပြချက်တွေ မရှိတော့ဘဲနဲ့ ယိမ်းကို ချစ်မိနေတာဆိုတာကိုတော့ ယိမ်း ယုံကြည်ပေးပါ"

ယိမ်း မသိမသာ ခေါင်းညိတ်လိုက်မိသည်။ ဒါဆိုလည်း ပြောပြရတော့မှာပေါ့။ ကိုယ့်ဘဝမှန်ကို သူ လက်ခံပေးနိုင်တယ်ဆိုရင်တော့ သူ့ကို မချစ်သည့်တိုင် လက်တွဲဖို့တော့ စဉ်းစားပေးရတော့မှာပေါ့။

"ယိမ်း . . . လိုရင်းတိုရင်းပဲ ပြောမယ် လမင်း"

"ပြောလေ"

"တကယ်တော့ ယိမ်းက ကိုကြီးမင်းဘုန်းခရဲ့ညီမဆိုတာ မဟုတ်ပါဘူး။ ဘာမှသွေးမတော် သားမစပ်ဘဲနဲ့ အကြောင်းတစ်ခုကြောင့် မွေးစားခဲ့ကြတယ်ပဲ ဆိုပါတော့"

"ဟင်"

"ယိမ်းက မိတမဲ့ပါ။ ပြီးတော့ အရမ်းဆင်းရဲတယ်။ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



တို့ ယိမ်းကို ဘာကြောင့်မွေးစားခဲ့ကြတာလဲဆိုရင် . . .”

ယိမ်း သူမရဲ့ဘဝမှန်ကို မချွင်းမချန်နှင့် အားလုံးပဲ ပြောပြလိုက်လေသည်။ ယိမ်းရဲ့အစ်ကိုရင်း ဆုံးသွားခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ပေါ့။ ပြီးတော့ ယိမ်းကို မွေးစားခဲ့ကြတာတွေ၊ ယိမ်း ခပ်ပြောပြပြီးလို့ စကားသံ တိတ်သွားချိန်မှာတော့ . . .

“အခုလို ယိမ်းရဲ့ဘဝမှန်ကို သိလိုက်ရတော့ ကိုယ် ယိမ်းကို ပိုချစ်သွားမိပြီ ယိမ်း”

“ဟင်”

“ဟုတ်တယ် ယိမ်း။ ယိမ်းက ရိုးသားစွာ ဝန်ခံတာပဲလေ။ အဲဒီစိတ်ကို လေးစားခြင်းပါ ပေါင်းပြီး ပိုချစ်သွားတာ။ ကိုယ်က လိမ်တဲ့ ညာတဲ့သူတွေဆိုရင်တော့ အရမ်းမုန်းတယ်”

လမင်းကလည်း စိတ်ထဲရှိတဲ့အတိုင်း ပြောပစ်လိုက်၏။ ဆင်းရဲတာ ဘာဖြစ်လဲ။ ရှင်ဘုရင်နဲ့ ညားရင် မိဖုရားဖြစ်သွားလိမ့်မယ်ပေါ့။ မိဘမဲ့ဖြစ်တာလည်း ပြဿနာမရှိဘူးလေ။ သူမမှာ မိဘမရှိတော့ ကိုယ့်မိဘတွေကို သူမရဲ့မိဘအရင်းတွေလို သဘောထားနိုင်တာပေါ့။

❁ ❁ ❁



## အခန်း (၂၇)

ယိမ်း . . . သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်ဆိုတဲ့ ကဗျာလေးကို အလွတ်ရနေခဲ့ပြီလေ။ ဒီကဗျာကို စတွေ့ကတည်းက ကိုကြီးရဲ့ account နာမည်လေးကို မှတ်ထားပြီး ကိုယ့်ဖုန်းထဲကနေ ရှာဖတ်နေခဲ့တာပါ။ အစကတော့ ကိုကြီး account ကို ယိမ်း မသိခဲ့ဘူးလေ။

တစ်ယောက်နဲ့တစ်ယောက် မစပ်စုခဲ့တာပဲပေါ့။ သိလိုက်ပြီဆိုကတည်းက ယိမ်း account အသစ်သုံးပြီး ကိုကြီး account ကို add ထားလိုက်တာပါ။ ခဏခဏ ဖွင့်ကြည့်ဖြစ်ပေမယ့် နှစ်ရက်ကြာမှ friend အဖြစ် လက်ခံတာလေ။

ဪ . . . ကိုကြီးရယ် . . .



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မဟုတ်မှန်းသိသိနဲ့ကိုပဲ ယိမ်း ရူးနေမိပါပြီ။

"ယိမ်း"

ဉမ္မာခေါ်တော့ ယိမ်းက ဉမ္မာ့ကို ငုံ့ကြည့်လေလျှင် . . .

"ကိုကြီးနဲ့လမင်းကြားမှာ နှင် ဘယ်လိုဆုံးဖြတ်မှာလဲ ယိမ်း"

"အဖြေက ရှင်းရှင်းလေးပါ ဉမ္မာရယ်။ ကိုကြီးကြိုက်တဲ့ ကဗျာထဲက ပန်းက ငါမဟုတ်ဘူးဆိုမှတော့ ငါ့မှာ ရွေးချယ်စရာတစ်လမ်းပဲ ရှိတော့တာ မဟုတ်လား။ ကိုကြီး စိတ်ချမ်းသာဖို့အတွက် ငါ လမင်းကိုပဲ ရွေးချယ်ရတော့မှာပေါ့"

"မဟုတ်သေးဘူး ယိမ်း"

"ငါ ဆုံးဖြတ်ပြီးပြီ ဉမ္မာ"

"နှင် ငါ့စကားကို ဆုံးအောင်နားထောင်ဦးလေ ယိမ်းရဲ့"

"ဟုတ်သားပဲ ယိမ်းရယ်။ ဉမ္မာစကားက လိုရင်းကိုမှ မရောက်သေးတာဟာ။ သူ ဘာပြောမှာလဲ ဆုံးအောင်ပဲ နားထောင်ကြည့်ပါဦးဟာ"

တိတွန့်တယ်လို့ပဲ ပြောရမလား မသိတော့ပါဘူး။ ဒီတစ်ခါတော့ သီရိက ဝင်ပြောသည်လေ။ ဒါလည်း သိပ်တော့မဆန်းပါဘူး။ ယိမ်းနဲ့ဉမ္မာလို စကားများ စကားတတ်တွေနဲ့ ပေါင်းမှတော့ သူလည်း ဒီလောက်တော့ ပြောတတ်လာရောပေါ့။

"ကဲ . . . ဟုတ်ပါပြီ။ ဘာပြောချင်တာလဲ . . . ပြော"





"ဟာ . . . နှင့်လေသံကလည်း"

"ဘာဖြစ်လို့လဲ"

"စိတ်မရှည်သံကြီးနဲ့ဆိုတော့ ပြောရမယ့်လူ ပါးစပ်တွန့်တာပါဟဲ့"

"နှင်ကလည်း လက်တွန့်တယ်ပဲ ကြားဖူးပါတယ်ဟယ်"

သီရိက ဝင်ပြောလေတော့ . . .

"အခု လက်က ပြောမှာမဟုတ်ဘူးလေဟယ်။ ပါးစပ်က ပြောမှာဆိုတော့ ပါးစပ်တွန့်တယ်ပဲ ပြောရမှာပေါ့"

"ကဲ . . . ပြောမှာသာ ပြောစမ်းပါ။ အဲ မှားလို့ . . . ဟုတ်ကဲ့ ပြောပါရှင် မဉမ္မာ . . . ကျွန်မယိမ်းနဲ့ ဟန်က ပြောလာမယ့်စကားကို နားဆင်လျက်ပါရှင်"

"ငါ့ကို မရွဲ့နဲ့"

ဉမ္မာက ယိမ်းလက်မောင်းကို မနာအောင် ဖွဖွလေးရင်း မျက်စောင်းလည်း ထိုးလေသည်။

"ကဲ . . . နှင် ဘာပြောမှာလဲ၊ ပြောမှာသာ ပြောစမ်းပါ"

"အေး . . . ပြောမယ်။ ကိုကြီး စိတ်ချမ်းသာဖို့အတွက်ဆိုပြီး နှင် ရင်းနှီးရမယ့် အရင်းအနှီးက ကြီးတယ်နော် ယိမ်း။ ဘဝတစ်ခုလုံး ရင်းလိုက်ဖို့ မလိုဘူးလို့ ငါထင်တယ်။ နှင် လမင်းကို မချစ်ဘဲနဲ့ လက်ထပ်ဖို့အထိ ဆုံးဖြတ်တယ်ဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ နားလည်ပါတယ်၊ ဒါပေမဲ့ ကိုကြီးက အဲဒီလိုဖြစ်စေချင်တာပဲလေ"

"ဟဲ့ ... သူဖြစ်စေချင်တိုင်း ဖြစ်ခွင့်ပေးရအောင် နင်က သက်မဲ့စက်ရုပ်မဟုတ်ဘူးလေ။ နှလုံးသားနဲ့လူ။ အချစ်မပါတဲ့ အိမ်ထောင်ရေးကို တည်ဆောက်လိုက်ရင် နင်ပဲ နစ်နာဆုံးရှုံးမှာလေ။ နင်ပဲ စိတ်ဆင်းရဲရမှာ"

ယိမ်း မဲ့ပြုံးလေး ပြုံးလိုက်မိသည်။ ဒါတွေကို ကိုယ်လည်း မတွေးခဲ့တာမှ မဟုတ်ပဲလေ။ တွေးတာပေါ့ ... တွေးလွန်းတော့ စိတ်တွေလည်း မွန်းကျပ်နေပါပြီ။ ငယ်ငယ်ကတည်းက တွယ်ငြိလာခဲ့တဲ့ သံယောဇဉ်။ အရွယ်ရောက်လာတော့ မသိစိတ်ထဲမှာ အချစ်က နိုဝင်ကိန်းအောင်းနေခဲ့တာပဲ။

အချစ်တဲ့ ...

ဒီစကားလေးနှစ်ခွန်းက ရင်ဘတ်တစ်ခုလုံးကို မီးလောင်ပြာကျဖြစ်စေသတဲ့သာ။

"ကိုကြီးဆီကနေ ငါ့အတွက် မျှော်လင့်ချက်မှ မရှိနိုင်တော့ပဲ ဥမ္မာရယ်။ လမင်းမဟုတ်လည်း အချိန်တန်ရင် ငါ အခြားတစ်ယောက်ယောက်ကို လက်ထပ်ရမှာ သေချာပါတယ်။ ကိုကြီးတို့မိသားစုက ငါ့ရဲ့ကျေးဇူးရှင်တွေဆိုတော့ ကျေးဇူးရှင်တွေရဲ့ဆန္ဒကို ငါ လွန်ဆန်နိုင်မှာ မဟုတ်ဘူးလေ။ အချိန်တန်ရင် ပြောလာကြမှာ မြေကြီးလက်





ခတ်မလွဲပဲ"

"ဘာပြောမှာလဲ"

"မိန်းမတစ်ယောက်အတွက် လုံခြုံမှုပေးနိုင်မယ့် ရင်ခွင်တစ်ခု လိုတယ်လို့လေ။ အဲဒီတော့ ဘာထူးမှာလဲ ... ငါက မချစ်နိုင်ပေမယ့် ငါ့ကို တကယ်ချစ်တဲ့ လမင်းကို လက်ခံလိုက်တာမှ သူ့အချစ်တွေနဲ့ ငါ ပျော်မွေ့နိုင်စရာ ရှိသေးတယ်လေ"

ဥမ္မာနဲ့သီရိ ... ယိမ်းကိုကြည့်ပြီး သနားနေမိကြသည်။ သူ့ခမျာ နှလုံးသားစစ်ဆင်ရေးမှာ ပွဲဦးထွက်ကတည်းက လဲပြိုကျဆုံးခဲ့ရတာပဲ။ သနားလို့ဆိုပြီး ကိုယ်တွေလည်း ဘာမှကူညီမပေးနိုင်။

"အေးလေ ... နင် လက်ခံမယ်ဆိုလည်း လမင်းကို လက်ခံသင့်ပါတယ်။ တစ်ချိန်ချိန်မှာ လမင်းရဲ့အချစ်တွေက နင့်ရဲ့စိတ်ကို ပြုပြင်ပြောင်းလဲပေးနိုင်ချင် ပေးနိုင်တာပဲဥစ္စာ"

"အမယ် ... မယ်သီရိ စကားတွေ တတ်လာပါလား"

"နင်ကလည်း ငါ စကားများများ မပြောတတ်ပေမယ့် စဉ်းစားတတ်တဲ့ ဦးနှောက်တော့ ရှိပါတယ်ဟ"

"အေးပါ ... အေးပါ"

"ကလင် ... ကလင် ... ကလင်"

"ဟင်"

ယိမ်းရဲ့ဖုန်းက အသံမြည်လာသဖြင့် ယိမ်း ဖုန်းလုံးလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲပြီး နားမှာကပ်လိုက်ကာ . . .

"ဟယ်လို"

"ယိမ်း . . . ကိုယ်ပါ ယိမ်းရဲ့"

ယိမ်း မျက်မှောင်လေး ကြုတ်သွားပြီး . . .

"ဘယ်က ကိုယ်လည်းမသိဘူး . . . ဟို စိတ်မရှိပါနဲ့နော်။ တကယ်မသိလို့မေးတာပါ"

တစ်ဖက်မှ ရယ်သံသဲ့သဲ့ ကြားလိုက်ရပြီး . . .

"ကိုယ် လမင်းပါ ယိမ်းရဲ့။ ကိုယ့်အသံတောင် မမှတ်မိဘူးလား"

"ဩော် . . . အပြင်မှာနဲ့ ဖုန်းထဲမှာ ဘယ်တူမှာလဲ လမင်းရဲ့။ တစ်ခါမှ မဆက်ဖူးတော့ မေးရတာပေါ့။ ယိမ်း ဖုန်းနံပါတ် ဘယ်က ရတာလဲ မသိဘူး"

"ကိုယ်က လိုချင်တဲ့သူဆိုတော့ စုံစမ်းရတာပေါ့ ယိမ်းရဲ့"

"ထားပါ . . . လမင်း ဘာပြောမလို့လဲ ပြောလေ"

"ဝမ်းသာစရာ သတင်းကောင်းပြောမလို့ ယိမ်း။ နားထောင်မှာလား"

"နားထောင်နေတာပဲလေ လမင်းရဲ့"

ဉမ္မာက စပ်စုတတ်သူပီပီ ဖုန်းအနားသို့ သူမ၏နားလေးကို လိုက်ကပ်ပြီးနားထောင်လေလျှင် ယိမ်း မျက်စောင်းထိုးလိုက်မိတော့၏။





"ကိုယ် . . . ယိမ်းအကြောင်း ဖေဖေနဲ့မေမေကို ဖွင့်ပြောပြလိုက်ပြီ။ ကိုယ့်မိဘတွေက သား တကယ်ချစ်တဲ့ မိန်းကလေးဆိုရင် သဘောတူပါတယ်တဲ့။ ကိုယ် ဘယ်လောက် ဝမ်းသာနေလဲ ယိမ်း သိလား"

"ဩော် . . . ဟုတ်လား"

လမင်းက ဝမ်းသာနေသလို လမင်းကို တကယ်ပြန်ချစ်နိုင်မယ့် မိန်းကလေးဆိုရင် လမင်းနဲ့ ထပ်တူထပ်မျှ ဝမ်းသာရမှာပေါ့။ ယိမ်းအတွက်ကတော့ မထူးဆန်းပါဘူးလေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ညီမလေး"

"..."

"ညီမလေး"

"..."

"ညီမလေး ... ကိုကြီးခေါ်နေတယ်လေ။ ထတော့ ... ထတော့။ အိပ်ပုပ်ကြီးလိုက်တာကွာ။ ကလေးလေးက လိမ္မာတယ် ... ထတော့။ အိပ်ရာထ၊ သွားတိုက်၊ မျက်နှာသစ်၊ ရေချိုး။ ပြီးရင် ခါးခါးလီမ်းရမယ်"

ပါးပြင်ဆီမှာ နွေးခနဲဖြစ်သွားသဖြင့် ယိမ်း ပြုံးလိုက်မိသည်။





ကိုကြီးက ယိမ်းကို အိပ်ရာက နိုးရင် ဒီလိုပဲ နမ်းနေကျပါ။ ယိမ်း မျက်လုံးမဖွင့်သေးဘဲ ကိုကြီးလည်ပင်းကို လှမ်းဖက်လိုက်သည်။ ဒါဆို ယိမ်း နိုးနေပြီဆိုတာကို ကိုကြီး သိသည်လေ။ ကိုကြီးက ယိမ်းကို ပွေ့ချီလိုက်ရင်း ...

"နိုးနေတာကို မျက်လုံးက မဖွင့်ဘူး ... ကဲကွာ"

ကိုကြီးက ယိမ်းကို ပွေ့ချီပြီး ယိမ်းပါးပြင်လေးကို ထပ်နမ်းလေသည်။ ယိမ်းရယ်ရင်း မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ ...

"ဟင်"

ယိမ်း မျက်လုံးတွေ ဖွင့်လို့မရပါလား။ အခုမှ ယိမ်း သတိထားလိုက်မိတာသည် ယိမ်းတစ်ကိုယ်လုံး လှုပ်လို့မရအောင် လေးလံနေပြီး မျက်ခွံတွေကလည်း ဖွင့်လို့မရအောင် လေးလံနေသည်။ ယိမ်း အားယူပြီး ကိုယ်ကို လှုပ်ကြည့်တော့လည်း မရ။

မျက်လုံးကို ဖွင့်ကြည့်တော့လည်း မရပေ။ ဘာဖြစ်တာလဲ။ ယိမ်း ဘာဖြစ်တာလဲ။ ကယ်ကြပါ ... ကိုကြီး ယိမ်းကို ကယ်ပါ။ ယိမ်း လှုပ်လို့မရတော့ဘူး။ ယိမ်း မျက်လုံးတွေ ဖွင့်ကြည့်လို့မရတော့ဘူး။

"ညီမလေး"

"..."

"ညီမလေး ... မျက်လုံးဖွင့်ပြီး ကိုကြီးကို ကြည့်လေ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦးညီမလေးရဲ့"

"ဟင့်အင်း ... အဟင့်"

"ကြည့်လေ ... မျက်လုံးဖွင့်"

"ကိုကြီး ညီမလေး မျက်လုံးဖွင့်လို့မရဘူး။ ကိုယ်ကလည်း လှုပ်လို့မရဘူး။ ကိုကြီး ... ညီမလေးကို ကယ်ပါ"

ယိမ်း ကိုကြီးကို ပြောပြနေပေမယ့် အချည်းအနှီးသာ။ ယိမ်း ပြောတာတွေကို ကိုကြီးက မကြားဘူး။ ယိမ်းစကားပြောတာ အသံရော ထွက်ရဲ့လား။ ဟုတ်တယ် ယိမ်းအသံက တိုးလွန်းတာလား။ မထွက်တာလား။ ကိုကြီးကြားအောင် ဘယ်လိုပြောရမလဲ။ ကိုကြီးရေ

"ညီမလေး"

"အဟင့်"

ယိမ်း ငိုနေတာကို ကိုကြီးမမြင်ဘူး ထင်ပါရဲ့။ ညီမလေး လို့သာ တဖွဖွခေါ်နေတော့သည်။

"ရဲရင့်"

"..."

"ဟော့ကောင် ရဲရင့်"

"ဗျာ"

အိမ်ရှေ့ကနေ စူးစူးဝါးဝါးအော်ခေါ်သံကြောင့် ကိုကြီးရဲ့ ထူးသံက ပျာပျာသလဲပါ။ ဘယ်သူခေါ်တာလဲ။ ယိမ်း မျက်လုံးကို





အားယူပြီး ဖွင့်ကြည့်တော့ ကိုကြီးမျက်နှာကို သဲသဲကွဲကွဲမမြင်ရပေ။ ဓာဓာက မြင်နေရတာပဲလေ။ ဟာ ... ငါ ဘာဖြစ်နေတာလဲ။

အိပ်မက်မက်နေတာလား ...

မျက်လုံးက ဖွင့်မရဘူးဆိုပြီး အခုကျတော့ အားလုံးကို မြင်နေရပြန်သည်။ အိမ်ရှေ့က ခေါ်တဲ့သူကိုတော့ မမြင်ရပါဘူး။ ဘယ်သူခေါ်တာလဲ။ ဟိုဘက်အိမ်က ဦးလေးသန်းလား။

"ဟော့ကောင် ... ပြန်လာခဲ့တော့လေ။ မြန်မြန်ပြန်လာခဲ့ တော့"

"ဟုတ်ကဲ့ လာပါပြီ"

"ကိုကြီး"

ကိုကြီး အမြန်ထသွားတော့ ယိမ်း ကိုကြီးလက်ကို အတင်း ဆွဲထားလိုက်မိသည်။ ကိုကြီးက ယိမ်းလက်တွေကို ဖယ်ချသည်လေ။

"ကိုကြီး ... ကိုကြီးညီမလေးကို မထားခဲ့ပါနဲ့။ ညီမလေး ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့ ကိုကြီးရယ်။ ညီမလေးကို ခေါ် သွားပါ။ ညီမလေး ကိုကြီးနဲ့ လိုက်ခဲ့ပါရစေ ... အိ ... ဟီး"

"မရဘူး ... ညီမလေး လိုက်လို့မရဘူး"

"ကိုကြီး"

"ဟော့ကောင် ရဲရင့် ... အခုထိ မလာသေးဘူးလားကွ"

"လာပြီ ... လာပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး မသွားပါနဲ့ . . . ညီမလေးကိုပါ ခေါ်ပါ"

"ညီမလေးကို ကိုကြီး ခေါ်လို့မရလို့ပါ ညီမလေးရယ် . . . ကိုကြီး သွားတော့မယ်နော်"

ကိုကြီးက ယိမ်းလက်ကို ဖယ်ချခဲ့ပြီး အတင်းပြေးထွက်သွားလေလျှင် . . .

"ကိုကြီး . . . ကိုကြီး မသွားပါနဲ့"

"ယိမ်း"

"ကိုကြီးရေ . . . ညီမလေးကို မထားခဲ့ပါနဲ့ . . . ဟီး ဟီး"

"ယိမ်း"

"အီး . . . ဟီး . . . ဟီး"

"ယိမ်း"

". . ."

"ယိမ်း ဘာဖြစ်တာလဲ . . . ယိမ်း"

"အင် . . . ဟင်"

တစ်ယောက်ယောက်က ယိမ်းပခုံးကို ခွဲလှုပ်ပြီး ခေါ်လေတော့ ယိမ်း လန့်ဖျပ်ပြီး မျက်လုံးကို ဖွင့်ကြည့်လိုက်မိလေသည်။

"ဟင်"

"ယိမ်း ဘာဖြစ်တာလဲ"

သူ့မျက်နှာနှင့် အနီးကပ်ရှိနေသော မျက်နှာတစ်ခုသည်





ယိမ်းရဲ့ ကိုကြီးရဲ့ရုပ်မဟုတ်ပေ။ ကိုကြီး မင်းဘုန်းခ။ ယိမ်းကို စိုးရိမ်တဲ့ မျက်လုံးတွေနဲ့ ကြည့်နေတာ ကိုကြီးဘုန်းခပါပဲ။ ယိမ်း အိပ်မက် မက်နေတာပါလား။ အိပ်မက်ထဲမှာ ကိုကြီးကို တွေ့လိုက်ရတာ အလွမ်းပြေသလို ရှိသွားပေမယ့် အခုကျတော့ ဝမ်းနည်းစွာ မျက်ရည်တွေက ပိုးပိုးပေါက်ပေါက်နှင့် ကျလာပြန်သည်။

"အဟင့် . . . ဟင့်"

"ယိမ်း . . . ဘာဖြစ်လို့လဲ ကိုကြီးကို ပြောပြစမ်း။ ညနေဘက်ကြီး အိပ်ပျော်ပြီး အိပ်မက် မက်နေတာလား။ ဟုတ်လား ယိမ်း"

ယိမ်း ခေါင်းပဲညိတ်ပြလိုက်မိသည်။ အခုလိုကျတော့ ယိမ်းအတွက် ကိုကြီးက စိုးရိမ်တတ်ပြန်ရောလား။

"ဒေါ်ဦးရေ . . . ဒေါ်ဦး"

"လာပြီး . . . မောင်ဘုန်းခ"

"လူချည်းပဲမလာနဲ့ ဒေါ်ဦး၊ သောက်ဖို့ ရေတစ်ခွက် ခပ်လာခဲ့ပေးပါ"

"အေး . . . အေး"

ဒေါ်ဦးကို လှည့်ပြောပြီး ယိမ်းဘက်သို့ ပြန်လှည့်လာချိန်မှာတော့ . . .

"ဘာတွေအိပ်မက် မက်နေလို့လဲ ယိမ်းရဲ့။ ကြည့်ပါဦး စိတ်တွေ လှုပ်ရှားနေတယ်ထင်တယ်။ အိပ်မက်ပဲ ယိမ်းရယ် . . . ငို



www.burmeseclassic.com

www.burmeseclassic.com



မနေနဲ့တော့နော်''

ပြောရင်း သူကိုယ်တိုင် မျက်ရည်တွေ သုတ်ပေးလေတော့ ယိမ်း သူ့လက်ကို ဖယ်ပစ်လိုက်လေသည်။ ပြီးမှ ကိုယ့်ဘာသာပဲ သုတ်လိုက်တာပေါ့။ ကိုကြီးရဲ့ကြင်နာယုယမှုတွေကို ယိမ်း မလိုချင်တော့ပါဘူးလေ။

''ယိမ်း ... ယိမ်း ကိုကြီးကို အိပ်မက်မက်နေတာပါ''

''ဟင်''

ကိုကြီးဆိုတော့ ကိုယ့်ကို အိပ်မက်မက်တယ်လို့ထင်ပြီး ဘုန်းခ သက်ပြင်းလေးချလိုက်မိသည်။ အိပ်မက်ဆိုတာ ဆန္ဒရဲ့ခြေရာလို့ အချို့က ပြောမှုကြတယ်လေ။ ကဗျာနဲ့ ပတ်သက်ပြီးတော့ ယိမ်းရင်ထဲမှာ ဘာတွေရှိနေသလဲ။ တွေးတာတော့အရွယ်ဆိုတော့ ...

သူလည်း တွေးမှာပဲလေ။

ကိုယ့်မှာလည်း စောစောက ယိမ်းအိပ်မောကျနေပုံကိုကြည့်ပြီး တိတ်တိတ်လေး နိုးနမ်းမိတဲ့အဖြစ်ကို ပြန်တွေးပြီး စိတ်က သိပ်မလုံပေ။

''အိပ်မက်ထဲမှာ ယိမ်း ကိုကြီးကို တွေ့ရတယ်။ ကိုကြီးက ယိမ်းကို အိပ်ရာက နှိုးနေတာလေ။ ပြီးတော့ သွားတိုက်၊ မျက်နှာသစ်၊ ပြီးရင် ခါးခါးလိမ်းရမယ်တဲ့။ ကိုကြီးက ... ကိုကြီးက ယိမ်းကို နမ်းလိုက်တဲ့အချိန်မှာ ...''





''ဟာ''

မြတ်စွာဘုရား ကယ်တော်မူပါ။ ကိုယ် တကယ်နမ်းလိုက်မိတာက အိပ်မက်ထဲအထိရောက်သွားသလား။ ဒါမှမဟုတ် ယိမ်း အိပ်ချင်ယောင်ဆောင်နေတာများလား။

''အပြင်ကနေ ရဲရင့်လို့ ခေါ်သံကြားပြီး ကိုကြီးကို ပြန်ခေါ်ကြတယ်။ ကိုကြီးက အတင်းပြန်သွားတော့ ယိမ်း အော်ခေါ်ပြီး ငိုနေမိတာ''

''ဒါဆို ... ကိုကြီးဆိုတာ ရဲရင့်ကို အိပ်မက်မက်တာလား''

ယိမ်း ခေါင်းညိတ်ပြလေတော့မှ ဘုန်းခ အသက်ရှူချောင်သွားရတော့သည်။

ဟူး ... တော်ပါသေးရဲ့။

ကိုယ်ထင်တာနဲ့ လွဲသွားတာအတွက် ယိမ်းရဲ့အိပ်မက်ကိုပဲ ကျေးဇူးတင်ရမလိုလို၊ အိပ်မက်ထဲရောက်လာတဲ့ ရဲရင့်ကိုပဲ ကျေးဇူးတင်ရမလိုလိုပါ။

''ကိုကြီးကို ... ကိုကြီးကို ... ယိမ်း သတိရလိုက်တာ ကိုကြီးရယ်''

''အိပ်မက်မက်တော့ မြင်လိုက်ရတယ် မဟုတ်လား။ အဲဒါနဲ့ပဲ အလွမ်းဖြေလိုက်ပါ ယိမ်းရယ်။ မငိုနဲ့တော့နော်''

''မောင်ဘုန်းခ ... ရေရပြီ''



www.burmeseclassic.com

www.burmeseclassic.com



"ဪ . . . ဒေါ်ဦး"

ဘုန်းခ လှည့်ကြည့်ပြီး ဒေါ်ဦးလက်ထဲက ရေဖန်ခွက်ကို ယူလိုက်လေသည်။

"ရော့ . . . ရေသောက်လိုက်နော်"

ယိမ်း ဖန်ခွက်ကိုကိုင်ပြီး ရေသောက်နေချိန်မှာ အခုမှရောက်လာပြီး ဘာမှနားမလည်တဲ့ ဒေါ်ဦးက . . .

"ယိမ်း . . . ဘာဖြစ်လို့လဲ မောင်ဘုန်းခ"

"ရဲရင့်ကို အိပ်မက်မက်နေလို့တဲ့လေ"

"ဪ . . . ဟုတ်လား"

ဒေါ်ဦး စိတ်မကောင်းဖြစ်သွားရသည်။ ယိမ်းခမျာ သူ့အစ်ကိုကို သတိရနေမှာပေါ့။ ကံဆိုးလိုက်တဲ့ကလေး။ မိဘမဲ့ဖြစ်ရတဲ့အပြင် အစ်ကိုလုပ်တဲ့သူက ထပ်ဆုံးတော့ တစ်ကောင်ကြွက်ဘဝနဲ့ ကျန်ရစ်ခဲ့ရသူလေးပါ။ ဒီအိမ်မှာ ပြည့်စုံချမ်းသာစွာနေရပေမယ့် သူ့မဘဝမှန်ကို မမေ့ဘူးတဲ့။

အခု . . .

နှလုံးသားရေးကိစ္စမှာလည်း ကံမကောင်းရှာတဲ့သူ။ သူ့မမျှော်လင့်မထားတာတွေဖြစ်လာတော့ ခံစားနေရတာပေါ့။ ကိုယ့်ကို အမေတစ်ယောက်လိုသဘောထားပြီး ရင်ဖွင့်ပေမယ့် ဘာဘာနဲ့ကြီးကြီးမသိပါစေနဲ့တဲ့။





"ရော့ . . . ဒေါ်ဦး"

ပြန်ပေးတဲ့ ရေဖန်ခွက်ကို ဒေါ်ဦး ယူလိုက်ပြီး . . .

"ဒေါ်ဦး ဘာလုပ်ပေးရဦးမလဲ . . . မောင်ဘုန်းခ"

"ရပါပြီ ဒေါ်ဦး"

"အေး . . . အေး . . . ဒါဆို ဒေါ်ဦး သွားမယ်နော်"

"ဟုတ်ကဲ့"

ဒေါ်ဦး လှည့်ပြန်သွားတော့မှ ဘုန်းခ ယိမ်းဘေးမှာ ဝင်ထိုင်လိုက်ပြီး . . .

"နေ့ဘက် အိပ်တာတောင် အိပ်မက်တွေ,ဘာတွေ မက်အောင် အိပ်တယ်။ တော်တော် အိပ်ပုပ်ကြီးတဲ့ ကောင်မလေးပဲ"

ပြောပြီး ယိမ်းရဲ့ဆံပင်လေးတွေကို သပ်တင်ပေးလေတော့ ယိမ်းရင်ထဲမှာ တစ်မျိုးကြီးပါပဲ။ မမဝတ်လွှာကိုရော သူ ဒီလိုပြုမူဆက်ဆံသလားတော့ မသိပေ။ ယိမ်း သိချင်လိုက်တာ။ ယိမ်းကို တကယ်ပဲ ညီမလေးအရင်းလို ချစ်တာလား ကိုကြီးရယ်။

"နောက်ကျ အိပ်ချင်ရင် ခုလို ဧည့်ခန်းထဲမှာ မအိပ်ရဘူးနော် ယိမ်း"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ . . . ယိမ်းက မိန်းကလေးလေ။ ကိုယ့်အိမ်မှာ ကိုယ်အိပ်တာဆိုပေမယ့် မတော်တဆ ဧည့်သည်တွေ၊ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



လာတာနဲ့တိုးရင် ဘယ်ကောင်းမှာလဲ ယိမ်းရဲ့"

"ဟုတ်ကဲ့ . . . နောက်ကို ယိမ်း ဆင်ခြင်ပါ့မယ် ကိုကြီး။ အခုလည်း ဘဘနဲ့ကြီးကြီး ပြန်အလာကို စောင့်ရင်းနဲ့ အိပ်ပျော်သွားတာပါ"

"ဟုတ်ပါပြီ၊ ကိုကြီးကလည်း ယိမ်းကို အပြစ်တင်တာ မဟုတ်ပါဘူး။ နောက် ဆင်ခြင်ဖို့ပဲ ပြောတာ"

ယိမ်း ကိုကြီးမျက်နှာကို မော့ကြည့်မိလိုက်သည်တွင် စိတ်ထဲမှာ ဖြစ်တည်သွားခြင်းသည် ကိုကြီးမေးဖျားလေးကို ကိုင်ကြည့်ချင်မိတာပါ။ ဒါပေမဲ့ အဲဒီအခွင့်အရေး ကိုယ့်မှာမရှိဘူးလေ။ ဒါကြောင့် ငေးကြည့်မိရုံပဲပေါ့။ ရေစက်တဲ့ . . . အစကတည်းက ပေါင်းခွင့်မရှိရင် မဆုံပေးပဲ နေလိုက်ပါတော့လားနော်။

"ပြောတာကြားလား"

ဒီတော့မှ ယိမ်း ခေါင်းလေးပြန်ငုံ့သွားပြီး . . .

"ကြားပါတယ်"

"ကဲ . . . အိပ်မက်,မက်ပြီး ငိုထားတာ မျက်ရည်တွေခြောက်တော့ မျက်နှာက ပြောင်သလင်းဖြစ်နေပြီ။ လန်းသွားအောင် ရေသွားချိုးလိုက်နော်။ ပြီးရင် အလုပြင်လာခဲ့။ ရသလောက်အချိန်လေးနဲ့ ရွှေပင်းထွက်ကြတာပေါ့ . . . နော်"

ယိမ်း ပခုံးလေးကိုဖက်ပြီးပြောတော့ ယိမ်း ခေါင်းဆါလိုက်မိ





သည်။ ဝေဒနာတွေ တိုးအောင်မလုပ်ပါနဲ့ ကိုကြီးရယ်။

"ယိမ်း . . . ဘယ်မှသွားချင်စိတ်မရှိလို့ ကိုကြီး။ အခန်းထဲမှာပဲ အေးအေးဆေးဆေး အိပ်နေလိုက်တော့မယ်"

ပြောပြီး ယိမ်း ထထွက်လာခဲ့လေတော့သည်။ အတွေတွေသွားပြီး ပခုံးချင်းယှဉ်လျှောက်ရတာကို သာယာမနေချင်တော့ပါဘူးလေ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ဒေါ်စိုးစိုးစံတစ်ယောက် ယိမ်းကို အိမ်ထဲမှာရှာတာ နှံ့နေပါပြီ။ ရှာလို့မတွေ့တာနှင့် ခြံထဲဆင်းလာခဲ့တော့ ထင့်တဲ့အတိုင်းပါပဲ။ ဒန်းပေါ်မှာ ယိမ်း ထိုင်နေသည်လေ။ ဒီကလေး ဘာ့ဖြစ်နေပါလိမ့်။ အရင်ကဆို ဘာပဲလုပ်လုပ် လက်သွက်ခြေသွက် အာသွက်လျှာသွက်နဲ့ . . .

အမြဲတမ်း ကလေးတစ်ယောက်လို ပေါ့ပါးဖျတ်လတ်ပြီး ချွဲနွဲ့နေသူလေးပါ။ အခုနောက်ပိုင်းမှာ တစ်ယောက်တည်း သီးသန့်နေတာတွေ များလာပြီလေ။ ဒေါ်စိုးစိုးစံ . . . ယိမ်းဆီသို့ လျှောက်လာခဲ့ပြီး . . .





"သမီး"

ခေါ်လိုက်တော့ ယိမ်းက မော့ကြည့်ပြီး . . .

"ခြော် . . . ကြီးကြီး"

"တစ်ယောက်တည်း ဒီမှာလာထိုင်ပြီး ဘာတွေတွေးနေတာလဲ သမီးရဲ့"

"ထွေထွေထူးထူးတော့ မတွေးပါဘူး ကြီးကြီးရဲ့။ ခုရက်ပိုင်းမှာ ယိမ်း . . . ယိမ်းရဲ့ကိုကြီးရဲရင့်ကို သတိရနေလို့ပါ"

"ခြော်"

ဒေါ်စိုးစိုးစံ စိတ်မကောင်းဖြစ်သွားရလေသည်။ အေးလေ ကိုယ်တွေက ဘယ်လောက်ပဲ ပြည့်စုံအောင်ထားထား တစ်ခါကဆိုတဲ့ ဘဝကို တစ်ခါတစ်ခါတော့ သတိရမှာပေါ့။ ပြီးတော့ ရဲရင့်က သူမရဲ့သွေးအရင်းအချာပဲလေ။

ဒေါ်စိုးစိုးစံ . . . ယိမ်းဘေးမှာ ဝင်ထိုင်လိုက်ပြီး . . .

"သတိရတာတော့ သတိရတာပေါ့ သမီးရယ်။ ဒါပေမဲ့ အခုလိုမျိုး တစ်ယောက်တည်း ခွဲနေတာမျိုးမနေပါနဲ့။ အခုနောက်ပိုင်း သမီးတစ်ယောက်တည်း သီးခြားနေတာတွေများနေတယ်နော်၊ အဲဒီလိုနေတာကို ကြီးကြီး မကြိုက်ဘူး"

ယိမ်း ခေါင်းလေးငုံ့သွားမိသည်။ ဟုတ်သားပဲ . . . ကိုကြီးဆွေတောင် ဝေဖန်လာပြီဆိုတော့ ယိမ်း လွန်သွားပြီထင်ပါရဲ့။ အေးလေ



www.burmeseclassic.com

www.burmeseclassic.com



. . . ကိုယ်ကလည်း ကိုယ့်သောကနဲ့ကိုယ်ပဲဥစ္စာ။

"သမီး ဘဘကလည်း စိတ်မကောင်းဖြစ်နေတာကွဲ့။ ကလေး ဘာဖြစ်နေတယ်မသိဘူး နည်းနည်းပါးပါး မေးကြည့်ပါဦး တဲ့။ ကြီးကြီးတို့က သမီးရဲ့မိဘတွေပဲကွယ်။ ပြောစရာရှိရင် ပွင့်ပွင့် လင်းလင်းပြောမှပေါ့။ မျိုသိပ်မထားနဲ့နော်"

"ဟုတ်ကဲ့ပါ ကြီးကြီး၊ သမီး တကယ်ဘာမှမဖြစ်ပါဘူး။ နောက်ကို ကြီးကြီးတို့ မကြိုက်ဘူးဆိုရင် ဆင်ခြင်ပါ့မယ်"

"သမီး"

"ရှင်"

"သမီးစိတ်ထဲမှာ ကြီးကြီးတို့ကို မိဘအရင်းတွေလို မသတ်မှတ်နိုင်ဘူးလားဟင်"

"ရှင်"

ယိမ်း ကိုယ်လေး မတ်ခနဲဖြစ်သွားလေသည်။ အံ့သြသွားမိတာပါ။ ဒီမေးခွန်းမျိုး မေးလိမ့်မယ်လို့ ထင်မထားခဲ့တော့ ချက်ချင်းပင် ပြန်မဖြေနိုင်ပေ။ ယိမ်းက ကြီးကြီးကို အံ့သြစွာကြည့်မိပြီး ကြီးကြီးက တည်ငြိမ်အေးချမ်းသောအကြည့်နှင့် တုံ့ပြန်လေသည်။

"အဲဒီလိုမဟုတ်ပါဘူး ကြီးကြီးရယ်၊ ကြီးကြီး အဲဒီလို မတွေးပါနဲ့နော်။ ယိမ်း ကြီးကြီးတို့အပေါ်မှာ မိဘအရင်းတွေလို သဘောထားတာပါ"





"တီ . . . တီ"

". . ."

"တီ . . . တီ"

ခြံရှေ့က ကားဟွန်းတီးသံကြောင့် နှစ်ယောက်သား ခြံတံခါးဝဆီသို့ အကြည့်ရောက်သွားကြလေသည်။ ကိုသန့်ဇင်က ပြေးလာပြီး တံခါးဖွင့်ပေးလိုက်တာနှင့် ကားလေးက ခြံထဲသို့ ဝင်လာလေသည်။

"ဘယ်သူများပါလိမ့်"

သူတို့ကြည့်နေတုန်းမှာပဲ ကားတံခါးကို ဖွင့်၍ ဆင်းလာသူက လမင်းပါ။

"လမင်းပါလား"

လမင်းနဲ့ကိုသန့်ဇင် ဘာတွေ ပြောနေကြသည်တော့မသိပေ။

ကိုသန့်ဇင်က ယိမ်းတို့ထိုင်နေတဲ့နေရာကို လက်ညှိုးထိုးပြအပြီးမှာတော့ လမင်းက ယိမ်းတို့ဆီသို့ ရောက်လာလေသည်။ အနားကို ရောက်လေတော့ . . .

"အန်တီ နေကောင်းရဲ့လား ခင်ဗျာ"

ဒေါ်စိုးစိုးစံကို အရင်နှုတ်ဆက်လေတော့ ဒေါ်စိုးစိုးစံ ပြုံးပြလိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်ကွယ် . . . သားရဲ့မိဘတွေရော နေကောင်းကြရဲ့လား"

"ဟုတ်ကဲ့ . . . ဖေဖေကတော့ ဒေါင်ဒေါင်မြည်ပါပဲ အန်တီ၊ မေမေကတော့ အစာအိမ်ရောဂါရှိတော့ အစားမှားရင် ဖြစ်ပြန်ရောပါပဲ"

"ဪ . . . ဟုတ်လား"

"ဟုတ်ကဲ့"

"ဒါနဲ့ အိမ်ထဲဝင်လေ သား"

"မဝင်တော့ပါဘူး အန်တီ၊ အန်တီ့ဆီမှာ ကျွန်တော် ခွင့်တောင်းစရာရှိလို့ပါ"

ဒေါ်စိုးစိုးစံ မျက်မှောင်လေးကြုတ်သွားပြီး . . .

"ဘာများလဲကွဲ့"

"အခြားတော့ မဟုတ်ပါဘူး အန်တီ၊ အန်တီ ကျွန်တော် ယမိန်းကို အပြင်ခေါ်သွားချင်လို့ပါ။ ဒီနေ့ ကျွန်တော် ရှော့ပင်းထွက်မလို့လေ။ အဲဒါကြောင့် ယမိန်းကို လာခေါ်တာပါ"

ဒေါ်စိုးစိုးစံ ယမိန်းကို လှည့်ကြည့်လိုက်တော့ ယမိန်းမျက်နှာလေး ပကတိတည်ငြိမ်နေလျက်ပါ။ လမင်းစကားတွေအတွက် ပျော်ရွှင်ခြင်းကင်းသလို စိတ်ပျက်ဟန်အရိပ်လည်း မတွေ့ရပေ။ ဒီလမ်းကို ကိုယ့်သား ခင်းပေးခဲ့တာ မဟုတ်လား။ အခုနောက်ပိုင်း လမင်း အိမ်ကို ခဏခဏလာတတ်သည်။





ဒီလိုဖြစ်လာဖို့ ဖိတ်ခေါ်ခဲ့တာ . . .

ကိုယ့်သားပဲလေ။ ဒီတော့ ကိုယ်က ကန့်ကွက်နေလို့မှ မဖြစ်တာ။ ယမိန်း စိတ်ပြေလက်ပျောက်ရှိအောင် လိုက်ပါစေဆိုပြီး . . .

"သမီးက လိုက်မယ်ဆိုရင်တော့ ခေါ်သွားလိုက်လေ။ စောစောလေးတော့ ပြန်ခဲ့ကြပေါ့"

"ဟုတ်ကဲ့ . . . စိတ်ချပါ အန်တီ"

သူတို့ကသာ ပြောနေတယ် ယမိန်းက လိုက်မယ် မလိုက်ဘူး ဆိုတာ မသိရသေးပေ။

ကိုယ်က လူကြီးဆိုတော့ လူငယ်တွေကိစ္စ ဝင်စွက်ဖက်လို့လည်းမကောင်း။

သူမ သတိထားမိသလောက်တော့ ယမိန်း အခုလို အေးတိအေးစက်ပုံစံဖြစ်သွားတာ မွေးနေ့ပွဲက ပြန်လာပြီးကတည်းကပါ။

"ယမိန်း"

". . ."

"ကိုယ်နဲ့လိုက်ခဲ့မယ် မဟုတ်လားဟင်"

"အင်း . . . လိုက်ခဲ့မယ်လေ"

လမင်းမျက်နှာက နာမည်နဲ့လိုက်အောင်ပဲ ဝင်းပသာယာသွားလေတော့သည်။

"ကြီးကြီး . . . ယမိန်း လိုက်သွားလိုက်မယ်နော်။ ယမိန်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှစိတ်မပူပါနဲ့''

"အေး . . . အေး သမီး''

"လမင်း ခဏနော်။ ယိမ်း အဝတ်သွားလဲလိုက်ဦးမယ်''

"အင်း . . . ကိုယ် ဒီကပဲ စောင့်နေတော့မယ် . . . နော်''

ယိမ်း ခေါင်းညိတ်ပြီး ခပ်သုတ်သုတ်ထွက်သွားလေတော့သည်။ အိမ်မှာပဲ ဟိုတွေးဒီတွေး ထိုင်တွေးနေမယ့်အစား အပြင်ထွက်ပြီး လမင်းနဲ့ လျှောက်သွားနေရင် ရောဂါမပျောက်သည့်တိုင် စိတ်သက်သာရာရမယ်လို့ ထင်ပါရဲ့။

"မောင်လမင်း''

"ဗျာ . . . အန်တီ''

"အန်တီ အိမ်ထဲပြန်ဝင်တော့မယ်။ အိမ်ထဲ ဝင်လိုက်ခဲ့ပါလားကွဲ့''

"ရပါတယ် အန်တီ။ ကျွန်တော် ဒီကပဲ စောင့်နေလိုက်ပါ့မယ်''

"ဒါဆို . . . အန်တီ သွားမယ်နော်''

"ဟုတ်ကဲ့ပါ ခင်ဗျာ့''

ဒေါ်စိုးစိုးစံအိမ်ဘက်သို့ ပြန်လျှောက်လာခဲ့တော့သည်။ ဩော် . . . ကိုယ်ဆန္ဒနဲ့ သူများစိတ် အံမဝင်ခွင်မကျတော့ စိတ်ရှုပ်ရပါလား။



## အခန်း (၃၀)

"ယိမ်း''

". . .''

"ယိမ်း''

ဘုန်းခ . . . ဒီနေ့ အလုပ်ကနေ စောစောပြန်လာခဲ့ပြီး အိမ်ရောက်လို့ ယိမ်းကိုရှာတော့ မတွေ့ပေ။ အမြင်နီးပြီး ခရီးဝေးနေတဲ့ သူ့အဖြစ်က အိမ်ပြန်ရောက်လို့မှ ယိမ်းမျက်နှာလေးကို မမြင်ရရင် အမောကမပြေ။ ခက်တော့ ခက်နေပါပြီ။ အစကတည်းက မတွေ့ခဲ့ကြရင် အကောင်းသားလို့ ပြောရအောင်ကလည်း . . .

ကိုယ်ပျိုးတဲ့ပန်းမို့ . . .



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မြတ်နိုးပြီး တန်ဖိုးထားမိတာလား မပြောတတ်တော့ပါဘူး။

"ဒေါ်ဦး . . . ဒေါ်ဦး"

"သား"

"ဗျာ"

ခေါ်တာက ဒေါ်ဦး ရောက်လာတာက မေမေပါ။

"ယိမ်းကို ရှာနေတာလား သား"

"ဟုတ်တယ် မေမေ၊ ယိမ်းကို ရှာနေတာ ရှာမတွေ့လို့။ ဒီကောင်မလေး ဘယ်တွေသွားနေပါလိမ့်"

"ဘယ်ရှာလို့တွေ့မှာလဲ သားရဲ့ . . . ယိမ်းက အိမ်မှာမှ မရှိတာကို"

"ဗျာ"

ဒေါ်စိုးစိုးစံ သားနဲ့ယိမ်းရဲ့အတွင်းစိတ်ကို နားလည်နေပါသည်လေ။ သူတို့ ဘာလို့များ မပွင့်လင်းကြပါလိမ့်။ ကိုယ်တွေက သူတို့သာ အဆင်ပြေရင် သဘောတူခေါင်းညိတ်ပေးဖို့ အဆင်သင့်ပဲလေ။ ကိုယ်ကစပြောဖို့ မသင့်တော်တဲ့အကြောင်းတွေ ရှိနေလို့သာ ငြိမ်နေတာ။

ယိမ်းကို . . .

သူမကိုယ်တိုင်ကလည်း မခွဲနိုင်ပေ။ သူများနဲ့ဆိုရင် ခွဲကြရ





မှာ မလွဲမသွေပဲ မဟုတ်လား။

"ယိမ်းက အိမ်မှာမရှိရအောင် ဘယ်သွားလို့လဲ မေမေ"

"လမင်း လာခေါ်သွားတယ် သား။ ရှော့ပင်းထွက်မလို့တဲ့"

"ဪ"

ဘုန်းခရင်ထဲမှာ အမည်မသိတဲ့ ဝေဒနာတစ်ခု ဝင်ခသွားလေသည်။ ဒါ ကိုယ်ဖော်ခဲ့တဲ့ဆေး အခုမှတော့ မျိုချလိုက်တော့ ဘုန်းခ။

"သူတို့ ဘယ်ကိုသွားမယ်လို့ ပြောသွားလဲ မေမေ"

"အဲဒါတော့ မေမေ မေးမထားလိုက်မိဘူး သား။ သား သိချင်ရင် ဖုန်းဆက်မေးလိုက်လေ"

"မင်းဟာကလည်း ရှိနေမြင်နေရတော့ ဥပေက္ခာပြုထားတယ်။ အခု မမြင်ရပြန်တော့ တစ်မျိုး။ မင်းပုံစံကြည့်ရတာ အခုမှ မျောက်ကြက်ချေးကိုင်မိသလိုပဲ"

ဒီတစ်ခါ သူတို့ဆီသို့ လျှောက်လာရင်း ပြောလိုက်သူက ဖေဖေပါ။ သူ အဲဒီလောက်တော့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသလား။

"ဖေဖေကလည်း"

"ဖေဖေက မလဲဘူး။ အမြဲတမ်း ငုတ်တုတ်မတ်တတ်ပဲ။ အလဲလဲအပြိုပြိုဖြစ်နေတာက မင်းလေ"

"ဗျာ"

"မင်း ကိုယ့်ရင်ဘတ်ကိုယ် ငုံ့ကြည့်ဦး။ မီးလောင်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်"

ကိုယ့်ရင်ဘတ်ကိုယ်ငုံ့ကြည့်ဦးဆိုတာကိုပဲ ဘုန်းခ ရုတ်တရက် ကြောင်ပြီး တကယ်ငုံ့ကြည့်လိုက်မိကာ . . .

"မလောင်ပါဘူး ဖေဖေရဲ့ . . . သားမှ ဆေးလိပ်မသောက်တတ်တာ"

"စိုး"

"ရှင်"

"မင်းရဲ့သားကို ငါ အဲဒီလောက်တုံးလိမ့်မယ်လို့ ထင်မထား . . . တကယ် . . . တကယ်ပဲ"

ဖေဖေက ပြောပြီး ခေါင်းတခါခါနှင့် ပြန်လှည့်ထွက်သွားလေတော့သည်။ မေမေကလည်း မျက်စောင်းထိုးပြီး . . .

"မင်းဖေပြောလည်း ပြောစရာပဲ။ ရင်ဘတ်မီးလောင်တာ မသိရင် အကျီသာ ချွတ်ကြည့်လိုက်တော့။ ငယ်ရာက ကြီးလာတဲ့ သူတွေ အကုန်မသိပေမယ့် ရိပ်ဖမ်းသံ့မှန်းတော့ သိနေတာပဲ"

"အင်"

ဒီတော့မှပဲ ဘုန်းခ သဘောပေါက်ပြီး ပြုံးလိုက်မိတော့သည်။ အဲဒီလိုလား ဖေဖေနဲ့မေမေတောင် ကိုယ့်ရင်ဘတ်ထဲကို ဖောက်ထွင်းပြီး မြင်နေကြပြီလား။ ဒါပေါ့လေ . . . ကိုယ်က သူတို့မွေးထားခဲ့တာကို။





"သားက ဥယျာဉ်မှူးပါ မေမေရယ်"

"ဥယျာဉ်မှူး ဟုတ်လား။ အဲဒီအယူအဆနဲ့ ကိုယ့်ရင်ဘတ်ပေါ် ကိုယ်ဆူးချပြီး အရှုံးခံမယ်ဆိုလည်း မင်းသဘောပါပဲ"

"သား အပြင်သွားလိုက်ဦးမယ် မေမေ"

ဘုန်းခ မေမေ့စကားကို ပြန်မချေပတော့ဘဲ စကားလမ်းကြောင်း လွှဲပစ်လိုက်တော့သည်။ ညောင်မြစ်ဖော်လို့ ပုတ်သင်ဥပါပေါ်တာမျိုး အဖြစ်မခံနိုင်ဘူးလေ။

"အလုပ်ကိစ္စလား"

"ဒီလိုပါပဲ"

ဒေါ်စိုးစိုးစံ မသိမသာ နှုတ်ခမ်းလေးမဲ့သွားပြီး . . .

"သွားပါ . . . ကိုယ်ဖောက်ပေးတဲ့လမ်း နောက်မှတော့ ဆူးခင်းတာတွေ၊ ကျောက်ကြမ်းတာတွေနဲ့ အကြောင်းမပြနဲ့။ အခု ပြန်ဆွဲခေါ်မယ်ဆို အချိန်ရှိသေးတယ်။ လမ်းတစ်ဝက်ရောက်ပြီဆိုရင်တော့ လိုက်မခေါ်နဲ့တော့ မောတာပဲ အဖတ်တင်လိမ့်မယ်"

ဘုန်းခ သက်ပြင်းချမိပြီးမှ ထွက်လာခဲ့တော့သည်။ ကိုယ်တကယ်ပဲ ပြောစရာဖြစ်နေပြီလား။ မင်း ပြန်စဉ်းစားဖို့ လိုနေပြီလား ခင်ဘုန်းခ။ ဥယျာဉ်မှူး ပန်းမရွေးရဘူးလို့ ဘယ်သူကများ စည်းမျဉ်းစည်းကမ်းနဲ့ ချမှတ်ထားခဲ့လို့လဲ။ သူများကို မပေးလိုက်နိုင်ရင် ကိုယ့်ဥယျာဉ်ထဲက ပန်း သူ လန်းနေတာ ထိုင်ကြည့်လို့ရနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးပါဘူး။

အခု ကိုယ်လုပ်နေပုံက အလုကြည့်သက်သက်နဲ့ ဆူးခက်တွေ ခြံရံထားတာမဟုတ်ဘဲ သူများနမ်းဖို့ ခြွေဖို့ ကိုယ်က သဒ္ဓါကြည်ဖြူစွာပေးသလိုဖြစ်နေတာ။ ဟူး … စကားကလည်း လွန်ထားပြီးပြီဆိုတော့ ကိုယ့်ကတိစကားအတွက် ရှိပါစေတော့လို့ ကိုယ့်နှလုံးသားကိုပဲ စတေးလိုက်ရမလား။

မင်းဘုန်းခ …

ယိမ်းဆီသို့ ဖုန်းဆက်ကြည့်လိုက်တော့ …

"ဟုတ် … ပြောပါ ကိုကြီး"

"ယိမ်း … အခု ဘယ်မှာလဲ"

"အခု ယိမ်းတို့ ကန်တော်ကြီးကို သွားနေပါတယ် ကိုကြီး။ ဘာဖြစ်လို့လဲဟင်"

"ဩော် … ဘာမှမဖြစ်ပါဘူး မေးကြည့်တာပါ။ ဒါနဲ့ ဘယ်ဘက်သွားမှာလဲ မျှော်စင်ကျွန်းဘက်ကိုလား"

"ဟုတ်တယ် ကိုကြီး … မျှော်စင်ကျွန်းဘက်ကို သွားမှာပါ"

"အေးပါ … အိမ်ပြန်တာ နောက်မကျစေနဲ့နော်"

"ဟုတ်ကဲ့ပါ"

ဒါပဲပြောပြီး ကိုကြီး ဖုန်းချသွားလေတော့ လမင်းက ပြုံးစိစိမျက်နှာနှင့်သာ …





"ဒီလောက်သဘောကောင်းပေးတဲ့ ယောက်ဖကို တစ်ခါတလေတော့ ပြုစုဦးမှထင်တယ်"

"လမင်း"

"ဟင်"

"ကိုကြီးက ရှင့်ကို သဘောကျတယ်ဆိုပြီး ရှင် ယိမ်းကို လွယ်လွယ်ရမယ်အထင်နဲ့ အထင်သေးနေတာလား။ ရှင် လွယ်လွယ်နဲ့ ရမှာ ကျွန်မရဲ့ခန္ဓာကိုယ်ပဲ ဖြစ်လိမ့်မယ်နော်"

လမင်း ယိမ်းကို ငဲ့ကြည့်ပြီး အပြုံးကို ချက်ချင်း ရပ်ပစ်လိုက်သည်။ ကိုယ်ပြောလိုက်တဲ့စကားက ယိမ်းသိက္ခာကို ထိခိုက်သွားပြီလား။ မဟုတ်ပါဘူး … ကိုယ်က ယိမ်းကို တကယ်မြတ်နိုးလို့ တန်ဖိုးထားမိသူပါ။

ယိမ်း လောလောဆယ် ကိုယ့်ကို ပြန်မချစ်နိုင်သေးတာ သိပေမယ့် တစ်နေ့ ကိုယ့်ရဲ့အကြင်နာ မေတ္တာတွေ စစ်မှန်တဲ့အတွက် တူညီတဲ့ တုံ့ပြန်မှုရလာမယ်လို့ မျှော်လင့်ထားခဲ့သည်လေ။

"ကိုယ်က နောက်တာပါ ယိမ်းရယ်။ ယိမ်းကို ကိုယ် ဘယ်တုန်းကမှ အထင်မသေးသလို ဘယ်တော့မှလည်း အထင်သေးမှာမဟုတ်ပါဘူး။ ကိုယ်ကသာ ချစ်လွန်းလို့ ဖေဖေနဲ့မေမေ့ကို ဖွင့်ပြောထားတာ။ အခုထိ ယိမ်းဘက်က ဘာမှန်းမသိရသေးဘူးလေ"

"အခု … ကျွန်မ ရှင်ခေါ်တဲ့နောက်ကို လိုက်လာခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

လမင်း တွေခနဲဖြစ်သွားပြီးမှ ရင်ထဲမှာ လှိုက်ခနဲဖြစ်သွားလေသည်။ ဟုတ်တာပေါ့နော် ... ယောက်ျားလေးတစ်ယောက် ခေါ်တဲ့နောက်ကို မိန်းကလေးတစ်ယောက်က လိုလိုချင်ချင်နဲ့ လိုက်လာတယ်ဆိုတာ ချစ်လို့။ ဒါမှမဟုတ် ယတိပြတ် မငြင်းပယ်နိုင်လို့ပေါ့။

ချစ်တယ်လို့ မပြောသေးတာကလွဲရင် ...

ယိမ်းနဲ့ကိုယ်ဟာ သာမန်ခင်မင်မှုမျိုးနဲ့ သူငယ်ချင်းဆိုတာမျိုးလည်း မဟုတ်ပေ။

"ယိမ်း"

"..."

"ကိုယ် တစ်ခုမေးကြည့်လို့ရမလား"

"မေးလေ"

"ကိုယ်တို့နှစ်ယောက်က သူငယ်ချင်းတော့ မဟုတ်ဘူးနော်။ ချစ်သူဖြစ်ပြီလို့ သတ်မှတ်ရမလား မဖြစ်သေးဘူးလို့ သတ်မှတ်ရမလား"

ဒါ သူ့ဘက်က အမေးသင့်ဆုံးမေးခွန်းမို့ ယိမ်း ပြုံးလိုက်မိပါသည်။ ရင်ထဲမှာတော့ ဝမ်းနည်းပက်လက်နဲ့ပေါ့။ ဘာဖြစ်လို့လဲဆို ကိုယ့်ကို တကယ်ချစ်တဲ့သူကျတော့ ကိုယ်က ပြန်မှမချစ်နိုင်ပဲကိုး။ အဖြစ်က ယုန် တောင်ပြေး ခွေး မြောက်လိုက် ဆိုသလိုပါပဲ။





ကိုယ်က ...

မရနိုင်တာကိုမှ တမ်းတမျှော်လင့်နေခဲ့မိတာကိုးလေ။

"ပြောလေ ယိမ်း"

"ကျွန်မဘက်က ရှင့်ကိုချစ်တယ်လို့ မပြောနိုင်တာကလွဲရင် ရှင် ကြိုက်သလို သတ်မှတ်နိုင်ပါတယ်"

နတ်ဆက်သလို ရှိတာလေးနဲ့ ပျော်ပါကျေနပ်ပါဆိုတာမျိုးပေါ့။ ပေးသလောက်ပဲ ယူရမှာပေါ့။ တကယ်ဆိုရင် တကယ်မချစ်လည်း ချစ်တယ်လို့ ညာပြောလိုက်ပါတော့လား။ ဒါဆို ကိုယ်က ညာတာလေးကိုပဲ ပိုချစ်နေမယ့်ကောင်ပါ။

အခုတော့ ...

"ဒါဆိုရင် ကိုယ်တို့ ချစ်သူတွေလို့ပဲ သတ်မှတ်လိုက်တော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ချစ်သူလို့ သဘောမှတ်လိုက်ပါပြီ။ သူက ချစ်တယ်လို့ မပြော သေးပေမယ့် ကိုယ်က ချစ်နေတော့ ကိုယ့်ချစ်သူပဲပေါ့။ ဒါကြောင့် ကိုယ့်ချစ်သူရဲ့လက်ကလေးကို ခပ်တင်းတင်းဆုပ်ထားမိသည်။

"ယိမ်း"

"ဟင်"

"ဟို သီချင်းဆိုပြမယ် နားထောင်မလား"

"ဟင် ... ဘယ်သီချင်းလဲ"

"အပိုဆု"

"ဖြူဖြူကျော့်သိန်းဆိုတာလား"





"ဟာ ... မဟုတ်တာ ယိမ်းရယ်။ ဆောင်းဦးလှိုင်ဆိုထား တဲ့ အပိုဆုကိုပြောတာ ယိမ်းရဲ့။ သီချင်းစာသားလည်း မတူတဲ့ အပို ဆုသတ်သတ်"

"ဟုတ်လား ... ယိမ်း နားမထောင်ဖူးဘူး။ ဆိုပြလေ"

"Ok"

Ok ဆိုပြီး ယိမ်းမျက်နှာလေးကို ငေးမောစွာ ကြည့်နေမိ သေးသည်။ ဒီကောင်မလေးကို ဘယ်လိုရေစက်ကြောင့် အကြောင်း ပြချက်မရှိ ချစ်မိသွားတယ် မသိပါဘူး။ စတွေ့လိုက်တုန်းက သူမ လှပ်ရပ်ကြောင့် သတိထားမိစရာ ဖြစ်သွားခဲ့တာပါ။ မြင်လိုက်ရတုန်း ကတော့ ဘာရယ်မဟုတ် ကြည့်မိသွားတာပေါ့။

သတိထားမိစရာရှိသွားခြင်းရဲ့နောက်မှာ ...

နောက်တော့ သူမကို ခဏခဏမြင်နေရတာသည် ရေစက် လားတော့ မသိပေ။ ကျောင်းက တစ်ကျောင်းတည်း တက်နေကြ တာကိုး။ မေဂျာကတော့ မတူပေ။

"ဟင် ... လမင်း"

"ဟင်"

"သီချင်းဆိုပြမယ်ဆိုပြီး ... ဆိုပြလေ"

"အင်း ... ဆိုပြမယ်၊ ဆိုပြမယ်။ အဟမ်း ... အဟမ်း"

လက်က ချောင်းဟန့်ပြတော့ ယိမ်းက ရယ်လေသည်။ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ကျတော့ စိတ်ထဲက ရှုပ်ထွေးမှုတွေက ပြေပျောက်သွားသလိုပါ။

♫ ဘယ်တော့ ငါ့ကို မင်းပစ်သွားမလဲ ငါမသိ xxx ဘယ်လောက် ငါ့ကို မင်းချစ်ဖူးလဲ ငါမကြည့် xxx ဘယ်အထိ ငါ့ကို မင်းလှည့်စားမလဲ ငါမသိခဲ့ xxx ဒါတောင် အစအဆုံးမရှိ ချစ်ခဲ့သူ xxx

ဘယ်လောက် ငါ့မှာ အကျိုးအမြတ်ရှိမယ် ငါ မကြည့် xxx ဘယ်ခါ စိတ်ကလေး ချမ်းမြေ့ရမယ် ငါမသိ xxx

ဘယ်နေ့ မင်းကြောင့် ဘဝပျက်သွားမလဲ xxx ငါမသိ ဒါကို ပုံအောလို့ ချစ်ခဲ့သည် xxx

အလိုချင်ဆုံး မင်းဆီက ငါ မေတ္တာတရားလေ xxx အပိုဆုကလေး တောင်းပါဦးဆို သစ္စာရှိပါမေ xxx ခွဲပြလို့ရရင် xxx ဒီရင် အနက်ရှိုင်းဆုံးခွဲပြ xxx

ငါဟာ မင်းအတွက် အသက်ရှင်နေထိုင်ဖြစ်တည်တဲ့ဘဝ xxx နေ့နဲ့ည စက္ကန့်အချိန်မရွေး လောကရဲ့ရှိတဲ့နေရာမရွေး xxx

ငါ သယ်ဆောင်သွားလိုက်ပါ့မယ် ဒီအချစ်တို့ xxx ဝမ်းနည်းနဲ့ဝမ်းသာ အချိန်မရွေး xxx

ဆင်းရဲနဲ့ချမ်းသာတာမရွေး xxx ဒီအကြင်နာပြောင်းလဲတော့မှာ မဟုတ်ဘူး အချစ်ရေ xxx

အလိုချင်ဆုံး မင်းဆီက ငါမေတ္တာတရားလေ xxx အပိုဆု





ကလေး တောင်းပါဦးဆို သစ္စာရှိပါမေ xxx ခွဲပြလို့ရရင် ဒီရင်အနက်ရှိုင်းဆုံးခွဲပြ xxx ငါဟာ မင်းအတွက် အသက်ရှင်နေထိုင်ဖြစ်တည်တဲ့ဘဝ xxx ♫

လမင်းက သီချင်းကို ခေါင်းလေးမော့ပြီးဆိုနေတော့ ယိမ်းကြည့်ပြီး သနားသလို ဘာလိုလိုပါ။ ဒီသီချင်းထဲကအတိုင်း ခံယူထားသလား လမင်းရယ်။ တကယ်ပဲ အဲဒီအထဲက အပိုဆုတွေ လိုချင်နေတာလား။ ပေးနိုင်ပါ့မလား ... အဲဒီအပိုဆုတွေ နင်ပေးနိုင်ပါ့မလား ယိမ်း။

ယိမ်း တောင်းပန်ပါတယ် လမင်းရယ် ...

ယိမ်းကို ခွင့်လွှတ်ပါ။ ယိမ်းရဲ့နှလုံးသားက နယ်တစ်ခုမှာ ခြေကျွံထားမိတာ နုတ်လို့မရလို့ပါ။

♫ ဘယ်တော့ ငါ့ကို မင်းပစ်သွားမလဲ ငါမသိ xxx ဘယ်လောက် ငါ့ကို မင်းချစ်ဖူးလဲ ငါမကြည့် xxx ဘယ်အထိ ငါ့ကို မင်းလှည့်စားမလဲ ငါမသိခဲ့ xxx ဒါတောင် အစအဆုံးမရှိ ချစ်ခဲ့သူ xxx

ဘယ်လောက် ငါ့မှာ အကျိုးအမြတ်ရှိမယ် ငါ မကြည့်xxx

ဘယ်ခါ စိတ်ကလေး ချမ်းမြေ့ရမယ် ငါမသိ xxx ဘယ်နေ့ မင်းကြောင့် ဘဝပျက်သွားမလဲ xxx ငါမသိ ဒါကို ပုံအောလို့ ချစ်ခဲ့သည် xxx ♫



www.burmeseclassic.com

www.burmeseclassic.com



ဩော် . . . လမင်းက ယိမ်းကို သီချင်းဆိုပြနေတာပဲ။ သီချင်းစာသားကို သဲသဲကွဲကွဲ မကြားရပေမယ့် သူလည်း သူ့ခံစားချက်နဲ့ တိုက်ဆိုင်တာကို ဆိုပြနေမလား။ ကိုယ့်မှာလည်း ဒုက္ခပါပဲ။ အခုမှ နောက်ကနေ လိုက်ပြီး စိတ်မချလို့ လိုက်ချောင်းကြည့်နေရသည့် အဖြစ်လေ။

ဟော . . .

ဟိုကောင်က ယိမ်းပုခုံးကို ဖက်လိုက်ပြီ။ ကျွတ် . . . ယိမ်းက ဘာလို့ငြိမ်နေတာလဲ ဖယ်ချလိုက်ပါလား။ ပြောတော့လည်း လမင်းကို မချစ်ဘူးတဲ့။ အခုကျတော့ အကြည်ဆိုက်နေတယ် . . . မပြောလိုက်ချင်ဘူး။

မင်းဘုန်းခ . . .

လက်သီးဆုပ်လိုက် လက်ဝါးဖြန့်လိုက်နှင့် နေမထိ ထိုင်မသာဖြစ်နေရသည်သာ။ ဒါ ကိုယ့်အတတ်နဲ့ကိုယ်ရူးတာလို့ ခေါ်တယ်။ မင်း ဘာဆက်လုပ်မလဲ မင်းဘုန်းခ။ ကိုယ်ဖော်တဲ့ဆေး ကိုယ်ကြိတ်မိုတ် မျိုချပြီး ယိမ်းကို အဆုံးရှုံးခံမလား။ အခုလို မြင်နေရတာအတွက် မခံစားနိုင်တာကတော့ အမှန်ပါ။

"ယိမ်း"

"ဟင်"

"ကိုယ်တို့ အမြန်ဆုံး လက်ထပ်ကြရအောင်နော်"





"ဘာလို့လောနေရတာလဲ လမင်းရဲ့။ ယိမ်းနဲ့လမင်းရဲ့ချစ်သူဆိုတဲ့ သက်တမ်းက"

"ချစ်သူသက်တမ်းဆိုတာကို ထည့်မပြောပါနဲ့ ယိမ်းရယ်။ အချို့နှစ်ရှည်လများ ချစ်ခဲ့ကြတာတောင် အခြေအနေ အချိန်အခါအရ အကြောင်းအမျိုးမျိုးကြောင့် ကွဲသွားကြသေးတာပဲ။ ကိုယ့် ကံကြမ္မာဆိုတာကို မယုံရဲလို့ပါ"

"မဆိုင်ပါဘူး လမင်းရယ် . . . ကံက ပေါင်းစည်းခွင့်မပေးဘူးဆိုရင် အခုလက်ထပ်လည်း ဖူးစာမပါရင် အကြောင်းအမျိုးမျိုးကြောင့် ကွဲမှာပဲ"

ဟော . . . တစ်ယောက်မျက်နှာကို တစ်ယောက် တစိမ့်စိမ့်ကြည့်နေကြတာ ထင်တယ်။ ဟိုကောင် စိတ်မထိန်းနိုင်ဖြစ်ပြီး ယိမ်းကို နမ်းလိုက်ရင်တော့ မဖြစ်သေးပါဘူး။ ယိမ်းကို ပြန်ခေါ်သွားမှဖြစ်မှာပါ။ ဘုန်းခရင်ထဲမှာ တကယ့်ကိုပဲ အခုမှ မနာလိုစိတ်တွေမွှေးမွှားနေမိသည်လေ။

တကယ်တမ်း . . .

ယိမ်းကို သူ သူများရင်ခွင်ထဲကို မထည့်နိုင်ပေ။ ထို့ကြောင့်ချစ်ချင်ရာဖြစ်တော့ဟု . . .

"ယိမ်း"

". . ."



www.burmeseclassic.com

www.burmeseclassic.com



"ယိမ်း"

ယိမ်းနဲ့လမင်း ပြိုင်တူလှည့်ကြည့်လာကြပြီး ...

"ဟင်"

"ကိုကြီး"

"နင့်ကို ငါ လာခေါ်တာ။ နင် ငါနဲ့ ပြန်လိုက်ခဲ့"

"ဘာဖြစ်လို့လဲ ကိုကြီး"

"ဘာဖြစ်ဖြစ် မမေးနဲ့တော့။ အိမ်ပြန်ရောက်ရင် သိရမယ် ...လာ"

ပြောပြီးတာနှင့် လက်ဆွဲခေါ်သွားတာ လမင်း ဘာတစ်ခွန်းမှပင် မေးချိန်ပြောချိန်မရလိုက်ပေ။ ယိမ်းရင်ထဲမှာတော့ စိုးရိမ်စိတ်တွေနှင့်ပေါ့။ ဘာဘနဲ့ကြီးကြီး တစ်ယောက်ယောက်က တစ်ခုခုများ ဖြစ်လို့လားပေါ့။ ဒါကြောင့် စိုးရိမ်စိတ်နှင့် တိတ်ဆိတ်စွာ ပါလာခဲ့သည်တွင် ...

ကားအနားကိုရောက်တော့ ...

"ယိမ်း"

"..."

"မင်း နောက်ကို လမင်းလာခေါ်ရင် ဘယ်မှလိုက်စရာမလိုဘူး။ အဲဒီကောင်နဲ့ ပတ်လည်း မပတ်သက်နဲ့တော့ဟာ"

"ဘာဖြစ်လို့လဲ ကိုကြီး"





"မမေးနဲ့ဟာ ... မပတ်သက်နဲ့ဆိုရင် မပတ်သက်နဲ့တော့ပေါ့"

"ကိုကြီး ယိမ်းကို လာခေါ်တာ အဲဒါကြောင့်လား"

"ဟုတ်တယ်"

ယိမ်း ကိုကြီးကို နားလည်ရခက်စွာနှင့် ခေါင်းခါလိုက်မိသည်။

"ကိုကြီးကို ယိမ်း နားမလည်တော့ဘူး။ ယိမ်းကို လမင်းနဲ့ သဘောတူပါတယ်ဆိုပြီး ဒီလမ်း မရောက်ရောက်အောင် တွန်းပို့ခဲ့တာ ကိုကြီးလေ။ အခု ကိုကြီးပဲ သဘောမတူပြန်ဘူး။ ပြောပါဦး ...ကိုကြီးပဲ တော်လှပါချည်ရဲ့လို့ ပြောတဲ့ လမင်းက အခု ဘာဖြစ်နေလို့လဲ"

"ဘာမှမဖြစ်ပါဘူး"

"ယိမ်း"

ဘုန်းခ ယိမ်းပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်မိပြီး ယိမ်း မျက်နှာလေးကို စေ့စေ့ကြည့်လိုက်မိသည်။ ရင်ထဲမှာ ယိမ်းကို အဆုံးရှုံးမခံနိုင်တဲ့စိတ်တွေက အတိုင်းအဆမရှိစွာ။ စွန့်လွှတ်နိုင်သလိုလိုနဲ့ မခွဲနိုင်တဲ့ အချစ်စိတ်တို့က ဒီဂရီတိုလိုသာ။

"ငါ ... ငါ နင့်ကို စွန့်လွှတ်နိုင်တယ်လို့ ထင်ခဲ့တာ"

"..."

"တကယ်တမ်းကျတော့ အဆုံးရှုံးမခံနိုင်ဘူး။ နင့်ကို ငါ



www.burmeseclassic.com

www.burmeseclassic.com



သူများရင်ခွင်ထဲ ထည့်မပေးလိုက်နိုင်ဘူး။ နင့်ကို ငါ အရမ်းချစ်တယ် ယိမ်း။ ယိမ်းကို ကိုကြီး အရမ်းချစ်ခဲ့တာပါကွာ"

ယိမ်း ကိုယ်လေးကို ကိုကြီးက သူ့ရင်ခွင်ကျယ်ထဲမှာ ထွေးဖက်ထားလေတော့ ယိမ်း မရုန်းမိပေ။ ချစ်သူ့ရင်ခွင်ဆိုတာ တကယ် နွေးထွေးပါလား။ ကိုကြီးရဲ့ရင်ခွင်ငွေ့က နွေးနေသည်။ ကိုယ်ကလည်း သူ့ကို တကယ်ချစ်လို့ ထင်ပါရဲ့။

"ဦးဘုန်းခ"

"ဟင်"

ခပ်မာမာခေါ်သံကြောင့် ကိုယ်ချင်းခွာပြီး ကြည့်လိုက်ကြ တော့ ခါးထောက်ပြီး ရပ်နေတာ လမင်းပါ။ လမင်းရဲ့အကြည့်တွေက စူးစူး ရဲရဲဖြစ်နေပြီး ...

"လမင်း"

"ဒီလောက်တောင် ကျွန်တော်လာတာကို မမြင်ရအောင် မိုးမမြင် လေမမြင်ဖြစ်နေကြတယ်ပေါ့လေ ... ဟုတ်ကြလား"

"လမင်း ... မင်း"

"တကယ်တမ်းကျတော့ ခင်ဗျားက ကြောင်သူတော် ကြွက် သူခိုးပဲဗျ။ ခင်ဗျားတို့နှစ်ယောက်ပေါင်းပြီး ကျွန်တော့်နှလုံးသားကို လိမ်လည်လှည့်ဖျားခဲ့တာ။ ကျွန်တော့်မှာတော့ တကယ်ထင်ပြီး ယိမ်း ကို ချစ်လိုက်ရ၊ မြတ်နိုးလိုက်ရတာ။ လက်ထပ်ဖို့တောင် ဆုံးဖြတ်





လိုက်တဲ့အထိပဲ"

သူပြောတာ မှန်နေတော့ ပြန်လည်ချေပဖို့စကားက မရှိပေး မဟုတ်ပါဘူးလို့လည်း ဆင်ခြေမပေးတော့ဘူးလေ။ မင်းဘုန်းခဆို တာ ကိုယ့်မှာ အပြစ်ရှိရင် ရဲရဲဝံ့ဝံ့ဝန်ခံရဲတဲ့ကောင်ပါ။ အခုလည်း ဘာမှပြန်မပြောတာ ဝန်ခံလိုက်တာပဲပေါ့။

"ပြောပါဦး ... ဦးဘုန်းခ။ ခင်ဗျား ကျွန်တော့်အပေါ်မှာ ဘာရန်ငြိုးရှိလို့များ အခုလို အကွက်ကျကျ စီစဥ်ပြီး ကျွန်တော့် အသည်းကို ခွဲရက်တာလဲဗျာ ... ပြောပါ"

"မဟုတ်ဘူး လမင်း ... မင်းအပေါ်မှာ ငါ ဘာအငြိုးအတေး မှ မရှိပါဘူးကွာ။ အခုဟာက ..."

လမင်း သွားချင်းဖိကြိတ်မိလိုက်သည်။ ကိုယ်ကတော့ ယိမ်း ကို ဘာအရေးကြီးကိစ္စကြောင့်များ ပြန်ခေါ်သလဲလို့ စိုးရိမ်လိုက်ရ တာ။ အကူအညီလိုရင် ပေးနိုင်အောင်ဆိုပြီး လိုက်လာခဲ့တာမှ ဒီရောက် တော့ သူတို့က ဒီလို။ စောစောက ယိမ်းနဲ့ကိုယ် နှစ်ယောက်ရှိခဲ့စဥ်က အဖြစ် ...

ကိုယ်က သီချင်းတွေတောင် ဆိုပြလို့ ...

ပြန်တွေးကြည့်ပြီး ရှက်လိုက်တာ။

"ဒါဆိုရင် ဘာကြောင့်လဲ။ ယိမ်းနဲ့ကျွန်တော့်ကို ခင်ဗျားပဲ ကြည်ဖြူခဲ့တာ။ အခု ခင်ဗျားပဲ ပြန်လုယူဖို့ ကြိုးစားတယ်။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကို ခင်ဗျားက အရုပ်တစ်ရုပ်လို့ သတ်မှတ်ထားတာလား ဦးဘုန်းခ"

"လမင်း"

"မင်းလည်း အတူတူပဲ ... ငါ့ကိုလိမ်တယ်။ အေးလေ ငါကလည်း ချစ်တဲ့စိတ်နဲ့ မျက်စိရော ဦးနှောက်ရော ကန်းသွားခဲ့တာကိုး။ ကိုယ့်ကိုချစ်တယ်လို့ တစ်ခွန်းမှ မပြောတဲ့ မိန်းမတစ်ယောက်ကိုမှ ချစ်နေမိခဲ့တာကိုး"

လမင်းရင်ထဲမှာ တကယ့်ကို ဆတ်ဆတ်ခါသွားသည်လေ။ ပစ္စည်းဥစ္စာ ငွေကြေးဆိုတာတွေကို အလိမ်ခံရတာထက် နှလုံးသားကို အလိမ်ခံရတာ အဆိုးဆုံးပါပဲ။ ကိုယ့်နှလုံးသားက ပွဲဦးထွက်မှာကတည်းက ဒီလိုအရှုံးနဲ့ ရင်ဆိုင်ရဖို့ကံ ပါလာလေသလား။

"အခု ... မင်း ဘယ်လိုဆုံးဖြတ်မှာလဲ ယိမ်း"

ယိမ်း လမင်းကို သနားပါသည်။ ဒါပေမဲ့ ကိုယ့်နှလုံးသားက သူ့ကိုမှ လက်မခံနိုင်ပဲလေ။ လူအများစုက ကိုယ့်ကိုယ်ကိုယ်ထက် ဘယ်သူ့ကို ပိုသနားတတ်ကြလို့လဲ။ ယိမ်းလည်း ပုထုဇဉ်လူသားတစ်ယောက်ပေဖို့ ...

"အဖြေက ရှင်းရှင်းလေးပါ လမင်း။ ကျွန်မ ရှင့်ကို မချစ်ဘူး"

"ဒါဆို ဦးဘုန်းခကို ချစ်တယ်ပေါ့ ဟုတ်လား"

ယိမ်း ဘာမှပြန်မဖြေဘဲ မျက်နှာလွှဲသွားလေတော့ လမင်း





မဲ့ပြုံးပြုံးလိုက်ကာ ...

"ကောင်းပါတယ် ... အခုလို စောစောစီးစီး သိခွင့်ရတာ ငါ ကံကောင်းတာပဲ။ မဟုတ်ရင် ငါ လှည်းကျုံးထမ်းချင် ထမ်းနေရဦးမှာ"

"ဘာ"

"လမင်း"

သူ့စကားက ဘယ်ရောက်သွားပြီလဲ။ ငါက လှည်းကျုံးထမ်းချင် ထမ်းနေရဦးမှာဆိုတော့ ကိုယ့်သိက္ခာနဲ့ ယိမ်းရဲ့ကိုယ်ကျင့်တရားကို ရိုက်ချိုးတာပဲလေ။ ဒီလိုလူရဲ့ပါးစပ်က ဒီလိုစကားမျိုး ထွက်သလား။ အံ့ဩခြင်းနှင့်အတူ စိတ်ထဲမှာ ဒေါသဖြစ်မိကာ ...

"မင်း ... ငါနဲ့ယိမ်းသိက္ခာကို မစော်ကားနဲ့ လမင်း။ ငါ ယိမ်းကို ဖြူဖြူစင်စင်မြတ်နိုးနိုးနဲ့ ချစ်ခဲ့တာကွ"

"ရယ်စရာတွေ သိပ်မပြောနဲ့ ဦးဘုန်းခ။ အရင်က ဟုတ်ချင်ဟုတ်မယ်။ နောက်ဆိုတဲ့အချိန်အတွက် ယုံစရာမရှိဘူး"

"ရှင့်ကို ယုံပါလို့ မပြောဘူး လမင်း။ ဒါပေမဲ့ ရှင့်စကားက အစွန်းရောက်လွန်းနေပြီ။ မရတဲ့အမဲ သဲနဲ့ပက်တဲ့စကားမျိုးတော့ မပြောပါနဲ့"

"ဘာ"

လမင်းရင်ထဲမှာ ဆစ်ခနဲ နာကျင်သွားရသည်။ စောစောက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရင်ခွင်ထဲမှာမို့ ဒီမိန်းကလေးဟာ ကမ္ဘာပေါ်မှာ အလှပဆုံး ဖြစ်ခဲ့ပေမယ့် အခုတော့ ရွံ့ဖို့ကောင်းလိုက်တာ။

"ငါ့စကားက သဲနဲ့ပက်တာဆိုလည်း ထားပါတော့။ ငါက သဲနဲ့ပက်ရုံပဲ မင်းတို့ကမှ ငါ့နှလုံးသားကို အစိတ်စိတ်အမြွာမြွာဖြစ်အောင် လုပ်ခဲ့တာ။ မင်းက လျှာနှစ်ခွနဲ့ မြွေပောက်လို မိန်းမ"

"ဟောကောင် ... မင်း တော်ရုံစော်ကားရရင် ကျေနပ်တော့"

"ကဲပါ ကိုကြီးရယ် ... ယိမ်းတို့ သွားရအောင်"

ယိမ်းက မင်းဘုန်းခလက်ကို ဆွဲခေါ်လေသည်။ ဒီနေရာမှာ ပြဿနာမဖြစ်ကြတာ အကောင်းဆုံးပေါ့ပဲ။

"ဒီမှာ လမင်း"

"..."

"မင်းသိထားဖို့က ယိမ်းနဲ့မင်း လက်မထပ်ရသေးဘူးကွ။ လက်မထပ်ရသေးတဲ့သူတိုင်း လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိတယ် နားလည်လား"

ဒီစကားမျိုးတွေ ဘုန်းခ မပြောချင်ပါဘူး။ ကိုယ်ပဲ အရွှကြီးရာ ကျနေမှန်းသိပေမယ့် ယိမ်းကိုလည်း အဆုံးရှုံးမခံနိုင်။ ဒါကြောင့် ကိုယ်စိုက်ပျိုးတဲ့ဥယျာဉ်ထဲက ပန်းကို ကိုယ်ပဲ ခူးပါရစေ၊ ကိုယ်ပဲ နမ်းပါရစေတော့။

"ခင်ဗျားပြောတာ ဟုတ်ပါတယ်။ ဒါပေမဲ့ ... ခင်ဗျား လူကြီး





လူကောင်းပီသစွာနဲ့ ကိုယ်ချင်းစာစိတ်ကလေးတော့ ရှိသင့်တာပေါ့ဗျ။ အခု ခင်ဗျားတို့ ကစားခဲ့တာ သက်မဲ့အရုပ်မဟုတ်ဘူး။ ခံစားတတ်တဲ့ နှလုံးသားနဲ့လူဗျ"

"ကိုကြီး သွားမယ်ဆို"

ယိမ်း အတင်းဆွဲခေါ်လို့ မင်းဘုန်းခ ပါသွားတာကို ကြည့်ပြီး လမင်းရင်ထဲမှာ ယိမ်းအတွက် တည်ဆောက်လိုက်တာသည် နာကျည်းခြင်းကမ္ဘာ။

"တောက်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

ဒီရင်ခွင်ထဲကို သူပဲ တွန်းပို့ပြီး သူပဲ ပြန်ဆွဲခေါ်တယ်။ ယိမ်းက သူ့အတွက် ပေးချင်တိုင်းပေး ယူချင်တိုင်း ပြန်ယူလို့ရတဲ့ အရုပ်တစ်ရုပ်လား။ ယိမ်းလည်း သူနဲ့ပတ်သက်ပြီး သိက္ခာတွေ၊ မာနတွေကိုဖြုံပဲ ပျက်စီးကုန်ပြီ ထင်ပါရဲ့။ အချစ်က အဲဒီလို အနိုင်ယူတတ်မှန်း မသိလို့ . . .

ယိမ်း ချစ်ခဲ့မိတာပါ။

ချစ်ပြီးတော့လည်း နှလုံးသားရဲ့ခြေကျွံမှုက နုတ်လို့မရ၊ ခက်တယ် ယိမ်းရယ်။

"သမီး . . . ယိမ်း"





"ရှင်"

"ညည်းသည်တစ်ယောက်ရောက်နေတယ်။ ယိမ်းနဲ့ တွေ့ချင်လို့တဲ့။ ညေ့ခန်းထဲမှာ စောင့်နေတယ် သမီး"

"ဘယ်သူလဲဟင် . . . ကြီးကြီး"

"ပန်းဝတ်လွှာလို့ ပြောတာပဲ။ သမီးသူငယ်ချင်းထဲမှာ ဒီနာမည်ကို ကြီးကြီး တစ်ခါမှ မကြားဖူးပါဘူး"

"ရှင်"

ယိမ်း မျက်လုံးလေး ဝိုင်းသွားလေသည်။ ပန်းဝတ်လွှာဆိုပါလား။ ပန်းဝတ်လွှာက ယိမ်းနဲ့ တွေ့ချင်လို့တဲ့။ ဘာကိစ္စများပါလိမ့်။ ကိုကြီးနဲ့ ပတ်သက်ပြီး တွေ့ချင်တာလား။ သူနဲ့ကိုကြီးက ဘာလဲ။ သူကရော ကိုကြီးကို ချစ်နေတာလား။

"ယိမ်း"

"ရှင်"

"ပန်းဝတ်လွှာကို သမီး သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ် ကြီးကြီး။ ယိမ်း အခုပဲ သွားလိုက်ပါ့မယ်"

ယိမ်း ကြီးကြီးရှေ့ကနေ ခပ်သုတ်သုတ်ထွက်လာခဲ့လေသည်။ ကိုကြီးက မပဝတ်လွှာကို ဘာဘာနဲ့ကြီးကြီး မသိအောင် ဖောက်ပုံနေခဲ့တာလား။ သူနဲ့ကရော အခြေအနေက ဘယ်လိုလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက မမဝတ်လွှာကို ချစ်တယ် ဘယ်တော့မှ ဖွင့်မပြောဘူးလို့ ပြောဖူးတယ်ဆိုတော့ . . .

ကိုကြီးက . . .

ယိမ်းကို ချစ်တယ်ဆိုတာကိုရော ယိမ်း ယုံလိုက်ရမှာလား။ အခုမှ မယုံရခက် ယုံရခက်တော့ ဖြစ်နေပါပြီ။ ယိမ်း ဧည့်ခန်းထဲကို ရောက်တော့ . . .

"မမဝတ်လွှာ"

"ယိမ်း"

"ဟို . . . မမဝတ်လွှာက ယိမ်းနဲ့ တွေ့ချင်လို့ဆိုတာ"

"ဟုတ်ပါတယ် မမ၊ ယိမ်းနဲ့ တွေ့ချင်လို့လာခဲ့တာပါ၊ အေးအေးဆေးဆေး စကားပြောလို့ ရမလားမသိဘူး"

"ရပါတယ် မမ။ မမ ပြောစရာရှိတာကိုပဲ ပြောပါ"

ပြောပါဆိုတော့ ချက်ချင်းမပြောသေးဘဲ ဟိုကြည့်ဒီကြည့် နှင့်ပါ။ ပြီးမှ သက်ပြင်းလေးချပြီး . . .

"ယိမ်းကို မေးရမှာ အားတော့နာပါတယ်"

"အားမနာပါနဲ့ မမ . . . မေးစရာရှိတာကိုပဲ မေးပါ။ ယိမ်း အမှန်အတိုင်းပဲ ဖြေမှာပါ"

"ယိမ်းက . . . မမ ဘာမေးချင်တယ်ဆိုတာကို ကို ကြိုသိထားသလိုပဲနော်"





"ကြိုသိတာ မဟုတ်ပါဘူး မမ၊ ခန့်မှန်းကြည့်ရုံလောက်ပါ"

ဝတ်လွှာ ခေါင်းလေးမသိမသာညိတ်ပြီး မေးရမှာကို တကယ် အားနာနေတဲ့ပုံပါ။ ယိမ်း သူမေးတဲ့ မေးခွန်းကို တကယ် အမှန်အတိုင်း ဖြေနိုင်ပါ့မလား။ ခင်ဝါဆိုလို မိန်းမမျိုးဆိုရင် ပိုးခနဲပက်ခနဲ ပြန်ပြောရဲ့ ဝန်မလေးပေမယ့် မမဝတ်လွှာကိုကျတော့ ယိမ်း ပြောရမှာ အားနာသလိုပါ။

ကြည့်ပါဦး . . .

ယိမ်းကိုမေးဖို့တောင် သူ့ခမျာ ချက်ချင်းမမေးရဲရှာဘူး။ ယိမ်း အကဲခတ်မိသလောက် မမဝတ်လွှာက တည်ငြိမ်အေးဆေးသူလေးပါ။ ဒီလိုမိန်းကလေးမျိုးကျတော့ ယိမ်း ကိုယ်ချင်းစာစိတ်လေး ဖြစ်တည်သွားပြန်ရောပေါ့။

"မမဝတ်လွှာ"

"ဟင်"

"မမဝတ်လွှာကို ကိုကြီးနဲ့ပတ်သက်ပြီး မေးချင်တာ မဟုတ်လား။ အဲ . . . တိတိကျကျ မေးရရင် ကိုကြီးနဲ့ယိမ်းရဲ့ပတ်သက်မှု"

"ဟုတ်တယ် ယိမ်း . . . မိန်းကလေးချင်း ကိုယ်ချင်းစာစိတ်နဲ့ ယိမ်းကို မမ မမေးရက်လို့ပါ။ မမက သူများပြောတဲ့စကားကြားရုံနဲ့ လာမေးရတာဆိုတော့လေ။ မမေးပြန်ရင်လည်း မဖြစ်လို့ပါ"

ယိမ်း သဘောပေါက်ပါသည်။ မှန်တာတော့ သူ့ဘက်က



www.burmeseclassic.com

www.burmeseclassic.com



မမေးပြန်ရင် ဘာမှန်းမသိ စမ်းတဝါးဝါးနဲ့ ဆုံးဖြတ်ရခက်နေမှာပေါ့။ အကျိုးအကြောင်းကိုသိမှ ရှေ့တိုးခွင့် နောက်ဆုတ်ခွင့်ဆိုတာ ဆုံးဖြတ်လို့ ရမှာမဟုတ်လား။

"ကိုကြီးက နားလည်ရခက်တဲ့ လူတစ်ယောက်ပဲ မမဝတ်လွှာ။ ယိမ်းလည်း သူ့ကို နားမလည်နိုင်တော့ဘူး။ သူ့ကို ယုံရဖို့ဆိုတာ ခက်ခဲတဲ့ကိစ္စဖြစ်နေတယ်"

"ဒါဆိုရင် ကိုကိုနဲ့ယိမ်း တကယ်ဟုတ်တယ်ပေါ့နော်"

"ယိမ်းမဖြေခင် မမဝတ်လွှာကို မေးခွန်းတစ်ခု မေးလို့ရမလား မသိဘူး"

"ရပါတယ် ... မေးပါ ယိမ်း"

ယိမ်း မမဝတ်လွှာမျက်နှာကို ကြည့်လိုက်မိတာ တွေတွေငေးငေးပုံစံလေးနှင့်ပါ။ ယိမ်း သေချာတဲ့ဆုံးဖြတ်ချက်တစ်ခုချဖို့ လိုအပ်နေပါပြီ။

"မမကို ကိုကြီးက ချစ်တယ်လို့ ပြောဖူးလား မသိဘူး။ ဟို ယိမ်း ဒီလိုမေးလို့ မမ တစ်မျိုးမထင်ပါနဲ့နော်။ ယိမ်းက တကယ်လို အပ်လို့ မေးတာပါ"

"မမ နားလည်ပါတယ် ယိမ်း။ မမလည်း အခုလို ယိမ်းဆီလာရတဲ့အတွက် အရမ်းအားနာမိပါတယ်"

တယောက်နဲ့တစ်ယောက် အားနာနေရတာနဲ့ စကားက





လိုရင်းကို မရောက်နိုင်ပေ။

"ကိုကိုက မမကို ချစ်တယ်လို့ တစ်ခါမှ မပြောဖူးပါဘူး။ ကိုကိုက မမအပေါ်မှာ အရမ်းဂရုစိုက်ပြီး ကြင်နာခဲ့လို့ မမဘက်က တစ်ဖက်သတ်ရင်ခုန်မျှော်လင့်ခဲ့မိတာပါ"

ဪ ... သူလည်း ယိမ်းလိုပါပဲလား။ တစ်ဖက်သတ်ရင်ခုန်ခွင့်နဲ့ မျှော်လင့်နေရသူ။ ယိမ်းနဲ့မမဝတ်လွှာရဲ့ကြားမှာ ကိုကြီး စိတ်က ဘာလဲတော့မသိပေ။ မပြတ်သားနိုင်တာလား။ နှစ်ယောက်စလုံးက သူ ပျိုးခဲ့တဲ့ပန်းတွေပါ။ ယိမ်းကိုရော ချစ်တယ်လို့ ပြောပေမယ့် သေချာပါရဲ့လား။

ယိမ်းကို ပြောပြခဲ့ဖူးသည်လေ။

ဝတ်လွှာကို ငါချစ်တယ်။ ဒါပေမဲ့ ဘယ်တော့မှ ဖွင့်ပြောမှာ မဟုတ်ဘူးတဲ့။ အခု ကိုယ့်ကိုကျတော့ ချစ်တယ်လို့ ဖွင့်ပြောတယ်ဆိုတော့ ဘယ်လိုနားလည်ရမှန်းမသိတော့ပေ။

"ယိမ်း"

"ရှင်"

"ယိမ်းရော ... ကိုကို့ကိုချစ်လားဟင်။ ကိုကိုက ယိမ်းကို ကျတော့ ချစ်တယ်လို့ ပြောတယ်မဟုတ်လား"

"ဟုတ်ပါတယ် ... ကိုကြီးက ယိမ်းကို ချစ်တယ်တဲ့။ ယိမ်းဘက်က ဘာမှပြန်မပြောရသေးပါဘူး မမ။ ပြောဖြစ်မယ်လို့လည်း

www.burmeseclassic.com



ထင်ပါဘူး”

“ဟင်”

ဝတ်လွှာ ပါးစပ်ကလေး ပွင့်ဟသွားပြီး . . .

“ဘာဖြစ်လို့လဲဟင် ယိမ်း”

“တစ်နေ့ကျ အဖြေမှန်ပေါ်လာမှာပါ မမဝတ်လွှာ”

ယိမ်းက သူတစ်ပါးရဲ့နှလုံးသားကို လုယူမယ့် ဗီလိန်တစ်ယောက်တော့ မဖြစ်ချင်ပေ။ ပြီးတော့ မပြတ်သားတဲ့ ကိုကြီးရဲ့စိတ်။ မြှုံသုံးသပ်ခြင်းအားဖြင့် ယိမ်း ဒီအိမ်ကနေ ထွက်သွားမှ ဖြစ်တော့မှာပါ။

“မမဝတ်လွှာ စိတ်ချမ်းချမ်းသာသာနဲ့ ပြန်ပါနော်။ ကိုကြီးက မမဝတ်လွှာကို တကယ်ချစ်တာပါ။ ယိမ်းကိုက အစားထိုးကြည့်ရုံ သက်သက်ပဲ ဖြစ်မှာပါ”

“မဟုတ်သေးဘူး ယိမ်း”

“မမဝတ်လွှာ ပြန်ပါ”

ကြာရင် ယိမ်း ငိုမိတော့မှာမို့ ဝတ်လွှာကို နှင်ရတဲ့ သဘောပါ။

“ဒါဆို မမ ပြန်မယ်နော်”

“ဟုတ်ကဲ့”

ဝတ်လွှာ ထပြန်သွားလေတော့ ယိမ်းလည်း အပေါ်ထပ်သို့





ပြန်တက်လာခဲ့သည့်တွင် လှေကားထိပ်မှာ ကြီးကြီးနဲ့ ဆုံလေသည်။

“ယိမ်း”

“ရှင် . . . ကြီးကြီး”

“ညီသည် ပြန်သွားပြီလား”

“ဟုတ်ကဲ့ . . . ကြီးကြီး”

ဒါပဲပြောပြီး ရှေ့ဆက်လျှောက်ခဲ့တဲ့ ခြေလှမ်းတွေ မြန်မှမြန်ပါ။ ကိုယ့်အခန်းထဲကိုရောက်သည်နှင့် ယိမ်း တံခါးကို ပိတ်ပြီး အိပ်ရာထက်မှာ . . .

“အဟင့် . . . ဟင့် . . . ဒီး”

ခေါင်းအုံးပေါ်မှာ မျက်နှာအပ်ပြီး ယိမ်း ငိုကြွေးမိတော့သည်။ အချစ်ဆိုတာ . . . ယိမ်းအတွက် ပူလောင်ခြင်းသက်သက်ပါလား ကိုကြီးရယ်။ တစ်ကောင်ကြွက်မို့ အားကိုးကြီးစွာနဲ့ တွယ်မိတဲ့ သံယောဇဉ် ဒီအတိုင်းပဲ နေပါတော့လား။ အခုတော့ တစ်ဆင့်ခုန်တက်ပြီး အချစ်ကို မက်မောမိခဲ့တာ . . .

ခုတော့ . . .

နှလုံးသားက ပူပြင်းလောက်မြိုက်စွာ။ ယိမ်း ဆုံးဖြတ်ချက် ချလိုက်ပါပြီလေ။ ဒီဥယျာဉ်ထဲကနေ ယိမ်း ပျံသန်းထွက်ခွာသွားပါတော့မယ်။ ယိမ်း . . . ရင်ထဲမှာပဲ ကဗျာတစ်ပုဒ် ရွတ်နေမိတာက . . .



www.burmeseclassic.com

www.burmeseclassic.com



**တိုင်တည်သစ္စာ**

အဆင်မပြေမှုတွေနဲ့
ခဏခဏချော်လဲနေတဲ့ နှလုံးသား
နီးမလိုလိုနဲ့ ဝေးဝေးသွားခဲ့တာ
တာဝေးအပြေးသမားတစ်ယောက်ထက်
ပိုမောနေခဲ့ရပါလား။
အလွမ်းတွေ သံသရာမရှည်ချင်တော့ဘူးလို့
မေ့ပစ်ဖို့ ကြိုးစားလိုက်တိုင်း
အမှတ်တမဲ့ကနေဖြစ်တည်တဲ့ အမှတ်တရတွေ
ဒီရင်ဘတ်တံခါးကို
ဘာလို့ လာ,လာခေါက်နေတာလဲ။
သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရား . . .
ဘုရားတပည့်တော်မသည်
နှလုံးသားအလှနဲ့
သူ့အပေါ်မှာ အမုန်းတရား မမျှဝေခဲ့ပါ။
ဤသစ္စာစကား မှန်ကန်ပါက
ဘဝဆက်ဆက်
အချစ်တွင်းနက်
ဒီကွင်းဆက်မှ
ရုန်းထွက်နိုင်သောသူ
ဖြစ်ရပါလို့ အရှင်ဘုရား။

❀ ❀ ❀

## အခန်း (၃၃)

"သား"

"ဗျာ"

"မေမေ သားကို မေးစရာရှိတယ်"

"ဟုတ်ကဲ့ . . . မေးပါ မေမေ"

"သား . . . ယိမ်းကို ဆူထားသေးလား"

"မဆူပါဘူး မေမေရဲ့ . . . ဘာဖြစ်လို့လဲ"

ဒေါ်စိုးစိုးစံ ခေါင်းခါပြီး သက်ပြင်းချလိုက်မိသည်။ မနေ့က အိမ်ကို ကောင်မလေးတစ်ယောက် လာသွားပြီးကတည်းက ယိမ်း သူ့အခန်းထဲကနေ အပြင်မထွက်တော့တာ ထမင်းလည်း မစားမေး



www.burmeseclassic.com

www.burmeseclassic.com



အခုထိလည်း အပြင်ထွက်မလာသေးဘူးလေ။

"မင်းကလည်း ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်း ပြောလိုက်စမ်းပါကွာ။ သက်ပြင်းချလိုက်၊ ခေါင်းခါလိုက်နဲ့ ဘာဖြစ်နေတာလဲ"

ဇနီးဖြစ်သူ မျက်နှာမကောင်းတာမြင်ရတော့ ဦးမင်းကို မနေသာစွာ ဝင်ပြောရတော့သည်။

"မနေ့က အိမ်ကို ကောင်မလေးတစ်ယောက် လာသွားတယ်သား"

"ဟင် ... ဘယ်သူလဲ မေမေ"

"ပန်းဝတ်လွှာတဲ့"

"ဗျာ"

ပန်းဝတ်လွှာ အိမ်လာသွားတယ်ဆိုတာနှင့် ဘုန်းခ မျက်လုံးပြူးသွားရလေတော့သည်။

"ဟာ ... ဟိုကောင်သိန်းသန်းထူး တကယ်နောက်တာပဲ။ ဝတ်လွှာက ဘာတွေပြောသွားလဲ မေမေ၊ ယိမ်းနဲ့ရော တွေ့သွားသေးလား"

"ဘာတွေပြောသွားလဲဆိုတာတော့ မေမေ မသိဘူး သား။ ယိမ်းနဲ့တော့ တွေ့သွားတယ်။ အဲဒီကတည်းက ယိမ်း အခန်းထဲကနေ အပြင်မထွက်တာ အခုထိပဲ"





"ဒုက္ခပါပဲ"

ဘုန်းခ ခေါင်းကိုသာ ကုတ်လိုက်မိတော့သည်။ မင်းကို ငါ ကူညီထားခဲ့တာ စိတ်နည်းနည်းညစ်ရအောင် ပြန်လုပ်လိုက်ဦးမယ်တဲ့။ ကိုယ်က ယိမ်းကို အဆုံးရှုံးမခံနိုင်လို့ ဖွင့်ပြောလိုက်တဲ့အကြောင်း ပြောပြတာ။ တကယ်မလုပ်ဘူးလို့ ထင်ထားတာ။ အခု တကယ်လုပ်လိုက်ပြီ။

ဟူး ...

တော်တော်နောက်တဲ့ကောင်ပဲ။

"မမကြီး ... မမကြီး"

"ဟဲ့ ... မဦး ... သုတ်သီးသုတ်ပျာနဲ့ ဘာဖြစ်လာတာလဲ"

"ယိမ်း ... ယိမ်းကို မဦးသွားခေါ်တာ ယိမ်း မရှိတော့ဘူး မမကြီး"

"ဟင်"

အားလုံးတိတ်ဆိတ်စွာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီးမှ –

"အပြင်ထွက်သွားတာနေမှာပေါ့ မဦးရဲ့။ ရေချိုးခန်းအိမ်သာ"

"မဦး တစ်အိမ်လုံးရှာတာ နှံနေပြီ အစ်ကိုကြီး။ ဒီမှာ မဦး သူ့ခေါင်းအုံးအောက်က စာတစ်စောင် ရှာတွေ့လာတယ်။ ဖုန်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့တယ် အစ်ကိုကြီး"

"ဟင်"

"ဟာ"

"အွန်း"

"ဟဲ့ ... ဟဲ့"

ဒေါ်ဦး စကားအဆုံးမှာ ကမန်းကတန်း ထသွားတဲ့ ဘုန်းခ ကိုယ်ထိုင်နေတဲ့ ထိုင်ခုံခြေထောက်ကို ဝင်တိုက်မိသွားတာလေ။ သူတို့ Breakfast စားဖို့အတွက် နေရာယူထားကြတာပါ။ ယိမ်းမရောက်သေးလို့ သွားခေါ်မယ် စိတ်ကူးရုံ ရှိသေး။ ဒီလိုတွေဖြစ်လာတာလေ။

"ပေး ... အဲဒီစာ ကျွန်တော့်ကို"

ပြောရင်းပဲ ဒေါ်ဦးလက်ထဲက စာကို ဆတ်ခနဲ ဆွဲယူပြီး ဖြန့်လိုက်တာ မြန်မှမြန်ပါ။

သို့ ...

ကိုကြီး ...

ယိမ်း စာရေးခဲ့ပါတယ်။ ယိမ်းဘဝကို မြူစုမိုးထောင် မြေ တောင်မြှောက်ပေးခဲ့သော ဘဘ၊ ကြီးကြီးနဲ့ ကိုကြီးတို့ ဥယျာဉ်မှူးမိသားစုကို ယိမ်း လက်ဆယ်ဖြာထိပ်မှာမိုးလို့ ရှိခိုး ကန်တော့ခဲ့ပါတယ်။ ကိုကြီးတို့မိသားစုရဲ့ကျေးဇူးကို ယိမ်း ဘယ်တော့မှမမေ့ပါဘူး ကိုကြီးရယ်။





တစ်နေ့နေ့ ...

အဲဒီကျေးဇူးတွေကို ယိမ်း တတ်နိုင်သလောက် ပြန်ဆပ်နိုင်အောင် ကြိုးစားပါ့မယ်။ အခုလို ယိမ်း ထွက်သွားရတာ မမဝတ်လွှာကို ယိမ်း ကိုယ်ချင်းစာလို့ပါ။ သူ့ခမျာ ကိုကြီးကို တော်တော်ချစ်ရှာတာပဲလေ။

ယိမ်းကြောင့် ...

မမဝတ်လွှာရဲ့မျှော်လင့်ချက်တွေကို မပျက်စီးစေချင်ဘူး ကိုကြီး။ ကိုကြီးလည်း မမဝတ်လွှာကို ချစ်တယ်ဆိုတာ ယိမ်း သိပါတယ်။ ကိုကြီးနဲ့ မမဝတ်လွှာကြားမှာ ယိမ်းက ခလုတ်ကန်သင်း မဖြစ်စေချင်ပါဘူး။

ဒါကြောင့် ...

ကိုကြီးတို့နဲ့ ဝေးရာကို ယိမ်း ထွက်သွားပါပြီ။ ယိမ်းကို လိုက်မရှာကြပါနဲ့တော့။

မမဝတ်လွှာနဲ့ကိုကြီး ...

အချစ်ခရီးလမ်း သာယာဖြောင့်ဖြူးပါစေလို့ ဆုတောင်းရင်း ...

ကိုကြီးရဲ့ညီမလေး

ယိမ်း



www.burmeseclassic.com

www.burmeseclassic.com



စာဆုံးသွားသည်နှင့် …

"ဟာကွာ … ကျွတ်။ အဲဒါမှ ဒုက္ခပါပဲ။ ခွေးကောင်သိန်းသန်းထူး သူက နောက်တာ။ ဟိုက တကယ်ထင်ပြီး ထွက်သွားပြီ။ ဒုက္ခမှ တကယ့်အကြီးကြီးပဲ"

"စာထဲမှာ ဘာတဲ့လဲ သား"

"ယိမ်း အိမ်ကနေ ထွက်သွားတာ မေမေ"

"ဟင်"

"ဘာဖြစ်လို့တဲ့လဲ သား။ အဲဒါဆို လုပ်ပါဦးကွယ်။ မြန်မြန်လိုက်ရှာမှဖြစ်မှာပေါ့"

"ဝတ်လွှာနဲ့သားကို သူ တကယ်ထင်သွားတာ မေမေ။ အဲဒီဝတ်လွှာနဲ့ကိစ္စ နောက်မှပဲ သား အေးအေးဆေးဆေး ရှင်းပြပါ့မယ်၊ အခု အရေးကြီးတာက ယိမ်းကို ရှာတွေ့ဖို့ပဲ"

ပြောပြောဆိုဆိုနှင့်ပဲ ဘုန်းခ ဖုန်းကိုယူပြီး ဥမ္မာ့ဆီသို့ ဆက်လိုက်လေသည်။ ယိမ်း … ဥမ္မာ့ကို အသိမပေးဘဲတော့ မနေပါဘူး။ သူ့ အကူအညီတောင်းရင်လည်း ဥမ္မာနဲ့သီရိပဲ သူနဲ့ အရင်းနှီးဆုံးရှိတာ မဟုတ်လား။

"ဟယ်လို … အမိန့်ရှိပါရှင်"

"ဥမ္မာ … ငါ မင်းဘုန်းခပါ။ ယိမ်း နင့်ဆီမလာဘူးလား။ သူ အိမ်ကထွက်သွားလို့ သူ နင့်ကို မတိုင်ပင်ပဲတော့ မနေဘူးဆိုတာ





ငါ သိတယ်နော်။ အခု သူ ဘယ်မှာလဲ။ နင်တို့အိမ်မှာ မဟုတ်လား။ နင့်ကို သူ ဘာတွေပြောလဲ။ နင်တို့အိမ်မှာ ရှိတယ်မဟုတ်လား"

"ကိုကြီး … ခဏလေး။ ခဏလေး"

လားတွေနဲ့လဲတွေ အများကြီး မေးနေတာ တရစပ်ပါ။ ဥမ္မာက ခဏလေးဆိုမှ စကားကို ရပ်ပစ်လေလျှင် …

"ဖြည်းဖြည်းပြောပါ ကိုကြီးရယ် … ဥမ္မာ ဘယ်မှထွက်မပြေးပါဘူး။ ဖုန်းလည်း ချမပစ်ပါဘူး"

"ဟာ … ဒီလောက် အရေးကြီးနေတာကို ဖြည်းလို့ရမလားဟ။ မြန်မြန်ဖြေစမ်းပါ"

"ဟုတ်ကဲ့ … ယိမ်း ဥမ္မာတို့အိမ်မှာပါ။ ကိုကြီး အချိန်မီလာခေါ်။ မဟုတ်ရင် သူ အခြားထွက်သွားလိမ့်မယ်နော်"

"လာမယ် … အခုလာမှာ။ နင့်အိမ်လိပ်စာပြော"

ဥမ္မာ သူ့မအိမ်လိပ်စာကို ပြောပြလိုက်တော့၏။ ယိမ်း လာတာနဲ့တို့မှာလည်း စိုးရသေးသည်လေ။ တော်ကြာ ဒီကနေ ထွက်သွားမှ ဘယ်လိုက်ရှာရမှန်းမသိဖြစ်မှာ။ ယိမ်း ဒီကနေ ထွက်သွားရင် …

ဒုက္ခရောက်မှာစိုးလို့ပါလေ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

ယိမ်း ကျလာတဲ့မျက်ရည်ကိုသုတ်ပြီး မျက်လုံးလေး မှိတ်ခေါင်းလေးမော့၍ အသက်ကို ဝအောင်ရှူသွင်းလိုက်သည်။ မနက်ဖြန်ဆို ယိမ်း ဒီရန်ကုန်မြေကို ခွဲခွာထားရစ်ခဲ့တော့မည်လေ။ ဥမ္မာ့အကူအညီနဲ့ ယိမ်း မန္တလေးကို သွားမယ်။ ပြီးရင် ရိုးသားစွာနဲ့ ကြိုးစားရအလုပ်ကို လုပ်စားမည်လေ။

ဒါ . . . ယိမ်းရဲ့ဆုံးဖြတ်ချက်ပါပဲ။ အစာဝလို့ ဌာနပြန်တာ မဟုတ်။ ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်တည်သင့်ပြီ ထင်လို့ပါ။

"တီ . . . တီ"

". . ."





"တီ . . . တီ"

ကားဟွန်းတီးသံကြောင့် ယိမ်း ဝရန်တာမှာ ရပ်နေရာကနေ ခြံရှေ့သို့ လှမ်းကြည့်လိုက်သည့်တွင် ခြံတံခါးဖွင့်ပေးလိုက်တာနှင့် ကားက ခြံထဲသို့ ဝင်လာလေသည်။

"ဟင်"

ကိုကြီးကားပါလား။ ယိမ်း ဝရန်တာကနေ ထွက်လာခဲ့ပြီး ဘယ်ကိုပြေးရမှန်းလည်း မသိပါဘူး။ ဒီအိမ်ကို ပထမဆုံးအကြိမ်ရောက်ဖူးတာမို့ ပုန်းစရာနေရာသာ ရှာနေတယ် ဘယ်မှာပုန်းရမှန်း မသိပေ။

"ယိမ်း"

". . ."

"ယိမ်း . . . နင် အဲဒါ ဘာလုပ်နေတာလဲ။ ဟိုပြေးတော့မလို ဒီပြေးတော့မလိုနဲ့"

"စောစောက ကားဝင်လာတာ ကိုကြီး မဟုတ်လား"

မေးတော့ ဥမ္မာ ဘာမှပြန်မပြောပေ။

"ငါ သူနဲ့မတွေ့ချင်ဘူး"

"မတွေ့လို့မရဘူး ယိမ်း။ နင် ကိုကြီးနဲ့ ပြန်လိုက်သွားပါတော့နော်"

"မလိုက်ဘူး။ ငါ ပြန်မလိုက်ဘူး ဥမ္မာ။ ငါ့ဘဝ ဖြစ်ချင်ရာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သူတို့နဲ့ ဝေးရာကို ထွက်သွားမှုဖြစ်မှာ”

“ယိမ်း”

ယိမ်း ဦမ္မာ့ကို ရှောင်ကွင်းပြီး ထွက်သွားဖို့ ကြိုးစားပေမယ့် ဦမ္မာက ယိမ်းရှေ့ကနေ ပိတ်ရပ်ထားလေသည်။

“နင် ထွက်သွားရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်လိမ့်မယ်နော် ယိမ်း။ ဘာပဲဖြစ်ဖြစ် နင်ရင်ဆိုင်ပြီး ဖြေရှင်းလိုက်စမ်းပါ။ မဝတ်လွှာကိစ္စကို နင့်ဘာသာ တစ်ဖက်သတ် မဆုံးဖြတ်နဲ့လေဟာ။ ကိုကြီးဆန္ဒကို နင် မေးသင့်သေးတယ် ယိမ်း”

“ဘာမှမေးနေစရာမလိုပါဘူးဟာ။ နှစ်ယောက်ကြားမှာ စိတ်များနေတာပဲ အဖတ်တင်လိမ့်မယ်။ ငါ သွားပါရစေ၊ သွားပါရစေတော့ဟာ”

“ယိမ်း”

“ဟင်”

ဒီတစ်ခါတော့ ယိမ်း ပြေးလို့မရတော့ပေ။ နောက်ထပ် ရောက်လာတာ ကိုကြီးနဲ့ သူ့သူငယ်ချင်းပါ။

“မင်း ကိုကြီးကို တကယ်ထားခဲ့နိုင်လား ယိမ်း”

သူ့အမေးကြောင့် ယိမ်းရင်ထဲမှာ ဆို့နင့်သွားရလေသည်။ ကိုယ်က ချစ်နေရသူမို့ မထားခဲ့ချင်ပါဘူး။ ကိုယ်ချစ်တဲ့သူနဲ့ ဘယ်သူမဆို ဝေးကွာချင်ပါ့မလား။ ဒါပေမဲ့ . . . မထားခဲ့လို့မှ မရပဲလေ။





ကိုယ့်လို မိန်းကလေးတစ်ယောက်အတွက် ကိုယ်က ကိုယ်ချင်းစာစွာနှင့် အဝေးကို ပြေးထွက်သွားပေးမယ့်သူပါ။

“ပြောလေ ယိမ်း။ မင်း ကိုကြီးကို တကယ်ထားခဲ့နိုင်လားလို့”

“ထားခဲ့ရမယ့်သူရင်ထဲမှာလည်း နေလို့ မီးလို ပူနေတာပါ ကိုကြီး။ ယိမ်းက တစ်ယောက်တည်း ထွက်ခွာသွားရမယ့်သူပါ။ ကိုကြီးအတွက် မဝတ်လွှာရှိနေတာပဲ . . . ယိမ်း မလိုအပ်ဘူးလေ”

“ကိုကြီးဘဝမှာ တကယ်လိုအပ်နေတာက ယိမ်းပါ ယိမ်း။ ဝတ်လွှာက ကိုကြီးဘဝအတွက် အရေးမကြီးဘူး။ မလိုအပ်ဘူး။ ဘာဖြစ်လို့လည်းဆို ဝတ်လွှာနဲ့ ပတ်သက်သမျှ ဘာတစ်ခုမှ တကယ်မဟုတ်လို့ပဲ”

“ရှင်”

ယိမ်း မျက်လုံးလေး အဝိုင်းသားနှင့် သူ့ကို ကြည့်လိုက်မိသည်။ ဘာတွေ တကယ်မဟုတ်တာလဲ။ မနေ့ကမှ ယိမ်းဆီကို မဝတ်လွှာလာတာ လောလောလတ်လတ်၊ ပူပူနွေးနွေးပဲ ရှိသေးတာလေ။

“ဟုတ်တယ် ယိမ်း။ မနေ့က ဝတ်လွှာ နင့်ဆီကိုလာတဲ့ကိစ္စအတွက် ငါ တောင်းပန်ပါတယ်။ တကယ်တော့ ငါ ဘုန်းခကို စိတ်ကသိကအောက်ဖြစ်အောင် နောက်လိုက်တာပါ။ ဝတ်လွှာဆိုတာလည်း တကယ်တော့ သူ့နာမည်က ငြိမ်းငြိမ်းအိဖော်ပါ။ သူက ငါ့ညီမဝမ်းကွဲ။ သူ့မှာ လက်ထပ်ရမယ့်ချစ်သူ ရှိပြီးသားပါ။ ဘုန်းခ အကူအညီတောင်း



www.burmeseclassic.com

www.burmeseclassic.com



လို့သာ သူ့ခများ ကူညီရတာပါ''

''ရှင်''

မမဝတ်လွှာနာမည်က ငြိမ်းငြိမ်းအိဇော်တဲ့လား။ ဒါဆို ယိမ်းကို ဘာလို့ ညာခဲ့ကြတာလဲ။

''ငြိမ်းနဲ့ဘုန်းခက ဘာမှမပတ်သက်ကြပါဘူးဟာ တကယ်ပါ။ ဘုန်းခက နှင့်ကို ချစ်နေလျက်နဲ့ ဖွင့်မပြောချင်ဘူးလေ။ သူ့ရဲ့အချစ်စိတ်ကို နှင် ရိပ်မိသွားတော့ သူလည်း လမ်းကြောင်းလွှဲပြီး ပါးစပ်ထဲတွေ့ရာ နာမည် ကောက်ပြောလိုက်တာကနေ ဒီလိုတွေ ဖြစ်လာခဲ့တာပါ။ တကယ်တမ်း ဘုန်းခချစ်ခဲ့တဲ့မိန်းကလေးက နှင်တစ်ယောက်တည်းပါ''

ဩော် . . . လက်စသတ်တော့ ဒီလိုတဲ့လား။ ယိမ်း ဝမ်းနည်းဝမ်းသာဖြစ်လျက် မျက်ရည်တွေ ကျလာကာ . . .

''ကိုကြီး . . . ကိုကြီး သိပ်ရက်စက်တာပဲ''

''. . .''

''ယိမ်းကို ဘာလို့ အဲဒီလိုညာခဲ့တာလဲ''

''ကိုကြီး တမင်ညာချင်လို့ ညာခဲ့တာမဟုတ်ပါဘူး ယိမ်းရယ်။ ကိုကြီး ဥယျာဉ်မှူးဆိုတဲ့စိတ်နဲ့ ကဗျာလေးထဲကလိုပဲ မခူးရက် မနမ်းရက်ခဲ့တာပါ''

''ကိုကြီး အဲဒီလိုလုပ်တော့ ယိမ်း ဘယ်လောက်ခံစားရလဲဆိုတာ ကိုကြီး သိရဲ့လား''





ဥမ္မာနဲ့ သိန်းသန်းထူး ရာသီဥတုအခြေအနေကောင်းလောက်ပြီမို့ တစ်ယောက်နဲ့တစ်ယောက် မျက်စပစ်အချက်ပေးကာ သူတို့အနားမှ ထွက်သွားကြလေတော့သည်။

''နောက်ကို ယိမ်း ဘယ်တော့မှ နလိုမခံစားရတော့ပါဘူး ယိမ်းရယ် နော်။ ကိုကြီး ကတိပေးပါတယ်''

ပြောပြီး ယိမ်းကိုယ်လေးကို ပွေ့ဖက်လိုက်တော့ ယိမ်းက ရင်ခွင်ထဲမှာ ငြိမ်သက်နေလေသည်။ ရှန်းနေရအောင် အပျော်တမ်းချစ်ကြတာမှ မဟုတ်ပဲလေ။ ကိုယ် တကယ်ချစ်ရသူရဲ့ရင်ခွင်က ကိုယ့်အတွက် အနွေးထွေးဆုံးကမ္ဘာ။ ဒီကမ္ဘာအတွင်းမှာနေထိုင်ခွင့်ရတဲ့ ယိမ်းဘဝ . . . သာယာချိုမြိန်တော့မှာ ကျိန်းသေပါ။

''ယိမ်းကို ကိုကြီး အရမ်းချစ်တယ်''

''သိသားပဲ။ အဲဒီလို ပြောလာမယ့်နေ့ကို စောင့်ရတာ ဖတ်ဖတ်ကိုမောနေပြီ''

''ဟင် . . . ဟုတ်လား''

''အင်း''

''တကယ်ပါဆို''

''ဒါဆို ယိမ်းလည်း ကိုကြီးကို ချစ်နေတာ ကြာပြီပေါ့နော်''

''ချစ်တာပေါ့။ ချစ်တာမှ ဘယ်အချိန်ကတည်းက စချစ်မှန်း မသိတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဝမ်းသာလိုက်တာကွာ။ ဒီစကားကြားရတာ နားထဲမှာ အချိုမြိန်ဆုံးပဲ။ ဒီပန်းလေးကို ဖိုးခဲ့မိတာ ခု ဉယျာဉ်မှူးဖြစ်ရတဲ့ဘဝ တန်လိုက်တာ"

ပြောပြီး ယိမ်းပါးပြင်လေးကို ဖျတ်ခနဲ နမ်းလိုက်တော့ နှလုံးသားမှာ အနွေးဓာတ်တွေခလို့ အချစ်သည် ဘုန်းခနဲ့ယိမ်းအတွက် အချိုမြိန်ဆုံးသောအရာပါ။

ပရိသတ်များကို ထာဝရလေးစားလျက်
မိုးစက်ပွင့်

၂၀၁၆ နိုဝင်ဘာ
တွင် ဖတ်နိုင်ပါပြီ . . .

**မမသဒ္ဒါမောင်**

အတိတ်စာမျက်နှာထက်က အလွမ်းကဗျာ

**ကြယ်စင်မှူးဝေ**

အချစ်မှော်ဟောဝန်မှအပြန်

**မိုးစက်ပွင့်**

သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်

**အလင်းသစ်**

အချစ်သစ်ပင်မှ ကြွေတဲ့အမုန်းသစ်သီး

**လှိုင်းကြာဖြူ**

ချစ်သူတစ်ယောက် ကောက်ရထားသည်

BURMESE CLASSIC
www.burmeseclassic.com